www.burmeseclassic.com

ချစ်ဝင်း

# ဂါဇီယာသို့သဝဏ်လွှာ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – (၄၆၆/၉၃) (၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – (၈၄/၉၃) (၁၁)

မျက်နှာဖုံးပန်းချီ – ကျော်စွာ

ပုံနှိပ်မှတ်တမ်း – ပထမအကြိမ်
အုပ်ရေ (၁၀၀၀)
၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ

တန်ဖိုး – (၆၀) ကျပ်

စာအုပ်ချုပ် – ကိုမြင့်၊ (၃၄)လမ်း။

အတွင်းသားပုံနှိပ်သူ – ဦးကျော်စိုး (၀၄၂၅၀)
စိုး အော့ဖ်ဆက်၊
၇၈(ခ)၊ ပန်းဆိုးတန်းလမ်း၊
ရန်ကုန်။

မျက်နှာဖုံးပုံနှိပ်သူ – ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်း အော့ဖ်ဆက်၊
၁၇၁၊ ၃၃လမ်း၊ရန်ကုန်မြို့

ထုတ်ဝေသူ – ဒေါ်မော်မော် (၀၂၀၃၇)
ပန်းမျိုးတစ်ရာစာပေ
တိုက် ၂၃၃၊ အခန်း ၁၄၊
၆– ရပ်ကွက်၊ တိုက်လေးလုံး၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

စာရေးဆရာ ချစ်စံဝင်း၏ ၃၃ အုပ်မြောက် စာအုပ်

# ဂါဇီယာသို့ သဝဏ်လွှာ

## ချစ်စံဝင်း

www.burmeseclassic.com

www.burmeseclassic.com

# မာ တိ ကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | စာတစ်စောင်နှင့် လူတစ်ယောက် | ၁၇ |
| ၂ | အမြီးရောင်သမား မောင်ရက်ဆား | ၂၉ |
| ၃ | ဂါစီယာသို့ သဝဏ်လွှာ | ၄၁ |
| ၄ | ဆိုက်ကားဆရာ ကိုညွန့် | ၅၃ |
| ၅ | အဝယ်တော်ကြီး ဦးညွန့် | ၆၇ |
| ၆ | ဟာရီးရုပ်ဆယ်နှင့် ဘဝ သတ္တိ | ၇၉ |
| ၇ | ကိုမျိုးသိန်း သို့မဟုတ် လူငယ် အောင်သစ္စာ | ၉၃ |
| ၈ | ဆပ်ပြာနမူနာ ရောင်းသမား ဟားဗတ် | ၁၀၉ |
| ၉ | ငါ့ကိုလည်း ထိုပဲ ပို့လိုက်ပါ | ၁၂၁ |
| ၁၀ | မြင်စိုင်းသား | ၁၃၉ |
| ၁၁ | ဝီရိယ စွမ်းအားသည် အရာရာကို ပြီးမြောက်စေ၏ | ၁၅၃ |
| ၁၂ | အောင်ပန်း ဟူသည် လူတိုင်း ပန်ခွင့်ရှိသောပန်း | ၁၆၃ |
| ၁၃ | ဟယ်လင်ကဲလား | ၁၇၅ |
| ၁၄ | ဈေးကုန်းကျောင်း၏ ဝီရိယ စွမ်းပကား | ၁၈၉ |
| ၁၅ | လူသားတို့၏ ဝီရိယ သမိုင်း | ၁၉၉ |


www.burmeseclassic.com

www.burmeseclassic.com

ဆရာချစ်စံဝင်းသည် ၁၉၈၆ ခုနှစ် နှင့် ၁၉၉၀
ပြည့် နှစ်များတွင် ရှုဘာသာ အခြေခံဖြင့်
ရေးသားသော ဤခရီးနှီးသလား နှင့်
ဆန့်ကျင်သည့်အဘိုးကို တချုပ်တို့ဖြင့် အမျိုးသား
စာပေဆု နှစ်ကြိမ် ရရှိခဲ့ပါသည်။

ကွန်ပျူတာ စာစီ
ပန်းမျိုးတစ်ရာ ကွန်ပျူတာ စာစီလုပ်ငန်း
၂၃၃/၁၄- ၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၁၇၉၅။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံ၊ လူမျိုး၊ ဘာသာနှင့် သာသနာအတွက်

- အဖိုးတန်လှသော ကျောက်မျက်ရတနာများ ထွက်ပေါ်တတ်ပါသည်။ သို့ရာတွင် တစ်ခါတစ်ရံမျှသာဖြစ်၏။

- နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုသည့်စိတ်ကို ချမ်းမြေ့စေသော စာရေးဆရာများလည်း ထွက်ပေါ်တတ်ပါသည်။ သို့သော် အမြဲမဟုတ်ပါ။

ချစ်စံဝင်းဆိုသော ကလောင်သည်ကား နိုင်ငံ၊ လူမျိုး၊ ဘာသာ၊ သာသနာအတွက် ပေါ်ထွက်နေသည်ဟု ကျွန်ုပ်ယူဆပါသည်။

ဗိုလ်မှူးကြီး အုန်းကြည် (အငြိမ်းစား)
စာရေးဆရာ အိမ်မဲ့ဒေါင်းပြာ
(အမျိုးသား စာပေဆုရ)

## မျက်စိကောင်းကောင်းနဲ့ဖတ်ချင်

ချစ်စံဝင်းရဲ့စာများ အင်နဲ့အားနဲ့ပေါ်ထွက်နေချိန်မှာ အသက်အရွယ်ရလာပြီး ကျွန်တော့်မျက်စိတွေ အားနည်းနေပြီဖြစ်လို့ စိတ်မကောင်းဖြစ်ရပါတယ်။ ဆရာရဲ့ စာတွေကို ကျွန်တော်မျက်စိကောင်းကောင်းနဲ့ ဖတ်ချင်ပါတယ်။

ဦးအုန်းဖေ (ပခုက္ကူ စာပေဆုရှင်)

## အစားရတဲ့ကလောင်

ချစ်စံဝင်းဆိုတဲ့ကလောင်ဟာ မြင်တဲ့အရာ၊ ရောက်တဲ့ခရီးကို စာဖြစ်အောင်ရေးလို့ရတဲ့ ကလောင်ပါပဲ။ ဦးသိန်းဖေမြင့်နဲ့ ဆရာကြီးပီမိုးနင်းတို့ရဲ့ကလောင်များကို ကျွန်တော်တို့ အစားပြန်ရခဲ့တယ်လို့ ထင်မိပါတယ်။

မောင်နှင်းဆွေ

www.burmeseclassic.com

www.burmeseclassic.com

## ဆရာချစ်စံဝင်း ပြုစုခဲ့သောစာအုပ်များ

၁။ **ပါတာဗေဒ နိဒါန်း**

ပထမအကြိမ် - ၁၉၆၇၊

၂။ **အမေနှင့် အမေ့အကြောင်း**

ပထမအကြိမ် - ၁၉၇၇၊ ဒုတိယအကြိမ် - ၁၉၈၀

တတိယအကြိမ် - ၁၉၈၁၊ စတုတ္ထအကြိမ် - ၁၉၈၈

ပဉ္စမအကြိမ် - ၁၉၉၀၊ ဆဋ္ဌမအကြိမ် - ၁၉၉၂

သတ္တမအကြိမ် - ၁၉၉၃၊

၃။ **ပြည်သူ့ရင်သွေး**

(လူမှုဝန်ထမ်းလုပ်ငန်း)

ပထမအကြိမ် - ၁၉၇၉၊

၄။ **အမေ့ရင်သွေး**

(ကလေးကျန်းမာရေး)

ပထမအကြိမ် - ၁၉၈၀

၅။ **နိုင်ငံသစ်နိဒါန်း**

(၁၉၇၄-ခုနှစ်၊ အခြေခံဥပဒေရေးဆွဲခြင်း)

ပထမအကြိမ် - ၁၉၈၀၊

၆။ **မိုးထက်မြင့်သည့်စိတ်ထားများ**

ပထမအကြိမ် - ၁၉၇၉၊ ဒုတိယအကြိမ် - ၁၉၈၀

www.burmeseclassic.com

www.burmeseclassic.com

၇။ မြတ်လယ်တီ

ပထမအကြိမ် - ၁၉၈၆၊ ဒုတိယအကြိမ် - ၁၉၉၃

၈။ ဤခရီးနီးသလား

ပထမအကြိမ် - ၁၉၈၆၊ ဒုတိယအကြိမ် - ၁၉၇၈

တတိယအကြိမ် - ၁၉၈၈၊ စတုတ္ထအကြိမ် - ၁၉၈၉

ပဥ္စမအကြိမ် - ၁၉၉၀၊ ဆဋ္ဌမအကြိမ် - ၁၉၉၁

သတ္တမအကြိမ် - ၁၉၉၃၊

၉။ မြတ်ပညာနှင့် သားထံပေးစာများ

ပထမအကြိမ် - ၁၉၇၈၊ ဒုတိယအကြိမ် - ၁၉၈၉

၁၀။ ဂျပန်လူငယ်တစ်ယောက်အကြောင်း

ပထမအကြိမ် - ၁၉၈၉၊ ဒုတိယအကြိမ် - ၁၉၉၀

တတိယအကြိမ် - ၁၉၉၀၊ စတုတ္ထအကြိမ် - ၁၉၉၁

ပဥ္စမအကြိမ် - ၁၉၉၃၊

၁၁။ မြန်မာ့ရုပ်သေးသဘင်

ပထမအကြိမ် - ၁၉၈၉၊

၁၂။ မြန်မာလူငယ်တစ်ယောက်အကြောင်း

ပထမအကြိမ် - ၁၉၉၀၊

၁၃။ ယသော်ဓရာ့အလွမ်း

ပထမအကြိမ် - ၁၉၉၀၊ ဒုတိယအကြိမ် - ၁၉၉၁

တတိယအကြိမ် - ၁၉၉၃၊

၁၄။ ဆန့်ဖွပ်သည့် အဘိုးအို

ပထမအကြိမ် - ၁၉၉၀၊ ဒုတိယအကြိမ် - ၁၉၉၁

တတိယအကြိမ် - ၁၉၉၃၊

၁၅။ မြန်မာသူကြွယ်တစ်ယောက်အကြောင်း

ပထမအကြိမ် - ၁၉၉၁၊

၁၆။ ဇာန်ကောက် (၁)

ပထမအကြိမ် - ၁၉၉၁၊

၁၇။ အနုပညာမဲ့သောနေ့

(အေအိုင်ဒီအက်စ်ရောဂါ)

ပထမအကြိမ် - ၁၉၉၁၊

၁၈။ တူနစ်ကိုယ်ချစ်

ပထမအကြိမ် - ၁၉၉၁၊ ဒုတိယအကြိမ် - ၁၉၉၃

၁၉။ ဇာန်ကောက် (၂)

ပထမအကြိမ် - ၁၉၉၁၊ ဒုတိယအကြိမ် - ၁၉၉၃

၂၀။ သာသနာ့စက်ခြည်လင်းစေဖို့

ပထမအကြိမ် - ၁၉၉၁၊

၂၁။ ခေါင်းဖတ်စာပုံပြင်များ(ပထမတွဲ)

ပထမအကြိမ် - ၁၉၉၂၊

၂၂။ အံ့မှုယ်လူသား ကိုဂီသား

ပထမအကြိမ် - ၁၉၉၂၊

www.burmeseclassic.com

www.burmeseclassic.com

၂၃။ ဒေါင်းဖတ်စာပုံပြင်များ(ဒုတိယတွဲ)

ပထမအကြိမ် - ၁၉၉၂၊

၂၄။ စင်ကာပူ (သို့မဟုတ်) အရှေ့များကခြသော်မြို့

ပထမအကြိမ် - ၁၉၉၂၊ ဒုတိယအကြိမ် - ၁၉၉[illegible]

၂၅။ အမေ့ခြေရာ

ပထမအကြိမ် - ၁၉၉၂၊ ဒုတိယအကြိမ် - ၁၉၉[illegible]

တတိယအကြိမ် - ၁၉၉၃၊

၂၆။ စိတ်ကောင်းရှိဖို့ပထမ

ပထမအကြိမ် - ၁၉၉၂၊ ဒုတိယအကြိမ် - ၁၉၉[illegible]

၂၇။ ဈေးကွက်စီးပွားရေးနှင့် မြန်မာလူငယ်

ပထမအကြိမ် - ၁၉၉၃၊

၂၈။ ခုတင်နံပါတ်-၅

ပထမအကြိမ် - ၁၉၉၃၊

၂၉။ ထိုင်း (သို့) အရှေ့များကပဋမကျား

ပထမအကြိမ် - ၁၉၉၃၊

၃၀။ ထိုင်းနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ

ပထမအကြိမ် - ၁၉၉၃၊

၃၁။ ဗန်ကောက်မှ မလေးကိုဖြတ်၍ စင်ကာပူသို့

ပထမအကြိမ် - ၁၉၉၃၊

၃၂။ ပီနန်ဆရာတော်နှင့် ပီနန်ကျောင်း

(လုံ့လဝီရိယလိုအပ်ကြောင်း)

ပထမအကြိမ် - ၁၉၉၃၊

၃၃။ ဂါဇီယာသို့ သဝဏ်လွှာ

ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

၃၄။ ကမ္ဘာ့သာသနာပြုဆရာတော် ဦးပညာဝံသ

(ထေရဝါဒ ကမ္ဘာ့သာသနာပြု မှတ်တမ်း)

၃၅။ ပူနွေးဆူဝေ ကမ္ဘာမြေ

(ကမ္ဘာမြေကြီး ပူနွေးလာခြင်း)

၃၆။ ရှက်ပြုံး

(ဟီရိနှင့်ဩတ္တပ္ပ တရားနှစ်ပါး အကြောင်း)

၃၇။ ထားရှိရမည့် သဘောထား

(ထိပ်တန်းသို့ တက်လိုသောစာစဉ် - ၁)

www.burmeseclassic.com

# အခန်း – ၁

## စာတစ်စောင်နှင့် လူတစ်ယောက်

နယ်မှရောက်ရှိလာသော စာများကို ကျွန်တော်သည် အထူးဂရုစိုက်၍ ဖတ်ပါ၏။ နိုင်ငံခြားသို့ ရောက်ရှိနေချိန်တွင်ပင် ကျွန်တော့်ထံသို့ ယင်းစာများအား အမြန်ဆုံးပို့ပေးရန် ကျွန်တော်သည် အလေးထားဂရုပြု၍ စီစဉ်ထားပါ၏။

ကျွန်တော့်ထံ ရေးသားသောစာများသည် နယ်အသီးသီးမှ ဖြစ်သကဲ့သို့ စာဖတ်ပရိသတ်မျိုးစုံထံမှလည်း ဖြစ်သည်။ အရေးအသားမျိုးစုံ၊ ဆန္ဒမျိုးစုံလည်းပါရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစာများအနက်အချို့ကို ကျွန်တော်သည် ချက်ချင်း စာပြန်ဖြစ်သော်လည်း အချို့စာများကိုတော့ မပြန်ဖြစ်ပါ။ အချို့စာများကတော့ စာအုပ်တောင်းခြင်း၊ အလှူခံခြင်းဖြစ်၍ တတ်နိုင်သမျှ စာအုပ်များပို့ပေးခြင်းဖြင့် ပြီးတတ်သော်လည်း အချို့သောစာများမှာ ဘယ်လို စာ ပြန်ရမည်ကိုမသိသော စာများလည်း ပါ၏။ အချို့စာများသည်ကား လျှောက်လွှာစာရွက်ဖြင့် အရွက် ၂၀ မှ ၃၀ အထိရေးသားပေးပို့ကြ၍ မနည်းအချိန်ယူ၍ ဖတ်ရသည်။ ထိုအရွက် ၂၀ မှ ၃၀ ရှိသောစာမျက်နှာများတွင် ဘာဆိုလိုသည်ကိုလည်း မနည်းရှာရ၏။

ကျွန်တော့်ထံသို့ စာများရောက်ရှိလာသလို နယ်နှင့် ရန်ကုန်မြို့ပေါ်မှ လူပုဂ္ဂိုလ်များလည်း ရောက်ရှိတတ်ပါ၏။ ထိုပုဂ္ဂိုလ်များအားလည်း ကျွန်တော်သည် အချိန်ပေး၍ အလေးထားတွေ့ဆုံရပါ၏။

နယ်မှလာသူများထဲတွင် တကူးတက လာရောက်တွေ့ဆုံရန်သက်သက်လာသူများရှိသလို မိမိတို့ကိစ္စနှင့် လာရောက်ရင်းဝင်တွေ့သူများလည်းပါ၏။ စာဖတ်ပရိသတ်နှင့် စကားပြောရခြင်းသည် ကျွန်တော့်အတွက်လည်း အခွင့်ကောင်းတစ်ရပ်ဖြစ်ပါ၏။



အငြိမ်းစားတိုင်းမင်းကြီး ဦးတင်ဦး၊ ဘောက်ထော်မှ အဘွားဒေါ်မြကြည်၊ ကျိုင်းတုံဒေသမှ ကော်မတီဝင် ဦးငွေစိုး၊ ပဲခူးမှ ဦးတင်လှအစရှိသော ကျွန်တော့်မိတ်ဆွေများမှာ အကြောင်းရှိရှိမရှိရှိ ဝင်လာတတ်သူများ ဖြစ်၏။ အငြိမ်းစား တိုင်းမင်းကြီးအနံကယ် ဦးတင်ဦးသည် ကျန်းမာရေးကောင်းမွန်သူဖြစ်၍ ကျွန်တော့်အိမ်ပေါ်သို့အထိ တန်းတန်းမတ်မတ်ကြီး တက်လာတတ်သော်လည်း အဘွားဒေါ်မြကြည်ကိုမူ သူစီးလာသောကားပေါ်သို့ သွားရောက်တွေ့ဆုံရ၏။

ကျွန်တော့်အိမ်က လေးထပ်တိုက် အပေါ်ဆုံးထပ်တွင်ဖြစ်သည်။ လှေကား ၄၂-ထစ် ရှိ၏။ ကျွန်တော့်ဇနီးသည်ပင်လျှင်တတိယထပ်အထိသာ တက်နိုင်၍ အပေါ်ထပ်တစ်ထပ်ကို မွေ့ထင်ရသည်ကများ၏။

အဘွားဒေါ်မြကြည်က ဘယ်စာအုပ်ကို ဖတ်ပြီးပြီ၊ အဲဒီစာအုပ်အပေါ် မိမိ ဘယ်လိုသဘောထားသည်။ ဘယ်အပိုဒ်ကိုကြိုက်သည်၊ ဘယ်အပိုဒ်တော့မကြိုက်၊ ဘယ်စာအုပ်ကို ဘယ်မြေးသို့ ဖတ်ခိုင်းထားသည် စသည်ဖြင့် ပြောပါ၏။ ယခုတလောအနံကယ်ဦးတင်ဦးလည်း ရောက်မလာသည်မှာ ကြာပြီဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ပြည်ပသာသနာပြုလုပ်ငန်းအကြောင်း စာတွေ ရေးဖြစ်တော့ စာသင်သား ရဟန်းပျိုအများအပြားလည်း ကြွ ရောက်လာကြ၏။ ရဟန်းပျိုများတွင် စာဖတ်အားကောင်းသော ဆရာတော်များလည်းပါ၏။ စာဖတ်ရန်အချိန်လည်း ရကြသည်။ စေ့စေ့စပ်စပ်လည်းဖတ်ကြ၏။ ထိုအထဲတွင် အနာဂတ်သာသနာ တော်အတွက် အတွေးသစ် အမြင်သစ်ဖြင့် အားကိုးလောက်သော ရဟန်းတော်များကိုလည်း ဖူးတွေ့ရပါ၏။

ယနေ့တော့ ကျွန်တော်သည် စာတစ်စောင်ကို မည်သို့ မည်ပုံပြန်ရမည်ကိုစဉ်းစားနေစဉ် လူတစ်ယောက်သည် ကျွန်တော့ ထံသို့ ရောက်ရှိလာပါ၏။ ရောက်ရှိလာသော လူတစ်ယောက်က မန္တလေးမြို့ မြောက်ပြင်မှဖြစ်၏။ စာတစ်စောင်ကတော့ လူငယ် တစ်ဦးထံမှဖြစ်၏။ ထိုစာရောက်သောနေ့တွင်ပင် ထိုလူသည်လည်း ရောက်ရှိလာ၏။ စာမှာ အတော်ကြီးရှည်သည်။ ထိုလူငယ်က မိမိ ဘဝကိုရှင်းပြ၏။ မိမိသည် ကျေးလက်တောရွာတစ်ရွာတွင် မွေး ဖွားခဲ့သူဖြစ်သည်။ မိမိဘဝတိုးတက်ရေးအတွက် အမြဲအားငယ်နေ ရသည်။ ငွေကြေးလည်းလုံလောက်စွာမရှိဘဲ ကြီးပွားတိုးတက်ရေး အတွက် ဝီရိယနှင့် လက်တွေ့အကောင်အထည်ဖော်မှုသည် မည်မျှ အရေးကြီးသည်ကို သိလိုပါသည်။ လူတိုင်းထိပ်တန်းသို့ ရောက် နိုင်သည်ဟု ဆရာ မကြာခဏရေးနေခြင်းသည် လူငယ်တွေ စိတ်



ဓာတ်တက်အောင် အားပေးနေတာလား။ တကယ့်အမှန်တရားလား ဆိုသည့်အချက်ကို သိလိုသည်။ ဘယ်သူတွေဟာ ဝီရိယအားထုတ် မှုကြောင့် ဘယ်လိုတိုးတက်ကြသည်ကို သိလိုပါသည်။ မြန်မာ လူငယ်တစ်ယောက်အကြောင်း စာအုပ်ကို ဖတ်ရှုရ၍ အားရှိသော် လည်း လက်တွေ့တွင် ဘာကိစ္စကို စတင်ဆောင်ရွက်ရမည်ကို မသိဘဲ ဖြစ်နေပါသည် ဟူသောအချက်များပါဝင်ပါ၏။

နောက်ဆုံးတစ်ခု သိလိုသည်မှာ ကြီးပွားချမ်းသာရေးကို မှတ်ကူးယူ၍ ရပါသလား။ ဥပမာ မြန်မာလူငယ်တစ်ယောက် အကြောင်း စာအုပ်တွင် ၄၁ လမ်းမှ ဦးထွန်းစိန်အကြောင်းကို ဖော်ပြခဲ့ပါသည်။ ဦးထွန်းစိန်ကိုယ်တိုင်က မိမိတို့မိသားစုသည် ထမင်းနပ်မှန်အောင် ချက်မစားနိုင်သည့် ဘဝမှ ဂျပန်လူငယ် တစ်ယောက်အကြောင်းစာအုပ်ကို ဖတ်ရှုကာ ငွေ ၁၀ ကျပ်ကို ရင်းနှီး၍ ကြိုးစားခဲ့ရာ ငါးလအတွင်းကိုယ်ပိုင်လုပ်ငန်းတစ်ခုကို ထူ ထောင်နိုင်ခဲ့ပြီး ကျပ်ငွေတစ်သောင်းခန့်ကိုလည်း လက်ဝယ်ထားရှိ ပိုင်ဆိုင်နေသည်ဟု ဆိုပါသည်။ ငွေတစ်ဆယ်ကျပ်နှင့် ဦးထွန်းစိန် သည် မည်သို့လုပ်ငန်းတစ်ခုကို ထူထောင်နိုင်ခဲ့သည်ကို ထိုသူ့အား မေး၍ သူလုပ်သည့်အတိုင်း သူကငါးရောင်းလျှင် ကျွန်တော်လည်း ငါးရောင်း၍၊ သူ့ရေသမားကကျွန်တော်လည်းထမ်းမည်။ သူ့အတိုင်း လိုက်လုပ်လျှင် ငါးလအတွင်း ကျွန်တော်ရော သူ့လိုလုပ်ငန်းတစ်ခုထူ

www.burmeseclassic.com

www.burmeseclassic.com



တောင်နိုင်သူဖြစ်နိုင်ပါမလား။ ကျွန်တော့်လက်ဝယ်၌ကျပ်ငွေ ၅၀၀ ကျော်ရှိပါသည်။ ဦးထွန်းစိန်ကဲ့သို့ ဦးထွန်းစိန်နှင့်တူအောင် ပုံတူ လိုက်လုပ်ကြည့်လိုပါသည်။ ဦးထွန်းစိန်လို ဖြစ်မည်ဟု ထင်ပါ သလား၊ ဖြစ်မည်ဟုထင်ပါက ဦးထွန်းစိန်၏ လုပ်နည်းကို ကျွန်တော့်ထံသို့ ပို့ပါဟု ဆိုပါ၏။

ယနေ့တော့ ညည်းသည်လည်းနည်း၍ ထိုလူငယ်၏စာကို အစမှအဆုံးဖတ်မိရုံသာမက သူ့မေးခွန်းများအတွက်လည်း တွေးနေ မိ၏။ အောင်မြင်မှုတစ်ခုအတွက် ပုံတူကူးချ၍ ရမရ ဆိုသော အချက်ကိုလည်း စဉ်းစားနေမိသည်။ သိပ္ပံပညာကတော့ ပုံတူကူး၍ ရသည်။ သိပ္ပံပညာဖြင့် ဓာတ်ပုံတစ်ပုံရှိပါက ပုံတူရာပေါင်းများစွာ ကူးနိုင်သည်။ အလားတူခဲတံ၊ ရေဒီယို၊ ကက်ဆက်စသည့် လူ့ အသုံးအဆောင် ပစ္စည်းများစွာကို တစ်ပုံစံတည်း အမြောက်အမြား ထုတ်ယူ၍ရသည်။ ဖိယက်ကားဆင်တူအစင်းပေါင်း လိုသလောက် ထုတ်ယူ၍ ရသလို ပုံစံတူရေဒီယို၊ ကက်ဆက်၊ ကွန်ပျူတာ လျှပ်စစ်ပစ္စည်း၊ ပလတ်စတစ်ပစ္စည်းများစွာ ထုတ်ယူ၍ရပါ၏။ ထို့ကြောင့် သိပ္ပံပစ္စည်းများသည် ပုံစံတူပစ္စည်းများ ထုတ်ယူ၍ ရပါ၏။ ဗိုက်တာမင်ဆေးပြား မြောက်မြားစွာ ထုတ်ယူ၍ ရနိုင် သကဲ့သို့ ဆင်တူအင်္ကျီများ၊ သဘော်များ၊ လေယာဉ်ပျံများကို လည်းထုတ်လုပ်နိုင်ပါသည်။



သို့သော် အနုပညာရပ်တွင် ပုံတူကူးချ၍မရပါ။ ဈေးတန်း တစ်ခု၏မြင်ကွင်းကို ပန်းချီရေးဆွဲရာတွင် တစ်ဦးရေးဆွဲသောကား နှင့် တစ်ဦးရေးဆွဲသောကားမတူပါ။ ပန်းချီဆရာတစ်ဦးတည်းက ယနေ့ရေးဆွဲသော "ဈေး" ဟူသောကားနှင့် နောက်တစ်လကြာမှ ရေးဆွဲသော "ဈေး" ဟူသောကားသည်လည်း မတူနိုင်ပါ။ စာရေးဆရာတစ်ဦးရေးသော ဝတ္ထုတစ်ခုနှင့် ကဗျာဆရာတစ်ဦး ရေးသော ကဗျာတစ်ပုဒ်၊ အခြားသူတစ်ဦးက ထပ်တူထပ်မျှတူ အောင် လိုက်၍မရနိုင်ပါ။

စာရေးဆရာတစ်ဦးရေးသော ဝတ္ထုတစ်ပုဒ်ကို အခြားသူ တစ်ဦးက မည်သို့မျှထပ်တူပြု၍ ရေးမရနိုင်ပါ။ အခြားသူတစ်ဦး ရေးပါက ပိုကောင်းချင်လည်းကောင်းမည်။ ညံ့လျှင်လည်းညံ့မည်။ ထပ်တူထပ်မျှတော့ ဘယ်တော့မှ မရနိုင်ပါ။ ဤသည်မှာ သိပ္ပံ ပညာနှင့် ဝိဇ္ဇာဘာသာရပ် နှစ်ခု၏ ကွာခြားမှုတစ်ရပ်ဖြစ်ပါ၏။ အနုပညာပစ္စည်းများကို တစ်ဦးတည်းကသာ ပြုလုပ်နိုင်ကြ၍ သိပ္ပံ ပညာပစ္စည်းများကို နည်းစနစ်သိပါက အများကဝိုင်းလုပ်နိုင်ကြ၏။ စာအုပ်တစ်အုပ်ကို အနုပညာရှင်ဖန်တီးသူက ရေး၏။ သို့သော် ထိုစာအုပ်ကို မိတ္တူတစ်သောင်းတစ်သိန်း ပွားများရန်အတွက်ကား သိပ္ပံပညာစက်ကိရိယာတို့ဖြင့်ပြုလုပ်၍ရ၏။ ဘဝတက်လမ်းရှာသော ကိစ္စသည် သိပ္ပံနည်းများကို သုံးရသလို ဝိဇ္ဇာနည်းများကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



သုံးရ၏။ ထို့ကြောင့် အတူပြုလုပ်၍ မရဟူ၍မပြောနိုင်သလို ရမည်ဟူ၍လည်း မပြောနိုင်ပါ။

သိပ္ပံနှင့်ဆိုင်သောပဟေဠိများကို နည်းစနစ်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့်ပြုလုပ်ရ၏။ အနုပညာပဟေဠိများကို ဝိဏ်ကျူးစိတ်သန်းဖြင့်ခံစားပြုလုပ်ရ၏။ စိတ်ဆန္ဒပါဝင်သောကိစ္စများတွင် စေတနာ၊ မေတ္တာတရားတို့သည် အရေးကြီးလှ၏။ စိတ်နှင့်ပတ်သက်လာပါက စိတ်ဓာတ်ကြံ့ခိုင်မှု၊ အားထုတ်ကြိုးစည်မှု၊ လုံ့လ ဝီရိယ အရေးကြီးသည်။

ကျွန်တော်တို့ငယ်စဉ်က ဖတ်ရှုရသော ဒေါင်းဖတ်စာ ပုံပြင်ထဲတွင် သစ်ခုတ်သမားနှစ်ယောက်ရှိ၏။ ပထမသစ်ခုတ်သမား က သစ်ခုတ်သွားရင်း မိမိ၏ သံပုဆိန်ရေထဲသို့ကျကာ ဖြင်ကမ်းတွင် ငိုကြွေးနေ၍ မြစ်စောင့်နတ်က သစ်ခုတ်သမားအား ဘာကြောင့် ငိုကြွေးနေတာလဲ ဟုမေး၏။ သစ်ခုတ်သမားက မိမိပုဆိန် ရေထဲကျသွားသောကြောင့် ငိုရပါသည်ဟုဆိုလျှင် မြစ်စောင့်နတ်သည် ရေထဲသို့ငုပ်၍ ရွှေပုဆိန်ယူလာကာ ဒါသင့်ပုဆိန်လားဟုမေး၏။ သစ်ခုတ်သမားက မဟုတ်ပါဟုဖြေသည်။ မြစ်စောင့်နတ်သည် မြစ်တွင်းသို့ဆင်းပြန်ကာ ငွေပုဆိန်ကို ယူလာ၍ ဒါသင့်ဟာလား ဟုမေး၏။ ရိုးသားသောသစ်ခုတ်သမားက မဟုတ်ပါဆို၏။



မြစ်စောင့်နတ်သည် မြစ်ထဲသို့ ငုပ်ပြန်ကာ သံပုဆိန်ကို ယူလာ၍ ဒါသင့်ပုဆိန်လားဟုမေးလေလျှင် မှန်ပါသည်၊ ဤပုဆိန်သည် ကျွန်ုပ်၏ပုဆိန်ဖြစ်ပါသည်ဟုဆိုလေလျှင် မြစ်စောင့်နတ်က သစ်ခုတ်သမားသည် ရိုးသားသောစကားကိုဆို၏ဟုဆိုကာ သံပုဆိန်ကိုသာမက ရွှေပုဆိန်၊ ငွေပုဆိန်နှင့် သံပုဆိန်တို့ကိုပါပေးလိုက်၏။

ထိုအကြောင်းကို သိရသော အခြားသစ်ခုတ်သမားတစ်ဦးသည် ပုံတူပြုလုပ်၍ သစ်ခုတ်ဟန်ဆောင်ရင်း မိမိပုဆိန်ကို မြစ်ထဲသို့ပစ်ချကာ မြစ်ကမ်းတွင်ငိုကြွေးနေ၏။ ထိုအခါ မြစ်စောင့်နတ်သည် ပေါ်လာပြီး ဘာကြောင့် ငိုကြွေးနေတာလဲဟု မေး၏။ ဟန်ဆောင်သောရွာသားက မိမိပုဆိန်ရေထဲကျသွား၍ ငိုရပါသည်ဟုဆိုလျှင် မြစ်စောင့်နတ်လည်း ရေတွင်ငုပ်ကာ ရွှေပုဆိန်ကိုယူ၍ပြန်ပေါ်လာ၏။ ရွှေပုဆိန်ကိုပြ၍ ဤပုဆိန် သင့်ပုဆိန်လားဟု မေးလေလျှင် သစ်ခုတ်သမားသည် ရွှေပုဆိန်ကိုတွေ့ရှိမှုနှင့်ပင် လောဘရမ္မက်ကို မတားနိုင်ဘဲ ဟုတ်ပါသည်ဟုဆိုလေလျှင် မြစ်စောင့်နတ်သည် ဤသူသည်ရိုးသားမှုမရှိ၊ ရွှေပုဆိန်ကိုကိုင်လျက် ကွယ်ပျောက်သွားလေရာ ထိုမရိုးသားသော သစ်ခုတ်သမားသည် ရွှေပုဆိန်မရရုံသာမက သံပုဆိန်ပါဆုံးရှုံးခဲ့ရပါ၏။ ထို့ကြောင့် အတူ

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ရာတွင် လုပ်နည်းလုပ်ဟန်၊ စိတ်စေတနာ၊ အားထုတ်မှုသည် အရေးကြီးလှ၏။

အတုလိုက်လုပ်၍ မရ၊ အတုလိုက်လုပ်၍ မသင့်ဟုကား မဆိုလို။ သို့သော် မတုလျှင်မတုနှင့် ဟူသောစကားလည်းရှိ၏။ အတုလိုက်လုပ်ပါက သူ့လိုဝီရိယမျိုး၊ သူ့လိုစေတနာမျိုးရှိလား။ ရှိလျှင်သူ့လို ဖြစ်နိုင်၏။ သူ့ထက် ဝီရိယ၊ စိတ်စေတနာပိုလား။ ပိုလျှင်သူ့ထက် ချမ်းသာနိုင်၏။ သူ့လောက်မှ ဝီရိယ၊ စေတနာ မရှိသော် ငွေရင်း ၅၀၀ ကျပ်မဟုတ်ဘဲ ငါးသိန်း၊ ငါးသောင်း ရှိလည်း သူ့လိုအောင်မြင်မှု ရမည်မဟုတ်ဘဲ ရင်းနှီးသောငါးသိန်း၊ ငါးသောင်းသည် မရှိးသားသော သစ်ခုတ်သမား မိမိသံပုဆိန်ပါဆုံး သကဲ့သို့ ဆုံးပါးနိုင်သောကိန်းရှိ၏။

လုပ်ငန်းအောင်မြင်မှုတွင် အတုပြုလုပ်ခြင်းထက် ထားရှိသော စိတ်ဓာတ်စွမ်းပကားနှင့် ရည်မှန်းချက်သည် အရေးကြီး၏။ စိတ်စွမ်း ပကားကြီးမားပါက မိမိသည် ပထမမိမိအတုပြုလုပ်သောသူထက်ပင် ပို၍ကြီးပွားနိုင်၏။ သို့သော် စိတ်စွမ်းပကား အားထုတ်မှုမရှိဘဲ သူလုပ်သည့်နည်းအတိုင်း လိုက်လုပ်၍ အောင်မြင်မှုရရှိနိုင်မည်ဟု ကျွန်တော်တော့မယုံကြည်ပါ။ တကယ်တမ်းလက်တွေ့တွင် သူလုပ် တိုင်းကိုယ်လိုက်လုပ်ချင်မှ လိုက်လုပ်လို့မည်လည်းရှိ၏။



တစ်ခါက လူတစ်ဦးသည် နေ့ချင်းညချင်းကြီးပွားသွားရာ အခြားသူတစ်ဦးက သူ့လိုပင် ကြီးပွားလို၍ ထိုသူလုပ်သောအလုပ် ကိုလိုက်၍လုပ်မည်ဟုဆို၏။ ပထမမိတ်ဆွေကလည်း သမုဒ္ဒရာရေ တစ်ဦးတည်းသောက်၍မကုန်ပါ။ မိမိကြီးပွားသည်မှာ သားသတ်ရုံ မှ နွားရိုးများကို လေလံဆွဲ၍ အမှုန့်ကြိတ်ကာ မြေဩဇာလုပ်၍ ရောင်းခြင်းဖြစ်သည်။ လုပ်ငန်းကို အတူတကွလုပ်ကြမည်ဟု ဆို လေရာ ဒုတိယမိတ်ဆွေသည် သူများအသက်နှင့် ရင်းနှီးရသော လုပ်ငန်းဖြစ်၍ မလုပ်လိုတော့ပါဟုဆို၏။

ကိစ္စတစ်ရပ်တွင်မူ အခြားလူတစ်ဦးက မော်တော်ကား အရောင်းအဝယ်လုပ်၍ကြီးပွားရာ သူလည်းလိုက်၍လုပ်၏။ သူလုပ် မှ မော်တော်ကားဈေးများကျလာ၍ သိန်းပေါင်းများစွာ ဆုံးရှုံးခဲ့ သည့်ဖြစ်ရပ်တစ်ခုလည်း ရှိခဲ့ဖူး၏။ စီးပွားရေးလုပ်ဆောင်ရာတွင် မိမိဘက်က လိုက်လုပ်နိုင်သော်လည်း ပတ်ဝန်းကျင်ကအခြေအနေ မပေးလျှင် လိုက်လုပ်ချင်တိုင်းလုပ်၍မရပေ။

သို့သော် အတုလိုက်လုပ်ခြင်းသည် နည်းသစ်ကို မရှာ လို၍ သူများထွင်ပြီးသော လမ်းသို့ အလွယ်လိုက်လိုသော စိတ်ဓာတ် ဖြစ်ပါမူ လုံးလုံးလျားလျားမှားယွင်းသော စိတ်ဓာတ်ဖြစ်၍ ထို စိတ်ဓာတ်သည် ကြီးပွားရန်လမ်းမရှိသော စိတ်ဓာတ်မျိုးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကြီးပွားဖို့အတွက် လမ်းစရှာရန်ပင်ပျင်းနေသော အချောင်ခိုလိုသည့် စိတ်ဓာတ်ကို အားမပေးလိုပါ။ ကြီးပွားတိုးတက်အောင် လုပ်ငန်း အောင်မြင်အောင်ဆောင်ရွက်ရာတွင် စိတ်ဓာတ်သည် အဓိက ဖြစ်ပါ၏။ သိပ္ပံပညာနှင့် အတူပြုလုပ်နိုင်သော ရုပ်ဝတ္ထုပစ္စည်းများကို ပင် ဝီရိယရှိသူနှင့် မရှိသူတို့သည်မတူကြ။ ရှိသူကပို၍လုပ်နိုင်၏။ ကြီးပွားရေးလမ်းစကို ရှာဖွေရာတွင် စိတ်ဓာတ်နှင့် ကိုယ်ပိုင် အားထုတ်မှုသည်အရေးကြီး၏။

သမ္မတကြီး အေဗရာဟင် လင်ကွန်းသည် သစ်တုံးအိမ်လေး တွင် ဆင်းဆင်းရဲရဲနေ၍ မီးသွေးခဲဖြင့်စာရေးပြီး သမ္မတကြီး ဖြစ်လာ၏။ ထို့ကြောင့် မိမိလည်း သမ္မတဖြစ်စေရန် စာသင် ကျောင်းဖြင့် ငါးမိုင်လောက်ဝေးသော အရပ်တွင်သွား၍ သစ်လုံး အိမ်ဆောက်ပြီး မီးသွေးခဲဖြင့် စာရေးကာ စာကျက်ခြင်းဖြင့် သမ္မတကြီး ဖြစ်မလာနိုင်ပါ။

သို့သော် သမ္မတကြီးလင်ကွန်းသည် အလွန်ဆင်းရဲသော် လည်း ငယ်စဉ်ကပင် ဝီရိယလုံ့လကို အားထုတ်လုပ်ကိုင်ခြင်း ကြောင့် သမ္မတကြီးဖြစ်လာသည်ကို စွဲမြဲစွာမှတ်ယူ၍ မိမိလုပ်ငန်း များကို သမ္မတကြီးကဲ့သို့ လုံ့လဝီရိယထားရှိသူမည်သူမဆို သမ္မတ ဖြစ်ဖို့ ကျိန်းသေလှပါ၏။

## အခန်း – ၂

## အမြဲဆောင်းသမား ဆောင်ရွက်ထား

တိုးတက်ကြီးပွားအောင် ဆောင်ရွက်ခြင်း၊ တက်လမ်းကို ရှာဖွေခြင်းတွင် စိတ်ဓာတ်သည် အဓိကပင်ဖြစ်၏။ ပုံတူဆောင် ရွက်ခြင်း၊ သူ့နည်းလမ်းအတိုင်းလိုက်ခြင်း မလိုက်ခြင်းသည် အရေးမကြီးပါ။

သူ့လမ်းကိုလိုက်သော်လည်း သူ့လောက်မှ ဝီရိယမရှိလျှင် သူ့လို မအောင်မြင်နိုင်။ လုပ်ငန်းအပြိုင်လုပ်ကြသူများ ရှိ၏။ သို့သော် အပြိုင်လုပ်သူများတွင် တစ်ဦးကအောင်မြင်၍ တစ်ဦးက မအောင်သည်ကို အားလုံးတွေ့ဖူးကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ပထမလူတစ်ဦးသည် လုပ်ငန်းတစ်ရပ်ကို လုပ်ရာ အောင်မြင်၏။ အခြားလူတစ်ဦးက ထိုလုပ်ငန်းကို လိုက်လုပ်၏။ ပထမလူသည် မိမိဝီရိယစိုက်ထုတ်စဉ်က အောင်မြင်သော်လည်း နောက်ပိုင်းလုပ်ငန်းအောင်မြင်မှုအပေါ် ယစ်မူးကြွားဝါမှုရှိလာကာ အရက်သောက်၊ လောင်းကစားလုပ်ရာမှ သူ့လုပ်ငန်းသည်ကျဆင်းသွားပြီး နောက်လိုက်လုပ်သောသူက ချမ်းသာသွားသည့် ဖြစ်ရပ်လည်းရှိ၏။

ဂျပန်နိုင်ငံသည် ဝီရိယစွမ်းပကားနှင့်တက်လာသော နိုင်ငံဖြစ်၏။ ဒုတိယကမ္ဘာစစ်ကြီးပြီးစက ဂျပန်နိုင်ငံတွင် မီးရထားလမ်းများ၌! ခုတ်မောင်းရန် ရထားမရှိ၍ သံချေးများတက်နေ၏။ မြန်မာတို့သည် ဂျပန်ပစ္စည်းကိုအသုံးပြုသောလူမျိုးမဟုတ်။ မြန်မာတို့သည် အစဉ်အဆက်အားဖြင့် အင်္ဂလိပ်၊ အမေရိကန်ပစ္စည်းကို သုံးသူဖြစ်၏။ စက်ဘီးဆို ရီလေးမှ၊ ဦးထုပ်ဆို ဝစ်စတပ်မှ၊ ဖောင်တိန်ဆို ပတ်ကားမှ၊ မော်တော်ကားဆို မာစီးဒီးမှ သုံးကြသူဖြစ်၏။ ဂျပန်နိုင်ငံသည် ကျွန်တော်တို့လူမျိုးများ အရုပ်ဝယ်သောနိုင်ငံဖြစ်၏။

ဂျပန်လူမျိုးတို့သည် မိမိတို့ဝီရိယစွမ်းပကားဖြင့် ကြိုးစားခဲ့ရာ လူသုံးကုန်ပစ္စည်း အများအပြားထုတ်လုပ်နိုင်ပြီး ကျွန်တော်တို့



သည်ပင် ဂျပန်ပစ္စည်းကို ပြောင်းသုံးလာကြ၏။ ယခုတော့ မြန်မာနိုင်ငံတွင်ရှိသော မော်တော်ကား ၉၀ ရာခိုင်နှုန်းသည် ဂျပန် ကားများဖြစ်၏။ လျှပ်စစ်ပစ္စည်းမျိုးစုံသည် ဂျပန်ဖြစ်သည်။

ဂျပန်သည် ထိုသို့ကြိုးစားရာမှ ကမ္ဘာ့ထိပ်တန်းသို့ ရောက်ရှိလာသော်လည်း ယခုလက်ရှိဂျပန်လူငယ်များသည် လူကြီးများ၏ ဝီရိယစွမ်းပကားကြောင့် ကြွယ်ဝချမ်းသာမှုများအပေါ် ယစ်မူးကာ အလုပ်မလုပ်ဘဲ နေလာကြ၏။ ယနေ့အသက် ၂၀ အောက် ဂျပန်လူငယ်များသည် ဒေါ်လာ ၁၀ သန်း၊ ဒေါ်လာ ၁၅ သန်းတန် ကားများကိုမောင်းကာ အပျော်အပါးလိုက်စားရင်းဖြင့် အချိန်များကို ဖြုန်းတီးပစ်လာကြ၏။ ဂျပန်လူငယ်များသည်တိုးတက် ကြီးပွားရေးကိုစိတ်မကူးဘဲ ချိန်းတွေ့ခြင်း၊ မိမိတို့အချိန်များကို စားသောက်ဆိုင်နှင့် ပျော်ပွဲစားရုံများတွင်သာ အချိန်ကုန်ခဲ့ရာ ထိုဂျပန်လူငယ်များ အလုပ်လုပ်ရမည့် နေရာများတွင် မြန်မာတို့သွားရောက် လုပ်ကိုင်နေကြ၏။ ဂျပန်လူငယ်များသည် ချမ်းသာလာသောကြောင့် အောက်ခြေသိမ်း အလုပ်များကို မလုပ်ကြတော့ဘဲ ရှိလာသည်။

ကျွန်တော်သည် တစ်ခါက ဂျပန်လူငယ်များနှင့် မြန်မာလူငယ်များအကြောင်း ဆွေးနွေးကြရာ ဂျပန်အမျိုးသမီးတစ်ဦးက မြန်မာလူငယ်များ ဂျပန်တွင် အလွန် အလုပ်လုပ်ကြကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။ သို့သော် မိမိတို့ ဂျပန်လူငယ်များသည် ယခုမြန်မာလူငယ်များလောက် အလုပ်မလုပ်ကြတော့ကြောင်း၊ ယခုအတိုင်းဆက်နေပါက နောက်မကြာမီဂျပန်လူငယ်များသည် မြန်မာနိုင်ငံသို့လာ၍ ရှူးဖိနပ်ကာ ပန်းကန်ဆေးရမည့်ကိန်း ဆိုက်နေပြီ ဖြစ်ကြောင်း ပြောပြပါ၏။

ကိုရီးယားသည် အာရှတွင်ကြိုးစားလာသည်။ မည်မျှကြိုးစားလာသနည်းဆိုပါက "ဂျပန်တွေဟာ အာရှမှာ အလုပ်ကြိုးစားကြပါတယ်။ ဒါပေမယ့် သူတို့ဟာ ကိုရီးယားတွေနဲ့လဲတွေရောပေါင်းတွေဖြစ်ကုန်ကြပါရော" ဟူသည့်စကားတစ်ရပ် အာရှစီးပွားရေးလောကတွင်ပြောဆိုနေကြ၏။ ကိုရီးယားတို့သည် ဂျပန်၏ကိုလိုနီအဖြစ် အကြိမ်ပေါင်းများစွာနေထိုင်ရဖူး၏။ သို့သော် ယနေ့ကိုရီးယားသည် အားမာန်ထုတ်၍ ကြိုးစားလာသောအခါ ဂျပန်ကိုယှဉ်ပြိုင် နိုင်လာသည်။ ဂျပန်ဈေးကွက်ကို တိုးဝင်လာနိုင်၏။ ကိုရီးယားသည် မြန်မာထက်ဆိုးရွားသော အခြေအနေမှ ဂျပန်ကိုယှဉ်ပြိုင်လာခြင်းဖြစ်၏။ ဤအကြောင်းကို ကျွန်တော်သည် **အံ့မှုယ်လူသား ကိုရီးယား** ဟူသောစာအုပ်တွင် အကျယ်တဝင့်ရေးသားထားပါ၏။

ထို့ကြောင့် ကြီးပွားတိုးတက်၍ အောင်ပွဲကိုခံယူရေးကိစ္စတွင် သူတစ်ပါး၏ လမ်းကြောင်းအတိုင်း လိုက်ရေး၊ မလိုက်ရေး ကိစ္



သည် အဓိကမဟုတ်။ ဝီရိယစွမ်းအားထုတ်၍ အလုပ်လုပ်မှု၊ အားထုတ်မှုစွမ်းပကားသည်သာ အဓိကဖြစ်၏။ အားထုတ်က ငွေတစ်သောင်း ရရှိရုံသာမက ဘုရားလည်းဖြစ်နိုင်၏။

ကျွန်တော် **ရက်ဆား** ဟု **နာမည်ပေး**ခဲ့သော ကလေးတစ်ဦး၏အကြောင်းကိုတင်ပြပါမည်။ ကျွန်တော်တို့ ယခင်က ရေကျော်ဘက်တွင် အသွားအလာများစဉ်က လူငယ်လေးတစ်ဦးကို တွေ့ဖူး၏။ သူသည် အလွန်ပေါ့ပါးဖျတ်လတ်၍ ဘာခိုင်းခိုင်း Yes, Sir ဟု ဆိုကာ ချက်ချင်းလုပ်တတ်၏။ သူ့ကိုကျွန်တော်ပင် မောင်ရက်ဆားဟု နာမည်ပေးခဲ့၏။ သူသည်ရေကျော်ဘက်မှ လက်ဖက်ရည်ဆိုင်တွင် စားပွဲထိုးလုပ်ဖူး၏။ ထမင်းဆိုင်အချို့တွင် ပန်းကန်ဆေး၊ ထမင်းပန်းကန်ချ၊ ဟင်းပန်းကန်ချ လုပ်ဖူး၏။ ထို့နောက် ပုဇွန်တောင်ဈေးအနီးရှိ အရက်ဖြူဆိုင်တွင် အမြီးဝယ်ပေးသည့်အလုပ် လုပ်ကိုင်ခဲ့သည်။ အရက်လာသောက်သူတို့က ဘာအမြီးဝယ်ပေးစမ်းဟု ခိုင်းပါက ချက်ချင်း ဟုတ်ကဲ့ပါခင်ဗျာ Yes, Sir ဟုဆိုကာ အလျင်အမြန် သွက်သွက်လက်လက် ဝယ်ပေးတတ်၏။ ထိုကလေး၏ အဓိကအရည်အချင်းမှာ ဖင်ပေါ့ခြင်းနှင့် အကင်းပါးခြင်းဖြစ်၏။ သို့သော် သူသည် ပြာလောင်ခတ်ခြင်း မဟုတ်ပါ။

"ဟေ့ ရက်ဆား လာဦးဟေ့၊ အမြီး တစ်ကျပ်ဖိုးဝယ်ခဲ့" ဟု ဆိုလျှင် ပိုက်ဆံအရေအတွက်ကို ကြည့်၍ ဘာဝယ်ရမည်ကို

www.burmeseclassic.com

www.burmeseclassic.com



မောင်ရက်ဆားကသိ၏။ တစ်ကျပ်ဆိုပါက ကြက်ခြေထောက်သုပ်ရ၍ ငါးမူးဆိုပါက ကုလားပဲသုပ်၊ ဗယာကြော်သုပ်ရသည်။ မောင်ရက်ဆားတွင် မိဘလည်းမရှိ။ ပြည်တွင်းစစ်အတွင်းက မိဘနှစ်ပါးစလုံး သေဆုံးကုန်ကြသည်။ ဆွေမျိုးလည်းမရှိ။ သူ့တွင် ရက်ဆား ဟုအမည်ရလောက်အောင် ပေါ်ပါးသွက်လက်ခြင်းသည်သာ သူ့တွင်ရှိသည့် တစ်ခုတည်းသော အရည်အချင်းဖြစ်၏။ သူသည် ပုဇွန်တောင်အရက်ဖြူဆိုင်ကို အမှီပြု၍ တစ်နေ့ကို ၅ ကျပ်မှ ၁၀ အထိရ၏။ ထိုအခါက စာရေးစာချီများပင် ၁၂၆ ကျပ်လောက်ရသောကာလတွင် ၁၅ နှစ်သာသာရှိသေးသော မောင်ရက်ဆား၏ဝင်ငွေသည် ကျေနပ်စရာကောင်းသော ဝင်ငွေဖြစ်၏။

တစ်နေ့တွင် မောင်ရက်ဆားသည် ပုဇွန်တောင်ဈေးရှေ့ရှိ ညောင်ပင်အောက်၌အိပ်ရင်းစဉ်းစားနေမိ၏။ ဈေးပိတ်သောနေ့ဖြစ်၍ လူကလည်းရှင်းသဖြင့် အေးအေးလူလူ စဉ်းစားနိုင်၏။

မောင်ရက်ဆားသည် ငါးကျပ်ရသောနေ့တွင် မနက်ထမင်းနှစ်ကျပ်ဖိုး၊ ညနေထမင်းနှစ်ကျပ်ဖိုးစားပစ်၍ တစ်ဆယ်ကျပ်ရသောနေ့တွင် မနက်စာရော၊ ညစာကိုပါ ငါးကျပ်တန်ဆိုင်တွင်တက်၍ စားပစ်လိုက်၏။ ထို့ကြောင့် မောင်ရက်ဆားက တစ်ဆယ်ရသောနေ့များတွင်လည်း နှစ်ကျပ်ဆိုင်၌ပင်စားပါက မိမိသည် တစ်နေ့



ငါးကျပ်ပင် စုမိနိုင်ကြောင်း စဉ်းစားမိရာ မောင်ရက်ဆားသည် ထိုသို့စဉ်းစားမိသည်ကို လက်တွေ့အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်၏။ နောက်တစ်နေ့သည် လခထုတ်ရက်ဖြစ်၍ မောင်ရက်ဆားသည် ထိုနေ့က ၁၅ ကျပ်လောက်ရလိုက်၏။ အမြီးဝယ်ပေးရာတွင် အရက်သောက်သူများက သွားဝယ်ခပေးသလို အမြီးရောင်းသူတို့ကလည်း သွားရောင်းခပေး၏။

ထို ၁၅ ကျပ်ထဲမှ ထိုနေ့တွင်ပင် မောင်ရက်ဆားသည် ၁၀ ကျပ်စုထားလိုက်နိုင်၏။ ထိုသို့စုထားရာမှ တစ်လခွဲ နှစ်လခန့်ကြာသောအခါ မောင်ရက်ဆားတွင် ငွေ ၁၅၀ ကျပ်လောက် စုမိဆောင်းမိဖြစ်လာသည်။ ဤကြားထဲတွင် ငွေနှစ်ဆယ်ကျပ်ပျောက်ခဲ့သည်မှအပ အခြားအခက်အခဲများစွာမရှိခဲ့ဟု ဆို၏။

တစ်နေ့မနက်ပိုင်း တာမွေဘက်သို့ မောင်ရက်ဆား သွားကာ ဒန်ပေါက်ဆိုင်တစ်ဆိုင်တွင် ကြက်ခြေထောက်နှင့် လည်ချောင်းများ သွား၏။ သူက ထိုကြက်ခြေထောက်နှင့် လည်ချောင်းများကို ဘာဖိုးပါလဲဟုမေးရာ တစ်ပိဿာငါးကျပ်နှင့် ရောင်းကြောင်းပြောရာ မောင်ရက်ဆားက ကျွန်တော် တစ်ပိဿာ ခုနစ်ကျပ်ပေးပါမည်။ ကျွန်တော့်အားရောင်းပါဟုပြော၏။ ဒန်ပေါက်ဆိုင်မှ ခုနစ်ကျပ်ပေး မင်းကိုရောင်းမယ်ကွာဟုပြောလိုက်ရာ မောင်ရက်ဆားသည်

www.burmeseclassic.com

www.burmeseclassic.com



ကြက်ခြေထောက်သုပ် ရောင်းသောဆိုင်များသို့သွား၍ ကြက်ခြေထောက်နှင့်လည်ချောင်း ဆိုင်အရောက်ပို့ပေးပါမည်၊ ဘယ်ဈေးနှင့် ယူပါမည်လဲမေးရာ ယခုသူတို့ ၁၀ ကျပ်ဈေးနှင့်ဝယ်ရသည်။ ဆိုင်အရောက်လည်းလာပို့မည်၊ ထို့ထက်လည်း ဈေးလျှော့မည်ဆိုပါက မောင်ရက်ဆားထံမှ ယူမည်ဆိုကြ၏။ မောင်ရက်ဆားက မိမိကိုးကျပ်နှင့်သွင်းမည်ဟု ဆိုခဲ့၏။ မောင်ရက်ဆားသည် မိမိရှိသမျှသောပိုက်ဆံဖြင့် ကြက်ခြေထောက်အချိန်တစ်ဆယ်ဖိုးဝယ်၍ ပြန်ရောင်းရာ ထိုနေ့က ငွေ ၂၀ အမြတ်ကျန်ခဲ့၏။ ထိုသို့ဖြင့် ကြက်ခြေထောက်လည်းရောင်း အမြီးလည်းဝယ်ပေး ရောင်းပေးသည့်အလုပ်ကိုလည်း လုပ်နေရာမှ တစ်နေ့တွင် ကြက်ခြေထောက်တောင်း ဘတ်စ်ကားပေါ်မှပြုတ်ကျ၍ သဲများပေကျံသောကြောင့် အားလုံးလွှင့်ပစ် လိုက်ရ၍ ငွေသုံးဆယ်လောက် အရှုံးပေါ်ခဲ့၏။ ယင်းအတွေ့အကြုံကိုယူကာ နောက်ပိုင်းတွင် မောင်ရက်ဆားသည် ကြက်ခြေထောက်ကို ဘတ်စ်ကားနှင့်မသယ်တော့ဘဲ သုံးဘီးကားနှင့်သယ်၏။

တစ်ခါတွင်မူ ပုဇွန်တောင်ဈေးမှ ကြက်ခြေထောက်သုပ်ရောင်းသော အမျိုးသမီးကြီးက သူ့သမီးကွယ်လွန်၍ ဟင်္သာတသို့ ပြန်ရမည်ဖြစ်ရာ သူ့ဆိုင်နေရာလေးကို ရောင်းလိုသည်ဟုဆိုသောကြောင့် မောင်ရက်ဆားသည် ထိုနေရာလေးကို ဝယ်လိုက်၏။



ထို့နောက် ကိုယ်တိုင်ကြက်ခြေထောက်သုပ် ရောင်းချခဲ့ရာ မောင်ရက်ဆားသည် ကြက်ခြေထောက်သုပ် ဆိုင်ပိုင်ရှင်ဖြစ်လာ၏။ ကြက်ခြေထောက်သုပ်ဆိုင်ပိုင်ရှင် ဘဝနှင့်ပင် ငွေတိုးပေးစားခြင်း၊ အရက်ဆိုင်သို့ လာသောက်သော သောက်သုံးသူတို့ရောင်းချသည့် ထီး၊ ဖိနပ်၊ လုံချည်မှအစ ရွှေတို ရွှေစလေးများကို ဝယ်၍ ပြန်ရောင်းခြင်း၊ အပေါင်ခံခြင်းတို့ကို လုပ်ဆောင်ခဲ့ရာ ရေကျော်ထဲတွင် မောင်ရက်ဆားသည် အိပ်ခန်းလေးတစ်ခန်းကို ငှားရမ်းနေထိုင်လာနိုင်၏။

ထိုသို့နေရာမှ သိမ်ကြီးဈေးမှ အထည်ဆိုင်ဖွင့်သူ အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျပြီး လမ်း ၅၀ တွင် မြေကွက်ကလေးတစ်ကွက်ကို ဝယ်ထားရာ မြေဈေးများတစ်ရှိန်ထိုးတက်ချိန်တွင် ထိုမြေကွက်မှာ သိန်း ၅၀ လောက်တန်လာသည်။

မောင်ရက်ဆားသည် တက္ကသိုလ်ပညာလည်း မသင်ဖူး ။ ဆယ်တန်းလည်းမအောင်ပါ။ သို့သော် သူ၏သွက်လက်ပေါ့ပါးမှုနှင့် လာဘ်မြင်မှု၊ ဝီရိယရှိမှု၊ စူးစမ်းမှုတို့ကြောင့် သူ့ဘဝတွင် အောင်မြင်မှုများ ရရှိလာခဲ့၏။

ကျွန်တော်က ထိုအကြောင်းကို ကမ္ဘာအေးဘုရားရပ်ကွက်နေ ပန်းချီကိုညိုလှအိမ်၌ပြောရာ စကားဝိုင်း၌ နားထောင်နေသူ လူငယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးက ထိုလူ၏ပုံစံအတိုင်း မိမိလုပ်ကြည့်မည်ဟု ဆိုပါ၏။ ကျွန်တော်ကလည်း အမှတ်မထင် လုပ်ကြည့်ပေါ့ဟု ပြောရာ ထိုလူငယ်သည် တံတားလေးလမ်းဝရှိ အရက်ဖြူဆိုင်သို့သွား၍ လုပ်ငန်းစတင် အကောင်အထည်ဖော်၏။ ထိုသို့ အကောင်အထည် ဖော်ရင်း တံတားလေးလမ်းဝ အရက်ဖြူဆိုင်တွင် အမြီးရောင်းနေသော ကလေးမလေးနှင့် ရည်စားဖြစ်ကာ ကောင်မလေးကလည်း သဘောကောင်းသဖြင့် အရက်ကောအမြီးပါ အလကား သောက်နှင့် စားခွင့်ရရာမှ ထိုလူငယ်လေးသည် အရက်သမားလေး ဖြစ်သွားခဲ့၏။

ထိုလူငယ်လေးနှင့် အမြီးရောင်းသည့် ကလေးမလေးတို့သည် တကယ်လည်း လက်ထပ်ဖြစ်ခဲ့၏။ နောက် ကျွန်တော်နှင့် တွေ့တော့ လူငယ်မှာ အရက်တမြမြနှင့် နေ့စဉ်သောက်နေရာ ဘာစီးပွားမှ ဖြစ်မလာဘဲ အမြီးရောင်းသည့် ကလေးမလေးသာ ကလေးနှစ်ယောက်အမေဖြစ်လာခဲ့၏။ ကျွန်တော်သည် သူတို့ မိသားစုအား အမြီးရောင်းသည့်အလုပ်ကို မလုပ်စေဘဲ ဘူးသီးကြော်နှင့် ပဲကြော် ကြော်နည်းကို သင်၍ ကလေးမလေးအား အကြော်ရောင်းစေကာ ထိုလူငယ်အား ပဲတီပင်ပေါက်ဖောက်သည့် လုပ်ငန်းတွင် အလုပ်သွင်းပေးခဲ့၏။



နောက် တစ်နှစ်လောက်ကြာတော့ လူငယ်လေးသည် ပဲတီပင်ပေါက် ဖောက်သည့်လုပ်ငန်းကို ကျွမ်းကျင်စွာတတ်နေ၏။ ထို့ကြောင့် ပုဂ္ဂိုလ်တစ်ဦးက စင်ကာပူတွင် ပဲတီပင်ပေါက်ဖောက်ရောင်းရန် ထိုလူငယ်အားခေါ်လိုသည်ဟုဆိုရာ လူငယ်ကလည်း သဘောတူ၍ ထိုလူငယ်သည် စင်ကာပူအထိရောက်သွားခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း – ၃

## ကိစ္စပါသို့ သတိကျွာ

ပေါ့ပါးခြင်း၊ ဖျတ်လတ်ခြင်း၊ ပေးအပ်သော တာဝန်ကို ဦးလည်မသုန်ဆောင်ရွက်ခြင်းတို့သည် ကြီးပွားရေးအတွက် အရေးကြီးသော အကြောင်းတရားများဖြစ်၏။

ကိစ္စတစ်ရပ်ကို ချက်ချင်းမဆောင်ရွက်သဖြင့် အခွင့်အရေးများလက်လွှတ်ဆုံးရှုံးရသည်များကို လူတိုင်းကြုံဖူးကြ၏။ အချို့သော သူများသည် ဘယ်နေ့ ဘယ်ရက်လျှောက်လွှာပိတ်မည်ကို သိပါလျက် အချိန်မီ လျှောက်လွှာမတင်မိ၍ မိမိနှင့်သင့်တော်သော အလုပ်တစ်ခု လက်မတင်လေးလက်လွှတ်ခဲ့ရသူအများအပြား ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထကြွနိုးကြားမှုသည် ကြီးပွားရေးအတွက် ထိရောက်သော ဆေးကြီးတစ်ခွက် ဖြစ်ပါ၏။ အမြဲ ဖျတ်ဖျတ်လတ်လတ်ရှိခြင်း၊ မဆိုင်းမတွလုပ်ကိုင်ခြင်းတို့သည် လုပ်ငန်းအောင်မြင်မှု သော့ချက်များဖြစ်သည်။ အစည်းအဝေးများတွင် မှတ်တမ်းကို ခန့်ချင်းပြီးအောင် ရေးရသည်။ နောက်နေ့များကူးသွားပါက မေ့လျော့ခြင်းများကြောင့် အရေးကြီးသောဆုံးဖြတ်ချက်တို့ ကျန်ရစ်ခြင်းများဖြစ်နိုင်သဖြင့် အစည်းအဝေးမှတ်တမ်းများကို အမြန်ဆုံးရေးနိုင်လျှင် အကောင်းဆုံးဖြစ်၏။

နေ့ရွှေ့ညရွှေ့ခြင်းသည် မေ့လျော့ခြင်းကိုလည်း ဖြစ်စေတတ်၏။ ကမ္ဘာပေါ်တွင် နေ့ရွှေ့ညရွှေ့မလုပ်ခြင်း၊ လုပ်ငန်းကို ချက်ချင်းအကောင်အထည်ဖော်ခြင်း၊ ပေးအပ်သောအလုပ်ကို ပြီးမြောက်အောင် လုပ်ဆောင်ခြင်းနှင့် ပတ်သက်၍ စံနမူနာထားရသော ဖြစ်ရပ်တစ်ခုရှိခဲ့ဖူး၏။ ထိုဖြစ်ရပ်မှာ အလွန်မှအတုယူဖွယ်ရာဖြစ်သည်။

၁၉၀၄ ခုနှစ်က မန်ချူးကိုရီးယား စစ်မျက်နှာပြင်တွင် ဂျပန်နှင့် ရုရှားတို့သည် အပြင်းအထန်ရင်ဆိုင်တိုက်ခိုက် နေကြ၏။ ဂျပန်ကအသာရနေသော်လည်း တစ်ဖက်နှင့်တစ်ဖက် သိပ်အများမခံနိုင်သေးသောအချိန်ဖြစ်၏။ ထိုအချိန်တွင် စစ်မြေပြင် တစ်



နေရာ၌ ရုရှားစစ်သားလေးဦးကို ဂျပန်တို့ကလက်ရဖမ်းဆီးရမိခဲ့၏။ ထိုရုရှားစစ်သားလေးယောက်ကို ရှေ့တန်းမှ ဂျပန်တပ်ရင်းရုံးသို့ အမြန်ဆုံးပို့လိုက်၏။ ဂျပန်တပ်ရင်းရုံးသည် ရုရှားစစ်သားများအား အသေးစိတ်စစ်ဆေးမှုများကို သေချာစွာပြုလုပ်၏။ ရုရှားစစ်သားလေးယောက်သည် တန်းစီလျက်ရပ်နေ၏။ လုံ့ခွပ်ကိုင်ဂျပန်စစ်သားများက ရုရှားစစ်သားလေးယောက်ကို သတိနှင့်စောင့်ကြပ်နေ၏။ ဂျပန်စစ်ဗိုလ်သည် မိမိရှေ့တွင်ရပ်နေသော ရုရှားစစ်သုံ့ပန်းလေးဦးအားစိုက်ကြည့်နေလိုက်သည်။ သုံ့ပန်းတစ်ဦးချင်းအား ခြေဆုံးခေါင်းဆုံးကြည့်ကာ အကဲခတ်နေ၏။ ရုရှားစစ်သုံ့ပန်းများသည် ပင်ပန်းနွမ်းနယ်နေကြ၍ ရှည်လျားသော မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများနှင့် ယူနီဖောင်းတို့ကလည်း ဟောင်းနွမ်းပေကျံလျက်ရှိသည်။ ရုရှားစစ်သားများ၏ နွမ်းနယ်နေသောမျက်နှာ၊ ဟောက်ပက်ဖြစ်နေသောမျက်တွင်းများကြောင့် ရှေ့တန်းတွင် မည်သို့မည်ပုံဆင်နွှဲနေကြရသည်ကို အတော်အတန် အကဲခတ် နိုင်၏။

ဂျပန်စစ်ဗိုလ်အတွက် ရုရှားစစ်သားများ၏ နွမ်းနယ်နေမှု၊ ပေကျံနေမှုတို့သည် သိပ်အရေးမကြီးလှ။ သူတို့ထံတွင် မည်သို့သော အရေးကြီးသည့် သဲလွန်စ အထောက်အထားများ ပါလာသည် မပါလာသည်က သူတို့အတွက် ပို၍ အရေးကြီး၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဂျပန်စစ်ဗိုလ်သည် ရုရှားစစ်သား တစ်ဦးချင်းစီ၏ ကိုယ်ပေါ်၌ အသေးစိတ်ရှာဖွေရန် အမိန့်ပေးလိုက်၏။ လုံခြုံရေးဂျပန်စစ်သားများသည် ရုရှားစစ်သားလေးဦးအား ရှာဖွေကြ၏။

ပထမစစ်သားအား ရှာဖွေသောအခါ တရွက်၊ ဖောင်တိန်နှင့် အဆောင်ပစ္စည်းလေး တစ်ခုနှင့်အတူ စာအုပ်ငယ်လေးတစ်အုပ် ထွက်လာ၏။ ရှာဖွေတွေ့ရှိသော ပစ္စည်းအားလုံးကို ဂျပန်စစ်ဗိုလ် ရှေ့ရှိ စားပွဲပေါ်သို့ တင်လိုက်၏။ ဒုတိယ သုံ့ပန်းစစ်သားအား ဆက်၍ ရှာဖွေရာ အခြားသော အသေးအဖွဲပစ္စည်းလေးများနှင့် အတူ စာအုပ်ငယ်လေးတစ်အုပ် ထွက်လာပြန်၏။ ပထမနည်းတူ အားလုံးကို စားပွဲပေါ်သို့ တင်လိုက်ကြပြန်၏။

တတိယ စစ်သား၏ကိုယ်ပေါ်တွင် ဆက်၍ရှာပြန်သည်။ ထူးထူးခြားခြားဟူ၍ ဘာမှမတွေ့ရဘဲ အလားတူစာအုပ်ငယ်တစ်အုပ်ကိုသာ တွေ့ရှိ၏။ ဂျပန်စစ်ဗိုလ်သည် ထိုစာအုပ်လေးအပေါ် အတော်အတန်စိတ်ဝင်စားသွား၏။

စတုတ္ထ သုံ့ပန်းအား ဆက်လက်ရှာဖွေရာ ထိုစစ်သားထံမှ တရိုတသေသိမ်းထားသော မိသားစုဓာတ်ပုံ၊ မိသားစုထံမှပေးပို့လိုက်ဟန်ရှိသော စာတစ်စောင်နှင့်အတူ စာအုပ်ငယ်လေးထွက်လာပြန်၏။



ဂျပန်စစ်ဗိုလ်သည် ထိုစာအုပ်ငယ်လေးများကို ကောက်ယူ၍ ကြည့်၏။ အားလုံးသည် အရွယ်တူ ဆိုက်တူဖြစ်၏။ ရုရှားဘာသာဖြင့်ရေးထားသောကြောင့် ဂျပန်စစ်ဗိုလ်သည်လည်း မဖတ်တတ်ဘဲရှိနေ၏။ ဂျပန်စစ်ဗိုလ်က ထိုစာအုပ်များသည် ဘာစာအုပ်များလဲဟု ခပ်ထန်ထန်မေးလိုက်၏။ ဂျပန်စစ်ဗိုလ်ကမေးသည်ကို ရုရှားစစ်သားများက နားမလည်ဘဲဖြစ်နေ၍ မေးသမျှလည်း ဘာမျှ အရာမရောက်ဘဲ ဖြစ်နေသည်။ ရုရှားစကားပြန်နှင့် ရုရှားစာတတ်သူလည်းမရှိ၍ တစ်စုံတစ်ရာ လုပ်ဆောင်ရန်အတွက်လည်း စဉ်းစား၍မရဘဲ ဖြစ်၏။

ထို့နောက် ဂျပန်စစ်ဗိုလ်သည် ရုရှားသုံ့ပန်းတို့၏ အခြား ကိုယ်ပိုင် ပစ္စည်းများကို ပြန်ပေးလိုက်၏။ သို့သော် စာအုပ်ငယ်လေးများကို သိမ်းဆည်းထားကာ ဂျပန်တပ်ရင်းရုံးမှ ဂျပန်စစ်ဦးစီးချုပ်သို့ ပေးပို့လိုက်၏။ ထိုစာအုပ်လေးသည် ဂျပန်စစ်ဦးစီးဌာနချုပ်သို့ အရေးကြီးပစ္စည်းများအဖြစ် ရောက်ရှိလာ၏။ ဂျပန်စစ်ဦးစီးချုပ်သည် ထိုစာအုပ်များကို အမြန်ဆုံး ဂျပန်ဘာသာသို့ ပြန်ဆိုကြ၏။ ဂျပန်ဘာသာသို့ ပြန်ဆိုပြီးသောအခါ ယင်းပြန်ဆိုချက်များကို ဂျပန်စစ်ဌာနချုပ်မှတစ်ဆင့် ဘုရင်မိကာဒို ထံသို့ ဆက်လက်ပေးပို့ကြပြန်၏။ ဂျပန်ဘုရင်မိကာဒိုက ရန်သူစစ်သား တစ်ဦးချင်း ရှေ့တန်းသို့ရောက်သည့်တိုင် လက်မှ စာအုပ်သဖွယ်

www.burmeseclassic.com



ထားရှိသော ယင်းစာအုပ်ထဲမှရေးသားမှုများအား ဂျပန်ဘာသာဖြင့် ပြန်ဆိုချက်ကို သန်းချီ၍ ပုံနှိပ်ကာ ဂျပန်ရှေ့တန်းစစ်မျက်နှာပြင်မှ စစ်သားတိုင်း တစ်အုပ်စီ ကိုင်ဆောင်ထားရန် ရှေ့တန်းသို့ ပြန်၍ပို့လိုက်ပါ၏။

ဂျပန်ဘာသာဖြင့် ဖြစ်လာသော ထိုစာအုပ်များကို ဂျပန်အစိုးရသည် ရှေ့တန်းမှဂျပန်စစ်သားများကိုသာမက ဂျပန်ဝန်ထမ်းအားလုံးအား တစ်အုပ်စီ ဆောင်ထားရန်အတွက်လည်း ဖြန့်ဖြူးပေးလိုက်ပါ၏။

ရန်သူ့ထံမှရရှိသော စာအုပ်ငယ်ပါ အကြောင်းအရာများကို ဂျပန်တို့သည် မိမိတို့ဘာသာသို့ ပြန်ဆို၍ ရှေ့တန်းစစ်မြေပြင်ရှိ ဂျပန်စစ်သားအားလုံးကို တစ်အုပ်စီဆောင်ထားစေရုံသာမက ဂျပန်ဝန်ထမ်းအားလုံးကိုလည်း တစ်အုပ်စီဆောင်ထားစေသော စာအုပ်သည် ဘာစာအုပ်များဖြစ်မည်နည်း။ အထဲတွင် ဘာတွေရေးသားထား၍ ဂျပန်ဘုရင်နန်းတော်က ထိုကဲ့သို့ အရေးတကြီးဆုံးဖြတ်ဆောင်ရွက်ခဲ့ကြသနည်း။ ထိုကိစ္စသည် စိတ်ဝင်စားဖွယ်ရာဖြစ်၏။

ထိုစာအုပ်ထဲတွင် အရေးကြီးသော အကြောင်းအချက် တစ်စုံတစ်ရာ မုချပါဝင်မည်ဟူသောအချက်သည် အလွန်သေချာသောအချက်ဖြစ်၏။ သို့သော် ထိုစာအုပ်တွင် ပါဝင်သော



အကြောင်းအရာသည် ဘုရားနှုတ်ခပါဌ်တော်တစ်ရပ်လည်းမဟုတ်။ အန္တရာယ်ကင်း ဂါထာတစ်ရပ်လည်းမဟုတ်။ အရေးကြီးသော စစ်အမိန့်ပြန်တမ်းတစ်စောင်လည်းမဟုတ်ဘဲ တကယ်တော့ သာမန် ဆောင်းပါးတစ်ပုဒ်ဖြစ်၏။

ထိုဆောင်းပါးလေးကို ဂျပန်ဘုရင်မင်းမြတ်သည် သူ့စစ်သားများနှင့် ဝန်ထမ်းများအား ဘာကြောင့် ကိုယ်နှင့်မကွာ အမြဲဆောင်ထားစေခဲ့ပါသနည်း။

ရန်သူ့ထံမှရရှိသော အကြောင်းအရာတစ်ရပ်ကို မိမိ တစ်မျိုးသားလုံးအား ဂျပန်ဘုရင်လိုပုဂ္ဂိုလ်မျိုးကိုယ်တိုင်က ဖြန့်ဖြူးစေသောအရာကို လူတိုင်း သိချင်ကြမည်ဖြစ်ပါ၏။

ထိုစာအုပ်ငယ်ပါ အကြောင်းအရာသည် ဆောင်းပါးဟောင်း တစ်ခုသာဖြစ်၏။ ဂျပန်ဘုရင်မင်းမြတ်သည် ထိုဆောင်းပါးအား ဂျပန်ဘာသာဖြင့် ဖြန့်ချိရိုက်နှိပ်ချိန်တွင် ထိုဆောင်းပါးကို ပထမအကြိမ်ပုံနှိပ်ပြီးခဲ့သည်မှာ ငါးနှစ်မျှကြာခဲ့ပြီလည်းဖြစ်၏။

ထိုဆောင်းပါးကို ရေးသားသူမှာ အဲလဗတ်ဟားဗတ် ဆိုသော ပုဂ္ဂိုလ်ကြီးဖြစ်၏။ ဆောင်းပါး၏အမည်မှာ ဂါစီယာသို့ သဝဏ်လွှာ A Message To Garcia ဟူ၍ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆောင်းပါးကို ပထမဆုံး ၁၈၉၉ ခုနှစ်က ထုတ်ဝေခဲ့ပြီးစတင်ဖော်ပြခဲ့သော မဂ္ဂဇင်းကြီးမှာ ဖီးလစ်စတင်းမဂ္ဂဇင်း ဖြစ်၏။ ထိုဆောင်းပါးကို စတင်ဖော်ပြသောနေ့ကပင် လူများက ကြိုက်နှစ်သက်စွာဖြင့် ဖတ်ရှုခဲ့ကြ၏။ ယင်းဆောင်းပါးပါဝင်သော ဖီးလစ်စတင်း စာစောင်သည် ထွက်ထွက်ချင်းပင် စောင်ရေ တစ်သန်းခွဲမျှ ရောင်းခဲ့ရ၏။

ထိုဆောင်းပါးကို ရုရှား၊ ဂျပန်စသည့် သာသာများနှင့် သာမကဘဲ ဘာသာမျိုးစုံဖြင့် သတင်းစာနှင့် မဂ္ဂဇင်း ၂၀၀ ကျော် တို့က ဘာသာမျိုးစုံဖြင့် ပြန်ဆိုကာ အကြိမ်ကြိမ်ဖြန့်ဝေခဲ့၏။

ထိုဆောင်းပါးသည် ဂြိုလ်သားများက ကမ္ဘာပေါ်သို့ ဘယ်နေ့ ဆင်းလာမည်ဟူသော ဆောင်းပါးလည်းမဟုတ်၊ ကမ္ဘာကြီးဘယ် နေ့ မှောင်အတိကျမည်ဟူသော ဆောင်းပါးလည်းမဟုတ်ဘဲ စာ တစ်စောင်သွားပို့သည့်ကိစ္စကို ရေးသားထားခြင်းဖြစ်၏။ စပိန်နှင့် အမေရိကန်အစိုးရသည် စစ်ဖြစ်နေကြ၏။ ထိုအချိန်တွင် စပိန်တို့ အား တော်လှန်ရေးဆင်နွှဲနေသော ခေါင်းဆောင်ကြီးမှာ ဂါစီယာ Garcia ဖြစ်၏။ စပိန်နှင့် အမေရိကန်တို့ စစ်ဖြစ်နေချိန်တွင် စပိန်အစိုးရအား တော်လှန်နေသူခေါင်းဆောင်ကြီး ဂါစီယာထံ အမေရိကန် သမ္မတကြီး မက်ကင်လီက အရေးပေါ် သဝဏ်လွှာ တစ်စောင်ကို အမြန်ပို့ချင်နေ၏။



ခေါင်းဆောင်ကြီး ဂါစီယာသည် ဂျန်သူနယ်မြေဖြစ်သော ကျူးဘားကျွန်း တောတွင်းတစ်နေရာတွင်တော့ ရှိသည်ဟူသော အချက်ကိုကားသိ၏။ ကျူးဘားတောတွင်း ဘယ်နေရာတွင်ရှိသည် ကို ဘယ်သူမှ တိတိကျကျမသိ။ ထိုအချိန်က ကျူးဘားတော အတွင်းမှ ဂျန်သူနယ်မြေထဲသို့ ဝင်ရမည့်ကိစ္စသည် အလွန်အမင်း စွန့်စားရသည့် ကိစ္စဖြစ်၏။ စပိန်အစိုးရအား တိုက်နေသောစစ်တွင် သမ္မတကြီး မက်ကင်လီသည် ဂါစီယာ၏ အကူအညီကိုယူရန် အထူး လိုအပ်နေချိန်ဖြစ်၏။ မြန်မြန်ယူမှလည်းဖြစ်မည်။ မည်သို့ ချပ်ရမည်ကို သမ္မတကြီး ကြံရာမရ ဖြစ်နေ၏။

သမ္မတကြီးက "ဒီစာကို ဂါစီယာဆီရောက်အောင် ဘယ် သူ့ပို့ရမလဲ၊ ကျူးဘားကျွန်း ဆိုတာကလည်း တောအထပ်ထပ်၊ တောင်အသွယ်သွယ် ဘယ်နေရာတွင် ဂါစီယာနေအောင်းနေသည်ကို ဘယ်သူမှမသိဘဲရှိနေတယ်" ဟုဆိုပါ၏။

ထိုအခါ ပုဂ္ဂိုလ်တစ်ဦးက "သမ္မတကြီးခင်ဗျား၊ ဒီစာပို့ဖို့ အတွက် ဘယ်သူမှမစွမ်းနိုင်ကြဘူးဆိုရင်တော့ လက်ဖတောင်နှင့် ရှိပါတယ်။ ဘယ်သူမှမတတ်နိုင်တဲ့ကိစ္စဆိုရင် သူစွမ်းဆောင် နိုင်မယ်" ဟုအကြံပေး၏။ သမ္မတကြီးကလည်းကြံရာမရ၍ အား အခေါ်လွှတ်လိုက်၏။ ရိုဝင် ရောက်လျှင်ရောက်ချင်း

www.burmeseclassic.com

www.burmeseclassic.com





ဂါစီယာသို့သဝဏ်လွှာ ဆောင်းပါးရှင် အဲလဗတ် ဟားဗတ်



သမ္မတကြီးက “ကိစ္စကတော့ အရေးတကြီးပဲကွယ်၊ အဲဒီစာကို ကျုပ် ဂါစီယာဆီကိုပို့ချင်တယ်။ ဂါစီယာကတော့ ကျူးဘားကျွန်း တစ်နေရာမှာ ရှိတယ်ဆိုတာပဲ” ဟုဆိုလိုက်၏။ ထိုအခါ ရိုဝင် က သမ္မတကြီးလက်ထဲမှ သဝဏ်လွှာကို ရိုသေစွာလက်ခံရယူလိုက်ပြီး သမ္မတကြီးထံမှ ချက်ချင်းပင် ထွက်ခွာလာခဲ့၏။

ရိုဝင် သည် သမ္မတကြီး ပေးလိုက်သော သဝဏ်လွှာကို ဆီစိမ်စက္ကူတစ်ခုနှင့် ရစ်ပတ်ကာ သူ၏ရင်ဘတ်တွင် စနစ်တကျ စည်းနှောင်လိုက်၏။ ထို့နောက် အမိုးမပါသော လှေကလေးတစ်စင်းဖြင့် ကျူးဘားကျွန်းဆီသို့ ဖြတ်၍ ကူးသွားသည်။ ကျူးဘားကမ်းခြေသို့ရောက်သော် ကျူးဘားတောနက်ကြီးအတွင်းသို့ ဝင်ရောက်ကာ ရိုဝင်သည် ပျောက်ကွယ်၍သွား၏။ ရိုဝင်သည် ကျူးဘား တောနက်မဲကြီးအတွင်းဝယ် ရက်သတ္တသုံးပတ်ကြာ ခြေလျင်ခရီးနှင်ခဲ့ပြီး ကျွန်း၏ အခြားတစ်ဖက် အစပ်မှ ထွက်လာခဲ့၏။ ရိုဝင်သည် သမ္မတကြီးပေးအပ်သောတာဝန်ကို တိတိကျကျ ထမ်းဆောင်ခဲ့၏။ မိမိရင်ဘတ်တွင် ဆီစိမ်စက္ကူဖြင့် ရစ်ပတ်၍ စီးထားသောသဝဏ်လွှာကို တော်လှန်ရေးခေါင်းဆောင်ကြီး ဂါစီယာ၏လက်တွင်းသို့ အရောက်ပေးအပ်လိုက်ပါ၏။

သမ္မတကြီးက “ဤသဝဏ်လွှာအား ဂါစီယာထံသို့ ပို့ချင်တယ်ကွယ့်” ဟုဆိုသောအခါ ရိုဝင် က –

www.burmeseclassic.com

www.burmeseclassic.com



"သမ္မတကြီးခင်ဗျား ဂါစီယာဆိုတာ ဘယ်သူပါလဲ"
"သူနဲ့ဘယ်လိုဆက်သွယ်ရမှာပါလဲ"

ဟူသောမေးခွန်းများကို တစ်လုံးတစ်ပါဒမျှမမေးဘဲ လုပ်ငန်းကို ပြီးပြတ်အောင်ဆောင်ရွက်ခဲ့၏။

ရိုဝင်လိုလူမျိုးကို ရုရှား ဂျပန်စစ်ပွဲတွင် ရုရှားဘက်မှ အလိုရှိသလို ဂျပန်ဘက်မှလည်း အလိုရှိ၏။ ရိုဝင်လိုပုဂ္ဂိုလ်များအား စစ်မြေပြင်များတွင်သာ လိုအပ်သည်မဟုတ်။ အလုပ်ဌာနများတွင်လည်း အမြဲလိုအပ်နေ၏။ အလုပ်ဌာနလုပ်ငန်းများတွင် ရိုဝင်တွေ အများကြီးရှိလေ၊ ထိုလုပ်ငန်းများသည်အောင်မြင်လေ ဖြစ်မည်ဖြစ်၏။ ယခုအခါ လုပ်ငန်းအများအပြားတွင် ရိုဝင်များမရှိသဖြင့် မအောင်မြင်ရုံသာမက ဆုံးရှုံးမှုများရှိနေ၏။

မိမိတို့လုပ်ငန်း အောင်မြင်မည် မအောင်မြင်မည်ကို ငါ့လုပ်ငန်းတွင် ရိုဝင် ဘယ်နှစ်ယောက် ရှိသည် မရှိသည်အား ရှေးဦးစွာစစ်ဆေးဖို့ လိုအပ်ပါ၏။

## အခန်း – ၄

## ဆိုက်ကားဆရာ ကိုညွန့်

ကျွန်တော်သည် ကျွန်တော့်ထံ ရောက်လာသော စာကို အစအဆုံးဖတ်ကာ စဉ်းစားရင်း ထိုလူငယ်ထံသို့ စာပြန်ရန်လည်း ပြင်ဆင်ထားပါ၏။ ပံ့တူကူးချခြင်းသည် အဓိကမဟုတ်ဘဲ စိတ်ဓာတ်သည် အရေးကြီးလှသည်။ လူတို့က ကြီးပွားအောင်၊ တိုးတက်အောင် လုပ်ဆောင်ကြခြင်းသည် စိတ်ဓာတ်ချင်း၊ ဝီရိယချင်း အားထုတ်မှုလုံ့လပြိုင်ဆိုင်ကြခြင်းဖြစ်၏။ ထိုစာကို ဖတ်ရင်း စဉ်းစားနေစဉ် ကျွန်တော့်ထံသို့ နယ်မှပုဂ္ဂိုလ်တစ်ဦးလည်း ရောက်ရှိလာပါ၏။

ထိုသူကို မြင်လိုက်ရုံဖြင့် အထက်အညာမှ ဖြစ်သည်ကို ကျွန်တော်ချက်ချင်းသိလိုက်ပါ၏။ သူကအညာဖျင်အကျႌ၊ အညာ

www.burmeseclassic.com

www.burmeseclassic.com



ချည်လုံချည်နှင့် ဖြစ်၏။ အသားညို၍ အရပ်အမောင်းကလည်း ကျွန်တော့်လောက်ပင်ရှိကာ ဆံပင်ကို ဆီများရွှဲနေအောင် လိမ်းထား၏။

အိမ်ပေါ်တက်လာသော်လည်း သူက ကျွန်တော်ဘယ်သူဘယ်ဝါဟူ၍ မသိပါ။

"ဒီအိမ်က ဆရာဦးချစ်စံဝင်းအိမ်ပါလားခင်ဗျား" ဟုမေး၏။

"ဟုတ်ပါတယ်၊ ကျွန်တော် ချစ်စံဝင်း ပါပဲ"

ထိုပုဂ္ဂိုလ်သည် အတော်ကြီးကျိုးကျိုးနွံနွံဖြင့်ရှိ၍ ကျွန်တော်က ကျွန်တော်သည် ချစ်စံဝင်းပါဟုဆိုသောအခါ အတော်ကြီးလည်း ဝမ်းသာသွားဟန်ရှိပါ၏။

"ကဲဗျာ အိမ်ထဲဝင်ပါ" ဟုဆိုတော့ သူကဝင်လာ၏။

ကျွန်တော့်အိမ်တွင်ကား စားပွဲနှင့် ကုလားထိုင်မထား မြန်မာလိုသင်ဖြူးသာခင်းထား၍ သူဘယ်နေရာဝင်ထိုင်ရမည်ကို ကြည့်ရင်း သူထိုင်ရမည့်နေရာကိုရွေးနေ၍ ကျွန်တော်က ဒီနေရာမှာထိုင်ပါဟုပြောလိုက်ရ၏။ ထိုင်ပြီးသောအခါ ဧည့်သည်က ပို၍သေချာလိုသောဆန္ဒဖြင့် "ဆရာချစ်စံဝင်းပဲနော်" ဟုထပ်မေး၏။



"ဟုတ်ပါတယ်။ ကျွန်တော်ချစ်စံဝင်းပါ"

ထိုအခါ သူက "ဆရာ ကျွန်တော့်ကို မှတ်မိလား" ဟု သူက မေး၏။

ကျွန်တော်က သူ့အား ခြေဆုံးခေါင်းဆုံးကြည့်သော် လည်း ဘယ်သူဘယ်ဝါဟု မမှတ်မိ။

"စိတ်တော့မရှိပါနဲ့ဗျာ၊ ခင်ဗျားကို ကျွန်တော်လုံးဝမမှတ်မိဘူး" ဟုဝန်ခံရ၏။ သူကလည်း "ကျွန်တော်လည်း ဆရာ့ကို မမှတ်မိပါဘူး။ ဒါပေမယ့် ဆရာ့ပုံကို ကျွန်တော်မှန်းထားတာက ဆရာကအသားညိုတယ်။ အရပ်မမြင့်ဘူး၊ ဒါလောက်ပဲမှတ်မိတာ"

ထိုသို့ပြောတော့ ကျွန်တော်က သူ့ရုပ်ရည်ကိုကြည့်၍ ပြန်စဉ်းစားပါသေး၏။ သူ့ရုပ်သူ့ရည်သည် ကျွန်တော့်စိတ်ထဲတွင် ပြန်၍ မပေါ်လာပါ။

"ကဲဆိုပါဦးဗျာ၊ ခင်ဗျားကဘယ်သူလဲ၊ ကျွန်တော်နဲ့ခင်ဗျားနဲ့ ဘယ်မှာဆုံဖူးကြလဲ" ဆိုတော့

"ဆရာ ကျွန်တော်က မန္တလေးတောင်ခြေက ဆိုက်ကား ဆရာ ကိုမောင်ညွန့်ပါ။ ဆရာ ကျွန်တော့်ဆိုက်ကားကို ငှားစီးဖူး

www.burmeseclassic.com

www.burmeseclassic.com



တယ်လေ" ဟုဆိုတော့ ကျွန်တော့သားက "ဟုတ်တယ်လေ အဖေ ရာ၊ ကျွန်တော်နဲ့အဖေ မန္တလေးတောင်ခြေက ဆရာတော် ဦးကောဝိဒညီ ဆီ ပိုက်ဆံသွားပေးတုန်းက ဒီဦးလေးဆိုက်ကားနဲ့ သွားတာပဲ၊ အဖေနဲ့ ဒီဦးလေးကြီးက စကားတွေ ပြောလာတာ၊ ကျွန်တော့်ကိုတောင် အဖေကမှာသေးတယ်။ ဒီနေ့ပြောတဲ့စကား တွေမှတ်ထားလို့" ဟု သားက ဝင်၍ပြောပါ၏။

ထိုအခါမှ ကျွန်တော်မှတ်မိလာ၏။ ဆိုက်ကားဆရာ ကိုညွှန့်။ ကျွန်တော်သည် မန္တလေးဟိုတယ်မှ မန္တလေးတောင်ခြေ သို့သွားရာ အသွားအပြန် ဆိုက်ကားခ လေးဆယ်ကျပ်တောင်း၏။ ဆိုက်ကားခကို ကျွန်တော်က မဆစ်မိဘဲ အလွယ်တကူ ဈေး သဘောတူပြီးမှ ဈေးများသွားသည်ဟုထင်လိုက်၏။ ထို့ကြောင့် များသွားသောဆိုက်ကားခအတွက် ထိုသူ့ခြေထောက်ကို အလုပ် ပေးထားသည့်နည်းတူ ပါးစပ်ကိုပါ အလုပ်ပေး၍ ဆိုက်ကားခ တန်အောင် စကားပြောခိုင်းမှဟု စိတ်ကူးကာ ကိုညွှန့်ကို ကျွန် တော်ကစ၍ စကားပြော၏။

"ဆိုက်ကားဆရာကြီး ခင်ဗျား ဒီမန္တလေးဇာတိပဲလား" ဟု ကျွန်တော်က စကား စဆိုသည်။



ကိုညွှန့်က "မဟုတ်ဘူး ဆရာရဲ့၊ ကျွန်တော်က မန္တလေး သားမဟုတ်ဘူး။ မြင်းခြံ နွားထိုးကြီးဘက်ကလာတာ" ဟု ဆိုပါ သည်။

"မြင်းခြံသား နွားထိုးသားက ဘာပြုလို့ မန္တလေးလာပြီး ဆိုက်ကားနင်းနေရတာလဲဗျ"

"ဒါကတော့ ပြောရမှာအရှည်ကြီးပဲ ဆရာရဲ"

"ပြောပါ။ ကျွန်တော်တို့ကလဲ မန္တလေးတောင်ခြေကို အဝေး ကြီးသွားရဦးမှာပဲ" ဟုဆိုတော့ ကိုညွှန့်ကသူ့ဇာတ်ကြောင်း ကို ပြောပြ၏။ ကိုညွှန့်သည် သူ့နဂိုဝသီကိုယ်တိုင်က စကား ပြောချင်သူဖြစ်၏။ သူ့ဘဝဇာတ်ကြောင်းကို ပြောရမည်ဆိုပါက ဆိုက်ကားခ မယူဘဲ မန္တလေးနန်းတော် တစ်ပတ်နင်းပို့ရင်း စကားပြောလိုသူဖြစ်သည်။

ကိုညွှန့်သည် ဆိုက်ကားလည်းနင်း စကားလည်းပြော၏။

သူ့စကားပြောပုံ ပြောဟန်က အတွေးအခေါ်ပါသည်။ သူ့ စကားများက ဆိုက်ကားဆရာစကားနှင့်မတူ။ သူ့စကားပြောတာ ကို နားထောင်ရင်း ကျွန်တော်ပင် ကိုညွှန့်ကို အထင်ကြီးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



လူသည် မဟောက်သတာလို အခါမသင့်၍ အိုးဖုတ်နေရသကဲ့သို့ တစ်စုံတစ်ရာ ချွတ်ယွင်းမှုကြောင့် ဆိုက်ကားနင်းနေရတာပဲ ဟု ကျွန်တော်က စိတ်ထဲမှ မှတ်ချက်ချလိုက်၏။ ဒီလူသူ့အတွေးအခေါ် အတိုင်း အလုပ်တစ်ခုကို လုပ်လိုက်ရင် ဒီလူကြီးပွားမှာပဲဟု ထင်လိုက်၏။ သို့သော် သူဆိုက်ကားနင်းသောဘဝရောက်နေရခြင်းတွင် သူ၌ ချွတ်ယွင်းချက်များလည်းမှချရှိမည်ဟု ကျွန်တော်က စဉ်းစားမိ၏။ ဒီလူတွင် ရိုးသားမှုရှိနေသည်ကို တွေ့ရသည်။

"ကျွန်တော့်ဘဝမှာ ကျွန်တော်က ဒေါသလေးနည်းနည်း ရှိတယ်။ ကျွန်တော်က ကျွန်တော်မှန်တယ်ထင်ရင် ဇွတ်လုပ်တတ်တယ်။ လူများစုနဲ့ ရန်ဖြစ်ရမှာလည်း ကျွန်တော်က သိပ်ဝန်မလေးဘူး။ ကျွန်တော့်မှာ သည်းညည်းခံပြီး ရေလိုက်ငါးလိုက်နေတတ်တဲ့ စိတ်လဲမရှိဘူး။ ဒါကြောင့်ပဲ ကျွန်တော်ရွာကနေ ထွက်လာရတာပဲ ဆရာ" ဟု ကိုညွန့်ကဆို၏။ ကိုညွန့်သည် ကျွန်တော်မရှာဖွေရဘဲ(?)င် သူ၏ချွတ်ယွင်းချက်များကို သူကထုတ်ဖော်ပြောပါ၏။ သူ၏ ချွတ်ယွင်းချက်ကို သူသိသော်လည်း သူသည် ပြင်ဆင်ရန်အတွက်ကို မာနကြီးနေဟန်တူ၏။

သူကဆက်၍ လောကကြီးက မတရားကြောင်းနှင့် သူ့တွင် အရည်အချင်းရှိပါလျက်နှင့် ဆိုက်ကားနင်းနေရကြောင်း



ပြော၏။ ကိုညွန့်၏ စကားအလွန်အကျွံ ချည်းပြောဆိုမှုသည် သူ့အတွက် ဒုတိယအားနည်းချက်တစ်ရပ်အဖြစ် ကျွန်တော်မြင်လာပြန်၏။ သူသည့်လုပ်ငန်းများကိုတတ်ကျွမ်း၍ အရည်အချင်းရှိသည် မှန်သော်လည်း သူတတ်ချည်းလုပ်တတ်သောကြောင့် အချို့ကိစ္စများတွင် မအောင်မြင်ရသောကြောင့် သူက ရိုက်မစစ်ဘဲ ထပ်၍ ပြောပြန်၏။ ကျွန်တော်က သူ့ရွာက ထွက်လာရသည့် အဓိက အကြောင်းရင်းကို မေးတော့ အကျယ်တဝင့် ရှင်းပြ၏။

"ဒီလိုဆရာ ကျွန်တော်က မဟုတ်မခံစိတ်ဓာတ်ရှိတယ်။ ရွာမှာကျွန်တော်က သတင်းစာလည်းဖတ်တယ်။ စာပေလည်းလေ့လာတယ်။ ခေတ်မီစိုက်ပျိုးရေးဗဟုသုတလည်းရှိတယ်။ ရွာသားတွေကိုလည်း သမားရိုးကျမစိုက်ပျိုးကြဖို့ ပြောဟောတယ်။ ကျွန်တော်က ကျွန်တော့်အရပ်ကထွက်တဲ့ မြေပဲ ပဲအမျိုးစုံကို ကျွမ်းတယ်။ ဘယ်သူ့မြေပဲ၊ ဘယ်ယာကထွက်တဲ့နှမ်းဆီ၊ ဘယ်လောက်ထွက်တယ်ဆိုတာပါသိတယ်။ ကျွန်တော်က ပဲမျိုးစုံအကြောင်းလဲကျွမ်းတယ်။ ဒါကြောင့် ရွာနီးချုပ်စပ်ကထွက်တဲ့ပဲတွေကို စုတယ်။ ဝယ်ကော်ပြီးရောင်းတယ်။ ဒါကြောင့် ရွာမှာ စီးပွားရေးလေးလည်း ပြေလည်တယ်။ ကျွန်တော်ကပေးနိုင်ကမ်းနိုင်လည်းရှိတယ်ဆရာရဲ့

ဒါပေမယ့် ကျွန်တော့်မှာ မဟုတ်မခံတဲ့ စိတ်ကတော့ ရှိတယ်။ ဘယ်ကိစ္စမဆို ကိုယ်နဲ့ဆိုင်တာ မဆိုင်တာမစဉ်းစားဘူး။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာတွေရင် ပြေးပြီးရင်ဆိုင်လိုက်တဲ့ ဝသီရှိတယ်။ တစ်ခါကဆို ရွာကအရောင်းဆိုင်မှာမြို့နယ်ကပစ္စည်းတွေရောက်လာတယ်။ ရွာဆိုင်က ဘာလုပ်လဲဆိုတော့ အောက်ပါပစ္စည်းများကို ဒီနေ့မနက် ၇ နာရီမှ ညနေ ၅ နာရီအတွင်း လာရောက်ဝယ်ယူပါဆိုပြီး ကပ်ထားတယ်။ ကျွန်တော်ကလည်း အဲဒီစာကို မနက် ၉ နာရီလောက်မှတွေ့တယ်။ ရွာကလူတွေက မနက်ငါးနာရီဆို ယာထဲဆင်းကြတယ်။ ဘယ်သူမှဒီစာကို ဖတ်မိမှာမဟုတ်ဘူး။ နေ့လယ်စာလဲအိမ်ကလိုက်ပို့ကြပြီး ယာထဲမှာပဲစားကြတာ။ ရွာသူရွာသားတွေက ညနေ ၅ နာရီ ၆ နာရီကျမှ ရွာထဲပြန်ဝင်လာကြတာ။ ပြန်လာတော့ဝယ်ဖို့သတ်မှတ်ထားတဲ့အချိန်ကျော်နေပြီဆရာရဲ့။ ဒီလိုပဲ ခွဲတမ်းကောင်းပြီဆိုရင် ဆိုင်ကလုပ်ပါရော။ ခွဲတမ်းမကောင်းရင်တော့ လေးငါးဆယ်ရက်ကြေညာတယ်။ ဒါကို မတရားဘူးဆိုပြီး ကျွန်တော်က အားလုံးသိအောင် အချိန်ပေးပြီး ကြေညာဖို့ကောင်းတယ်လို့ပြောတော့ကော်မတီက နောက်တစ်နေ့မှာ ခွဲတမ်းအသစ်အတွက် မြို့နယ်ကိုသွားပြီး ပစ္စည်းထုတ်ရမယ်။ အချိန်မစောင့်နိုင်ဘူး။ ဝယ်နိုင်တဲ့လူဝယ်။ အခုအိမ်မှာရှိတဲ့လူတွေက ယာထဲသွားပြောလဲ ရတာပဲလို့ဆိုပါတယ်။ ဒါပေမယ့် ရွာမှာက လက်လုပ်လက်စားဆိုတော့ ရောင်းတာကိုသိရုံနဲ့ မဝယ်နိုင်ဘူး။ ချေးရ ငှားရ တစ်ဆင့်ရောင်းရ ဖန်တီးကြပြီးမှ ကိုယ့်ခွဲတမ်းကိုယ်ဝယ်ကြရတာဆရာရဲ့"



"ဒါကိုလည်း ကော်မတီက သိပြီးသားပဲ၊ အခု မြို့နယ် က ဝယ်လာတဲ့ ပိုက်ဆံကလဲ ဘယ်သူမှ စိုက်ဝယ်လာတာမဟုတ်ဘူး။ ဆိုင်ကအသင်းသားတွေပိုက်ဆံနဲ့ပဲ ဝယ်လာတာ။ ဒါမတရားလုပ်တယ်ဆိုတာကျွန်တော်သိတယ်။ ရွာက အများစုလာမဝယ်ဘူးဆိုရင် နောက်ပစ္စည်းအချိန်မီထုတ်ယူရအောင် လက်ရှိဒီခွဲတမ်းကိုအရင်းအတိုင်းနဲ့ ရောင်းပစ်လိုက်ရတယ်လို့ ဆိုကြမယ်။ တကယ်တော့ ရောင်းပစ်တာ မဟုတ်ဘူး။ ကော်မတီတွေက သူတို့ဟာသူတို့ယူထားပြီး နောက်ဆောင်းပေါ်မှ သီးနှံပေါ်မှ ဒီပစ္စည်းတွေကိုဈေးနှစ်ဆသုံးဆနဲ့ ရွာသားတွေကိုပဲ ပြန်ရောင်းတာဆရာရဲ့။ ဒီတော့ ကော်မတီက ငွေလဲမစိုက်ရဘဲ ဆိုင်ကငွေနဲ့ ပြန်ပတ်ပြီးရှယ်တာ"

"ဒီလို မတရားလုပ်တာကြာပါပြီ။ ဒါနဲ့ ကျွန်တော်က နိုင်တာနဲ့ အဲဒီခွဲတမ်းအားလုံး တစ်ရွာလုံးအတွက် ကျွန်တော်က ငွေစိုက်ပြီးဝယ်မယ်လို့ပြောတော့ ကော်မတီက နည်းနည်းတွန့်သွားတယ်။ ဒါပေမယ့် ရွာသားအချို့ကလည်း ကျွန်တော်က ငွေစိုက်ဝယ်မယ်ဆိုရင် ကော်မတီဘက်က နောက်လိုတဲ့ငွေလည်းရမှာမို့ ရောင်းသင့်တယ်လို့ပြောတော့ သူတို့က ခပ်တွန့်တွန့်နဲ့ ကျွန်တော့်ကို ရောင်းလိုက်ရတယ်"

www.burmeseclassic.com



"ညလည်းကျရော ကျွန်တော်က တစ်ရွာလုံးအတွက် ခွဲတမ်းကိုစိုက်ဝယ်ထားသည်။ ငွေပေး၍ လာယူကြပါလို့ပြောတော့ အချို့ကလည်း သူတို့ခွဲတမ်းကိုလာယူကြတယ်။ တချို့ကလည်း ကျွန်မကို သုံးဆယ်ပဲပေးပါ။ ခွဲတမ်းလည်းမယူတော့ပါဘူးလို့ လာပြောတဲ့လူလည်းရှိတယ်။ ရွာသားတွေက ကျွန်တော့်ကို အားပေးကြတယ်။ ရွာကလူကြီးတွေက ကျွန်တော့်ကို အတော်မုန်းသွားတယ်"

"ဒီလိုပဲ ကျွန်တော်ကလည်း ခွဲတမ်းတွေကို တစ်ရွာလုံးအတွက် ငွေကြိုပေးတော့ တစ်နေ့မှာ ကျွန်တော်မြို့ပို့မယ့် ပဲတွေကိုလူကြီးတွေကတားထားပါလေရော။ ကျွန်တော်က ဘာပြုလို့တားရတာလဲ။ မတရားမလုပ်နဲ့၊ မြို့တက်ပြီး တိုင်မယ်ဆိုပြီး ကျွန်တော်လည်းမြို့တက်ရော သူတို့က ကျွန်တော့်ပဲတွေကို လွှတ်လိုက်ရော။ ကျွန်တော်က မြို့ပေါ်ကလူကြီးတွေခေါ်လာပြီး ပဲတွေတားတာတိုင်တော့ ပဲတွေ လွှတ်ပြီးသားဖြစ်နေပြီ။ ဒါနဲ့ ဒီလူကြီးတွေကို ရွာမှာပဲထမင်းကျွေးပြီးပြန်ပို့ရနဲ့ အလုပ်ကပိုများလာတယ်။ သုံးလေးခါ ပဲတွေတား၊ မြို့ပေါ်ကလူကြီးတွေလာတော့ ပြန်လွှတ်နဲ့ ခဏခဏဖြစ်တော့ မြို့ပေါ်ကလူကြီးတွေကလည်း ကျွန်တော်သွားခေါ်ရင်မလိုက်တော့ဘူး။ မြို့ကလူကြီးတွေလည်း မလိုက်ရော ကျွန်တော့်ပဲတွေကို တကယ်သုံးရက်လေးရက်တားထားပါလေရော။



ဒီတော့ ကျွန်တော့်ပွဲရုံကလည်း ပဲအရောက်နောက်ကျတော့ တက်ရေးနဲ့လွဲတယ်၊ ကျွန်တော့်ကို ပဲအဝယ်တော်ကနေဖြတ်ပစ်လိုက်တယ်"

"ဒါပေမယ့် ကျွန်တော်က မပျင်းတဲ့လူ၊ ဝီရိယရှိတဲ့လူ၊ အလုပ်ကို မကြောက်တဲ့လူဆိုတော့ ရှိတဲ့ငွေရင်းနဲ့ပဲ ရွာမှာလုပ်စားတယ်။ တစ်နေ့ ရွာမှာ ခွဲတမ်းကို နေ့ချင်းဝယ်ဖို့ ကြော်ငြာကပ်ပြန်တယ်။ ကျွန်တော်ကလည်း မတရားဘူးဆိုပြီး မခံနိုင်တာနဲ့ တစ်ရွာလုံးအတွက်ခွဲတမ်းကို ဝယ်ပစ်လိုက်တယ်။ ဟောဝယ်လိုက်တော့ လုပ်ပုံက အဲဒီခွဲတမ်းအားလုံးက ဆိုင်ရဲ့အရောင်းထိုင်းပစ္စည်းတွေဖြစ်နေပါရော။ ပစ္စည်းတန်ဖိုးကလည်းတစ်သောင်းကျော်တယ်။ အရောင်းထိုင်းပစ္စည်းတွေကို ဘယ်သူကမှလည်း ကျွန်တော့်ဆီကတစ်ဆင့်လာမဝယ်တော့ ကျွန်တော့်မှာ ဒီအရောင်းထိုင်ပစ္စည်းတစ်သောင်းကျော်ဖိုး အဖတ်တင်နေတော့ ကျွန်တော်လည်း မတရားလုပ်ရပါမလား မလိမ့်တပတ်လုပ်ရပါ့မလားဆိုပြီး ရွာထဲမှာ ထွက်ဆဲတာပေါ့ ဆရာရဲ့"

"ဆဲတော့ ဘာပြုလဲ"

"ဆဲတော့ ရွာလူကြီးက ဆဲမှုနဲ့ဖမ်းတော့ ကျွန်တော်အချုပ်ခံရတာပေါ့"

www.burmeseclassic.com



"နောက်ဆုံးတော့ ဘာပြလဲ ဟု ကျွန်တော်က ဆက်မေးတော့

"နောက်ဆုံးတော့ အချုပ်လည်းကျ အကြွေးငါးထောင်ကျော် လောက်တင်တာနဲ့ ကျွန်တော်လည်း မိသားစုကိုရွာမှာပဲထားခဲ့ပြီး မန္တလေးတက်လာ သူများဆိုက်ကားကို အငှားနင်း။ ကြွေးကျေအောင်က ၂ နှစ်လောက်ဆပ်ရတယ်။ အခုတော့ အိမ်လေးငှားနိုင်ပြီး မိသားစုလည်း ရွာကနေ မန္တလေးခေါ်ထားနိုင်ပါပြီ။ ဒါပေမယ့် အငှားဆိုက်ကားနင်းသမား ဘဝကတော့ ဆရာမြင်တဲ့အတိုင်းပဲ" ဟုဆိုပါ၏။

ကျွန်တော်သည် ကိုညွန့်ဘယ်လိုလူစားဖြစ်သည်ကို ချက်ချင်းသဘောပေါက်သွား၏။ နောက်တော့ ကိုညွန့်က မန္တလေးရောက်လာပြီး သူရုန်းကန်ရသည့်ဘဝ၊ သူ့မိသားစုအကြောင်းများကို ဆက်ပြောပြန်၏။ ကိုညွန့်သည် လုံ့လဝီရိယရှိသည်မှာ သေချာ၏။ အလုပ်အကိုင်မရွေးသည်မှာလည်းသေချာ၏။ သူ့ခြေသလုံးများကို မန္တလေးမြို့ပေါ်ရောက်သည့် သုံးနှစ်အတွင်း အဘယ်မျှအထိ သူကိုယ်တိုင်ခိုင်းထားသည်ကိုခြေသလုံးကြည့်ရုံနှင့်သိနိုင်၏။

ကျွန်တော်က "ကိုညွန့် ခင်ဗျား ပဲအကြောင်းကိုလည်း ကောင်းကောင်းနားလည်တယ်။ စိတ်ကူးစိတ်သန်းလည်းရှိတယ်။ ခင်ဗျားမှာ ချွတ်ယွင်းချက်က ခင်ဗျားမှန်တယ်ထင်ရင် ဆန့်ကျင်



ဘက်လိုက်လုပ်တာ၊ လူများစုနဲ့ ပြေလည်အောင်မနေနိုင်တာဘဲရှိတယ်။ ဒီတော့ခင်ဗျားစိတ်ကို ခင်ဗျားအများနဲ့အတူနေနိုင်အောင် စုပေါင်းလုပ်တတ်အောင်ခေတ္တသည်းခံဗျာ၊ ခင်ဗျားစိတ်ကို ခင်ဗျားလေ့ကျင့်ယူဗျာ၊ နောက်ပြီး ခင်ဗျားဆိုက်ကားနင်းတဲ့အလုပ်ကို စွန့်ဗျာ၊ ခင်ဗျားကျွမ်းကျင်တဲ့ပဲအမျိုးမျိုးလုပ်ငန်းနဲ့ ပြန်ပြီး အသက်မွေးဗျာ။ ကျွန်တော်က မန္တလေးဟိုတယ် အခန်း၊ ၂၀၄ မှာနေတယ်။ ကျွန်တော်ရေးတဲ့ စာအုပ်သုံးအုပ်လေးအုပ်လည်းပါတယ်။ ဆရာနန္ဒာသိန်းဇံရေးတဲ့ စာအုပ်နှစ်အုပ်လည်းပါတယ်။ အဲဒီစာအုပ်တွေကို ကျွပ်ပေးခဲ့မယ်။ အားတဲ့အခါမှာ ခင်ဗျားဖတ်။ ခင်ဗျားရဲ့ လုံ့လနဲ့ ဝီရိယကို နေရာမှန်မှာပြန်သုံးဗျာ နောက်ဆုံး ကျွန်တော်မှာချင်တာက ခင်ဗျားစီးပွားပြန်ဖြစ်ချင်ရင် အလုပ်များများလုပ်၊ စကားလျှော့ပြော၊ လူများစုနဲ့ သင့်မြတ်အောင်ကြိုးစား။ ဒေါသလည်းလျှော့ဗျာ" ဟုပြောရင်း မန္တလေးတောင်ခြေသို့ရောက်လာ၏။ မန္တလေးတောင်ခြေတွင် အပြန် ကားနင်းလိုက်ပို့မည်ဟုဆို၍ ကျွန်တော်တို့သားအဖသည် အပြန်မစီးတော့ဘဲ သူ့အားဆိုက်ကားခ အပြည့်ပေးကာပြန်လွှတ်လိုက်၏။

နောက်တစ်နေ့တွင် ကိုညွန့်သည် ကျွန်တော့်ထံမှ စာအုပ်များလာယူ၏။ ကျွန်တော်လည်း ကတိအတိုင်း သူ့အား စာအုပ်

www.burmeseclassic.com

www.burmeseclassic.com



များပေးလိုက်သည်။ ထိုသို့ပေးလိုက်ပြီးနောက် ကျွန်တော်သည် ကိုညွန့်အားလည်း မေ့သွား၏။

# အခန်း – ၅

## အဘယ်တော်ကြီး ဦးညွန့်

ကျွန်တော်သည် ကိုညွန့်ကို ယခုမှပြန်၍ သတိရလာပါ၏။ ကျွန်တော်သည် သူနှင့်ဆိုက်ကားစီးစဉ်က သူပြောသောစကားများကို မှတ်မိနေသော်လည်း လူ့ကိုကားမှတ်မိခြင်းမရှိပေ။ ဆိုက်ကားစီးရင်းစကားပြောတော့ မျက်နှာချင်းဆိုင်စကားပြောခြင်းမဟုတ်ဘဲ ဘေးတိုက်ပြောရသောကြောင့်လည်း မျက်နှာကိုမမှတ်မိခြင်းဖြစ်၏။ ထို့ပြင် ကိုညွန့်က အရင်ဆိုက်ကားဆရာကိုညွန့်လိုမဟုတ်ဘဲ ယခုအိမ်ပေါ်သို့တက်လာသောကိုညွန့်က တသွေးတမွေးဖြင့် ဖြစ်၏။ အရင်ကကိုညွန့်ကပိန်ပိန်၊ ပါးများကအတွင်းသို့ချိုင့်ဝင်ကာ မန္တလေး

www.burmeseclassic.com

www.burmeseclassic.com



၏နေပူကြောင့် အသားများသည် ညိုမည်းနေ၏။ အာဟာရလည်း ပြည့်ဝဟန်မရှိ။ သူ၏ခြေသလုံးများကား ဆိုက်ကားနင်းထား၍ တောင့်တင်းနေ၏။ ကိုညွန့်သည် ထိုအခါက စကားအတော်ပြော နိုင်သည်။

ယခု ကျွန်တော့် အိမ်ပေါ်သို့ တက်လာသော ကိုညွန့်က အသားများ ပြည့်လာသည်။ တိုက်ပုံအင်္ကျီနှင့် တသွေးတမွေးဖြစ် နေ၏။ အညာသားရုပ်ကိုကား ဖျောက်၍မရ။ သူသည်စကားကို နည်းနိုင်သမျှနည်းအောင် ကြိုးစားသည်မှာပေါ်လွင်၏။

"ကဲ ကိုညွန့် ခင်ဗျားကို ကျွန်တော်မှတ်မိသွားပြီ။ ဘယ် တုန်းကခင်ဗျားရန်ကုန်ကိုလာလဲ။ ခင်ဗျားက တသွေးတမွေးဖြစ် လာတော့ ဘယ်မှတ်မိပါ့မလဲ။ ရန်ကုန်ကိုလာလည်တာပဲလား ကျွန်တော် ဘာကူရမလဲ"

"ဆရာဘာမှမကူရပါဘူး။ ရန်ကုန်လာတာကတော့ ကျွန် တော့်သူဌေးနဲ့လိုက်လာတာပါ။ ဆရာ့ဆီလာတာကတော့ ဆရာ့ကို ကျွန်တော်ကန်တော့ချင်လို့"

"ဘာပြုလို့ ကန်တော့ချင်တာလဲဗျ"



"ကျွန်တော်ဆရာတို့ သားအဖနဲ့တွေ့ပြီး ဆရာပေးတဲ့ စာအုပ်တွေဖတ်တယ်။ ဆရာသိန်းဇံစာအုပ်ထဲက သူများအပြစ်ကို မမြင်ပါနဲ့၊သူများကိုအပြစ်မပြောပါနဲ့။ ငါများတာကပဲ ကွပ်တစ်ခု တည်း၊ ဆိုင်ရှင်များတာက အများကြီးဆိုတဲ့ဖြစ်ရပ်ဟာ ကျွန်တော့် အသည်းထဲမှာလာစွဲနေတယ်။ ဆရာ့စာအုပ်တွေကိုလည်း အကြိမ် ကြိမ်ဖတ်ပြီး ကျွန်တော့်ဘဝကို အပြောင်းအလဲဖြစ်အောင် ကြိုးစား ပါတယ်။ ဒါပေမယ့် ဖြုန်းကနဲတော့ ကြိုးစားလို့မရဘူးပေါ့ ဆရာရယ်"

"ခင်ဗျားကြိုးစားတော့ ကြိုးစားသေးတာပေါ့"

"ကြိုးလည်းကြိုးစားတယ်၊ အောင်မြင်လည်း အောင်မြင် တယ်ဆရာရဲ့၊ ဒါကြောင့် ဆရာ့ကိုမမေ့ဘဲ ကျွန်တော်လာ ကန်တော့တာပါ"

"ကြိုးစားပုံလေး ပြောပြစမ်းပါဗျာ၊ ကျွန်တော် ကြားချင်လို့" ဟုဆိုတော့ သူကဆက်၍ပြောပြပါ၏။

"ဆရာတို့စာတွေဖတ်ပြီး ကျွန်တော့်ဘဝကိုလည်း ကျွန် တော်ပြောင်းလဲဖို့ ကြိုးစားနေတဲ့တစ်နေ့မှာ ပုဂ္ဂိုလ်ကြီးတစ်ဦးနဲ့ ဆည်းတွေ့သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပုဂ္ဂိုလ်ကြီးဆိုတာက ဘိုးဘိုးအောင်လား"

"မဟုတ်ပါဘူးဆရာရဲ့၊ အဲဒီပုဂ္ဂိုလ်ကြီးက အင်းဝဟိုတယ်မှာတည်းတာဆရာရဲ့၊ သူက ကျွန်တော့်ဆိုက်ကားငှားစီးတယ်။ သူက ရေစစ်ကန်ဘက်ကိုငှားစီးတာ ကျွန်တော်ကလည်း ကိုယ့်လမ်းကိုနင်းသွားတော့ ကုန်ကားကြီးတစ်စင်းက ကျွန်တော့်လမ်းပေါ်ထိုးဝင်လာတယ်။ ကျွန်တော်ကလည်း လမ်းမှန်ကမ်းမှန်ဆိုတော့ဖယ်မပေးဘဲ ကိုယ့်လမ်းကြောင်းအတိုင်း နင်းသွားတာ အဲဒီကားကြီးက ကျွန်တော့်ဆိုက်ကားကို ဝင်တိုက်မလိုဖြစ်သွားတာနဲ့ ကျွန်တော်လည်း လမ်းဘေးကို မနည်းကြီး ဆွဲချလိုက်ရတယ်"

"အဲဒီတော့ ကျွန်တော့်ခရီးသည်က စိတ်ဆိုးမာန်ဆိုးနဲ့ ဆိုက်ကားဆရာ ခင်ဗျားက ဒီလမ်းပေါ်မှာ အမှန်တရားရှာနေတာလား။ ကားမတိုက်ဘဲ လိုရာခရီးကို အေးအေးချမ်းချမ်းဖြစ်အောင် နင်းနေတာလား ။ ငါမှန်တယ်ဆိုပြီးအသေခံမလား" လို့မေးတယ်။

နောက်တော့သူက "လမ်းပေါ်မှာ လမ်းစည်းကမ်းဆိုတာရှိတယ်။ လမ်းစည်းကမ်းဟာ ယာဉ်တိုက်မှုမဖြစ်ရအောင်လုပ်ထားတာ။ အခြေအနေက ယာဉ်တိုက်မှုဖြစ်တော့မယ်ဆိုရင် အရေးကြီးတာက ချက်ချင်းယာဉ်တိုက်မှုမဖြစ်အောင် ရှောင်လိုက်ဖို့က လောလောဆယ်အရေးကြီးတယ်။ ဟိုကားကြီးက ခင်ဗျားလမ်းကြောင်း



ပေါ်ကို တည့်တည့်လာနေပြီ။ တိုက်မိရင် ကျုပ်ပါသေမှာပေါ့။ အရေးကြီးတာက လမ်းပေါ်မှာ ယာဉ်တိုက်မှုမဖြစ်ဘဲ လိုရာခရီးရောက်ဖို့ပဲ။ ငါမှန်တယ် သူမှန်တယ်ဆိုပြီး လမ်းပေါ်မှာအမှန်တရားလိုက်ရှာနေလို့မရဘူး။ ရှောင်သင့်တာရှောင်၊ သည်းခံသင့်တာသည်းခံ၊ စည်းကမ်းကို စေတနာနဲ့ပေါင်းစပ်ပြီးလုပ်။ စည်းကမ်းဆိုတာဟာ သူ့ချည်းဆိုအတော်ခက်တဲ့ကိစ္စတစ်ခု။ စည်းကမ်းဟာ စေတနာနဲ့ပေါင်းမှ စည်းကမ်းရဲ့သတ္တိ၊ စည်းကမ်းရဲ့စွမ်းရည်ဟာ ပေါ်လာတယ်။ စည်းကမ်းမှာ ကိုယ်ချင်းစာတရားပါရတယ်ဗျလို့ သူကဒေါနဲ့မောနဲ့ပြောတယ်ဆရာရဲ့"

"သူက ဒေါသတွေလည်းထွက်နေတော့ သူ့စကားလုံးတွေလည်း ပြောင်မြောက်ပါတယ်"

"နောက်တော့ ဒီဆရာကြီးက ကျွန်တော့်ကို ငေါက်ငန်းငန်းမောင်းပြီး ဆိုက်ကားပေါ်ကဆင်းသွားတယ်။ ဆရာတို့စာအုပ်ထဲမှာရေးတာတွေရယ်၊ သူပြောတဲ့စကားတွေရယ်က ကျွန်တော့်အတွက် အတော်ကြီး စဉ်းစားစရာတွေဖြစ်လာတယ်။ ဒီနောက်တော့ ကျွန်တော်က "အဲဒါတွေစဉ်းစားပြီး ကျွန်တော့်ဘဝကိုစပြီး ပြောင်းဖို့ ကြိုးစားတာပါပဲ။ ကြိုးစားတဲ့ အကျိုးကျေးဇူးကတော့ ကျွန်တော်တို့ဆိုက်ကားဆရာအချင်းချင်းပိုရင်းနှီးလာတယ်။ နောက် အချင်းချင်းများနဲ့လည်း ပိုပြေလည်လာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကနေပြီး ကျွန်တော်တစ်နှစ်လောက်ကြိုးစားလိုက် တာ နိုင်ငံခြားသားတစ်ဦးကို တစ်နေ့ ကျွန်တော်ဘုရားပေါင်းစုံ လိုက်ပို့ပြီး ခင်ဗျားစေတနာရှိသလောက်ပဲပေးဗျာ ဆိုတော့ သူက ဒေါ်လာငါးဆယ်ပေးသွားတယ်ဆရာရဲ့။ ဒီပိုက်ဆံဘယ်လောက်တန် မှန်းလည်းမသိပါဘူး။ ဒါနဲ့ မန္တလေးဟိုတယ်နားမှာသွားလဲတော့ ကျွန်တော့်ကို မြန်မာငွေ ၅၀၀၀ အထိပေးလိုက်တယ်။ ကျွန်တော် ကလည်းအဲဒီပိုက်ဆံကိုစုထားပြီး ထပ်ကြိုးစားလိုက်တာ ဆိုက်ကား ဝယ်လာနိုင်တဲ့အထိ ဖြစ်လာပြီး ကိုယ့်ဆိုက်ကားနဲ့ကိုယ်ဆိုတော့ ဝင်ငွေပိုရတာပေါ့ဆရာရယ်" ဟုဆို၏။

"ဆရာပြောသွားတဲ့စကားထဲမှာ အခုမြန်မာနိုင်ငံမှာ ပဲ မျိုးစုံလုပ်ငန်းကတွင်ကျယ်နေတယ်။ ခင်ဗျား ကျွမ်းကျင်တဲ့ပဲမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းကိုပြန်လုပ်။ အဲဒီလုပ်ငန်းနဲ့အသက်မွေးဝမ်း ကျောင်းပြန်ပြုနိုင်အောင်ကြိုးစားဆိုတဲ့ စကားကိုလည်း ကျွန်တော် မှတ်မိနေတယ်"

"ဒါနဲ့ ကျွန်တော့်ဆိုက်ကားကို သူများကိုငှားပြီး ကျွန် တော်ကတော့ မန္တလေးပဲမျိုးစုံပွဲရုံတစ်ခုနားမှာသွားပြီး ရစ်သီရစ်သီ လုပ်နေတယ်။ သူတို့ခိုင်းတာတွေလည်းကူလုပ်ပေးရင်းက တစ်နေ့ တော့ ပွဲရုံကပိုင်ရှင် ရန်ကုန်ဆင်းတုန်း သူ့ဇနီးက ပဲတချို့ကို လက်ခံ



မလို့လုပ်ရာမှာ ကျွန်တော်က ဒီပဲတွေအရည်အသွေးမကောင်း ကြောင်း၊ မကြာခင် မှိုတက်လာနိုင်ကြောင်းပြောတော့ ကျွန်တော် ပြောတဲ့စကားကိုနားမထောင်ဘဲ အဲဒီအမျိုးသမီးက ပဲတွေကို လက်ခံဝယ်လိုက်တယ်။ ဒါပေမယ့် မကြာပါဘူး။ ကျွန်တော်ပြော တဲ့အတိုင်း ပဲတွေမှိုတွေလိုက်လာတော့ ကျွန်တော့်ပညာကို နည်း နည်းအသိအမှတ်ပြုလာတယ်"

"နောက်တစ်ခါတော့ အဲဒီအမျိုးသမီးကို ကျွန်တော်က အစ်မ အခုပဲတွေတော့အစ်မဝယ်လိုက်၊ မမှားဘူးလို့ အကြံပေးတာ သူလည်း မယုံတစ်ဝက် ယုံတစ်ဝက်နဲ့အဲဒီပဲတွေဝယ်လိုက်တယ်။ အဲဒီ ပဲလည်းဝယ်ပြီးရော မန္တလေးပဲဈေးက ဖြန်းခနဲ ဆို ထိုးတက်သွား ပြီး အဲဒီပဲတွေနဲ့ အမျိုးသမီးလည်း အတော်လေးပွသွားတယ်။ အဲ ဒီတုန်းက အမျိုးသမီးက ကျွန်တော့်ကိုငွေငါးရာပေးတယ်။ နောက် တော့ တချို့ကိစ္စတွေ ကျွန်တော့်ကိုစမ်းခိုင်းတယ်။ ပွဲရုံမှာ မတရား တာလေးတွေလည်းတွေ့ရတာပဲ။ ဒါပေမယ့် ကိုယ့်ကိစ္စမဟုတ်သလို ပဲထားပြီး သစ္စာရှိရှိ ဝီရိယရှိရှိနဲ့ ကျွန်တော်အဲဒီပွဲရုံကို လုပ်ပေး ရာက နောက်တော့ အဲဒီပွဲရုံက ကျွန်တော့်ရဲ့ပဲကျွမ်းကျင်မှုကို အားကိုးလာတယ်။ ကျွန်တော့်ရဲ့ ဝီရိယရှိမှုကိုလည်း အသိအမှတ် ပြုရာက ကျွန်တော်က သစ္စာရှိရှိလုပ်ပြတော့ တစ်နှစ်လောက်ကြာ တော့ ပထမ လုပ်ငန်းမှာအကူခန့်တယ်။ နောက်တော့ ပွဲရုံကိုလာ

www.burmeseclassic.com



ရောင်းတဲ့ပစ္စည်းတွေအတွက် အဝယ်စာရေး တာဝန်ပေးတယ်။ နောက်တော့ အခုကျွန်တော့်ကို ပွဲရုံမန်နေဂျာခန့်တယ်။ ဒါ့အပြင် ကျွန်တော်က ဝယ်လို့ရောင်းလို့ရတဲ့ လုပ်ငန်းတစ်ခုချင်းစီ အတွက်လည်း အမြတ်ကော်မရှင်ပေးသေးတယ် ဆရာရဲ့"

"အဲဒါကြောင့် သူတို့လည်းစီးပွားတက် ကျွန်တော်လည်း အခုလိုအတော်လေးဟန်ကျလာတယ်။ ကလေးတွေလည်း ကျောင်းထားလာနိုင်တယ်။ ပွဲရုံပိုင်ရှင်က နေစရာလည်း လုပ်ပေးတယ်။ ဒီလိုဖြစ်လာတာတော့ ကျွန်တော်က ဆရာနဲ့ ဟိုပုလ္လိုလ်ကြီးကို ကျေးဇူးတင်နေတာ။ ကျွန်တော့်ကလေးတွေကိုလည်း ဆရာတို့ကို ရည်မှန်းပြီး ညတိုင်းအမြဲကန်တော့နိုင်းတယ်။ ဟိုပုလ္လိုလ်ကြီးကိုတော့ ဘယ်မှာရှာရမှန်းမသိဘူးဆရာရဲ့။ အဲဒီမှာအလုပ်ရပြီးတော့လည်း ကျွန်တော် ဆရာ့စာအုပ်တွေကို ၈၄ လမ်းပေါ်က ရဲရင့်စာအုပ်ဆိုင်မှာသွားဝယ်ပြီး ကြိုးစားဖတ်တယ်။ ကျွန်တော်တို့ ပွဲရုံအသိုင်းအဝိုင်းမှာလည်း အဲဒီစာအုပ်တွေကို ကျွန်တော်ဝယ်ပြီး ဖြန့်တယ်"

"အခုတော့ ကျွန်တော့်သူဌေးနဲ့ ကျွန်တော်ရန်ကုန်ကို လိုက်လာတာ၊ သူဌေးက ပဲကို နိုင်ငံခြားသူကိုယ်တိုင်ပို့မလို့ဆိုပဲ။ ဒါတော့ ကျွန်တော်လည်း မကျွမ်းကျင်လို့ ရန်ကုန်ရောက်တုန်း



ဆရာ့ကို ဂါရဝပြုချင်လို့ စာအုပ်ထဲက လိပ်စာအတိုင်းလိုက်ရှာပြီး ဘာတွေပါသလဲ ဟုဆိုပါ၏။

ကိုညွှန့်သည် ကျွန်တော်ပြောဆိုခဲ့သည့်အထဲမှ "သူများ နှင့် ယှိုက်ပြီး ရန်မဖြစ်နဲ့။ ခင်ဗျားကိုယ်တိုင်က မမှားအောင်နေ။ ထက်နိုင်သလောက်အများအပေါ်မှာ စေတနာထား၊ ခင်ဗျားကျွမ်းကျင်တဲ့ ပဲ လုပ်ငန်းနဲ့ပဲပြန်ပြီး အသက်မွေးဝမ်းကျောင်းပြု၊ ဝီရိယနဲ့ဉာဏ်ကို အစွမ်းကုန်အသုံးချ။ အခွင့်အခါကို လက်မလွှတ်စေနဲ့" ဟုဆိုသောအချက်များကို အကောင်အထည်ဖော်ခဲ့သဖြင့် အောင်မြင်မှုများ ရလာကြောင်းပြောပြပါ၏။

ကျွန်တော်သည် ကိုညွှန့်ပြောဆိုသည်များကို နားထောင် ၍ အတော်လည်းအံ့သြသွားပါ၏။ လူ့ဘဝမှာ တကယ်လုပ်ရင် အဟုတ်ဖြစ်ပါလား။ ကြိုးစားရင်ဘုရားဖြစ်တယ်ဆိုတာ ဟုတ်ပါလား။ ဆိုက်ကားဆရာအဖြစ်က ဘဝမပြောင်းဘဲ ပွဲစားကြီးဖြစ်လာပါလားဟု တွေးကာ ကျွန်တော်သည် ဘာဆက်ပြောရမှန်းမသိဘဲ ဖြစ်လာရ၏။

ကိုညွှန့်သည် ဆိုက်ကားသမားဘဝမှ ပဲအဝယ်တော်ကြီးဖြစ်လာ၏။ မကြာမီ ပဲလုပ်ငန်းကျွမ်းကျင်သောကိုညွှန့်သည် ကိုယ်ပိုင်ရိုက်ပျိုးထုတ်လုပ်သော လူတစ်ယောက်လည်း ဖြစ်လာနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဟစ်ဖန် အခု သူသူဌေးက ပဲတွေကို ကိုယ်တိုင်နိုင်ငံခြားပို့မည်ဟုဆို၏။ မကြာမီ ကိုညွန့်သည် ပဲမျိုးစုံကုန်သည်ကြီးဖြစ်လာနိုင်သည်။ ဆက်ကြိုးစားပါက သွင်းကုန်ထုတ်ကုန် လုပ်ငန်းရှင်ကြီးပင်ဖြစ်လာနိုင်၏။

ကိုညွန့်ကို ယခုမှ သေသေချာချာကြည့်မိတော့ ရွှေလက်စွပ်နှင့် လက်ပတ်နာရီအပြင် သူ့အင်္ကျီတွင် ရွှေကြယ်သီးပင်တပ် ထားပါ၏။ ယခု သုံးလေးနှစ်အတွင်း ပဲဈေးကလည်းကောင်းသည်။ မြန်မာ့ပဲမျိုးစုံသည် နိုင်ငံခြားသို့ပင် တင်ပို့ရောင်းချနေရာ ပဲလုပ်ငန်းဖြင့် စီးပွားဖြစ်သူများနည်းတူ ကိုညွန့်လည်း ပဲလုပ်ငန်းဖြင့် တစ်သွေးတစ်မွေး ဖြစ်လာခြင်းဖြစ်၏။

ကျွန်တော်သည် ကိုညွန့်ထံမှ အတုယူစရာတွေအများကြီးရခဲ့၏။ အချို့ကိစ္စများတွင် ကျွန်တော်သည် ဟောပြောရေးသားသော်လည်း လက်တွေ့အကောင်အထည်မဖော်နိုင်။ ကိုညွန့်သည်ပျက်အစဉ်ပြင်ခဏဆိုသလို သူ့ဘဝအတွင်းမှ သူများနှင့်မပြေလည်သည့်ကိစ္စများကို ဖယ်ထုတ်ကာ ကိစ္စရပ်များအား ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းမှုများကို ရှောင်၍ အေးချမ်းသည့်နည်းလမ်းများအား အသုံးပြုကာ တက်လမ်းသို့ ရှာခဲ့၏။



ကျွန်တော်သည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကိုညွန့်ကိုအသေအချာကြည့်မိ၏။

သူ့တွင်ပါလာသော အညာဖျင်စများ၊ ပင်နီတစ်အုပ်၊ လက်သုတ်ပဝါနှင့် စားပွဲခင်းများကို ကျွန်တော့်ရှေ့တွင်ချကာ ကျွန်တော့်အား ကန်တော့ပါ၏။ သူတို့နယ်ထွက်ပစ္စည်းများဟု ဆိုပါ၏။ ကျွန်တော်က ခင်ဗျားနဲ့ ကျွန်တော် အသက်လည်း မတိမ်းမယိမ်းပါ။ ကာယကံမြောက်တော့ ကန်တော့မနေပါနဲ့။ ခင်ဗျားပေးတဲ့ပစ္စည်းတွေကို ကျွန်တော်လက်ခံပါမည်ဟု ပြောတော့ သူကကျွန်တော့်ကို စိုက်ကြည့်နေပါ၏။ ကိုညွန့်သည် ခုတော့ အပိုစကားသိပ်မပြောတော့။ သို့သော် သူ့မျက်နှာတွင် ယုံကြည်မှုများပြည့်နေပြီ ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း – ၆

## တာနီးရုပ်ဆယ်နှင့် ဘဝ သတ္တိ

ကျွန်တော်သည် ကိုညွှန့်အကြောင်းကိုရေးရင်း ကြိုးစား၍ အောင်မြင်မှုရရှိလာသောသူများ၏ ဘဝအစုံကို ဆက်လက်တင်ပြလိုစိတ်များပေါ်လာပါ၏။ ကြိုးစားက ဘုရားဖြစ်နိုင်သည်ဟူသော အဆိုရှိ၏။ ကြိုးစားလျှင် ဘုရားပင်ဖြစ်နိုင်သည်ဟုဆိုပါက ကျွန်တော ဘာမဖြစ်နိုင်စရာ ကျန်ပါသေးသနည်း။

ဘုရားဖြစ်ရန်ကြိုးစားပါက ရသည်ဟုဆိုလျှင် စီးပွားရေး အောင်မြင်ဖို့ ၊ တက်လမ်းရှိဖို့ ၊ သဘောသူဌေးကြီးဖြစ်ဖို့ အောင်ပွဲရ စီးပွားရေးသမားကြီးတစ်ဦး၊ ကျော်ကြားသည့်သတင်းစာဆရာတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်၊ အမြွတ်အစွန်းများသည့် ဟိုတယ်ပိုင်ရှင်ကြီးတစ်ဦးဖြစ်ရန်အတွက် ကြိုးစားလျှင်ရမည်ချည်းဖြစ်ပါ၏။

ဘုရားဖြစ်ရန် ငွေကြေးအရင်းအနှီး၊ နိုင်ငံခြားပံ့ပိုးမှု စသည်တို့ ဘာမှမလိုဘဲ သိဒ္ဓတ္ထမင်းသည်လည်း မိမိကြွယ်ဝသမျှတို့ကိုပင် စွန့်ပစ်ထားရှိကာ မိမိနှင့်အတူ ပေါ်ပေါက်လာသော ရွှေအိုးကြီး လေးလုံးကိုမျှပင် လိုလိုမည်မည်သုံးရန်ဟူ၍ ယူမလာဘဲ အနော်မ သောင်သို့ထွက်၍ လုံ့လဝီရိယကို စိုက်ထုတ်၍ကြိုးပမ်းရာ ဘုရား အဖြစ်သို့ ရောက်ပါ၏။ ဂါဝါလု သဲစုမကသော ဘုရားတို့သည် ပွင့်တော်မူပြီးဟုဆို၏။ ဘုရားဖြစ်အောင် ကြိုးစားခဲ့သူတို့က များလှပါ၏။ တကယ်လည်း ဘုရားအဖြစ်ကို ရခဲ့ကြပါ၏။

ကျွန်တော်သည် ကိုညွှန့်ပြန်သွားတော့ လူသားတို့၏ ဝီရိယ သမိုင်းဆိုင်ရာ စာအုပ်များကို ရှာဖွေ၍ ဖတ်မိ၏။ လူ့သမိုင်းတွင် လူတွေကြိုးစားခဲ့ပုံကား အံ့သြချီးမွမ်း၍ မကုန်နိုင်လောက်အောင် ရှိပါ၏။ ထိုသို့ဖတ်ရှုခဲ့မိသည့်အထဲမှ ထူးထူးခြားခြား ပုဂ္ဂိုလ်ကြီး တစ်ဦးကား ဟာရိုးရပ်ဆယ် ဆိုသူပုဂ္ဂိုလ်ကြီးဖြစ်၏။

သူသည် နယ်နယ်ရရ ပုဂ္ဂိုလ်ကားမဟုတ်။ ဟာရိုးရပ်ဆယ် သည် ရုပ်ရှင် ပညာသည်တိုင်း မက်မော သရေကျလှသည့် အော်စကာဆုကြီးကို ရရှိခဲ့သူဖြစ်၏။ ဤဆုကြီးသည် အမေရိကန်



ရုပ်ရှင်လောကဝယ် မလိုချင်သူမရှိအောင်ဝိုင်းဝန်း မက်မောကြသော ဆုကြီးဖြစ်၏။ ဟာရိုးရပ်ဆယ် အော်စကာရရှိသောရုပ်ရှင်ကားမှာ The best years of our lives ဟူသောရုပ်ရှင်ကားကြီး ဖြစ်၏။ ရန်ကုန်မြို့တွင်လည်း ထိုကားကို ရုံတင်၍ ပြသခဲ့ဖူးပါ၏။ ထိုကားတွင် ဟာရိုးရပ်ဆယ်သည် အရန်ဇာတ်လိုက်မင်းသားအဖြစ် သရုပ်ဆောင်ရ၏။

ထိုဇာတ်ကား၌ မင်းသားအဖြစ် သရုပ်ဆောင်ချိန်တွင် ဟာရိုးရပ်ဆယ်တွင် လက်နှစ်ဖက်စလုံးမရှိပေ။ ဒုတိယ ကမ္ဘာစစ် အတွင်းက ဒိုင်းနမိုက်ခေါ် ယမ်းဘီလူးကို ကိုင်တွယ်ပြသနေစဉ် ပေါက်ကွဲပြီး သူ၏ လက်နှစ်ဖက်စလုံးကို လက်ကောက်ဝတ်မှ နေ၍ ဖြတ်ပစ်ခဲ့ရ၏။

ဟာရိုးရပ်ဆယ်သည် သူ့ဘဝ သူ့အကြောင်းကို ဘဝသစ္စာ ဟုခေါ်သောစာအုပ်ဖြင့် ကမ္ဘာကို တင်ပြခဲ့၏။ ထို စာအုပ်သည် အောင်မြင်ကျော်စာအုပ်လည်းဖြစ်၏။ ဟာရိုးရပ်ဆယ်သည် ဒိုင်းနမိုက် ပေါက်ကွဲ၍ သူ့လက်နှစ်ဖက်ပြတ်သွားသည်ကို ဆေးရုံတွင် ရက် အတော်ကြာ တက်ရောက်ကုသခဲ့ရ၏။ တက်ရောက်ကုသနေစဉ် ကာလတစ်လျှောက်လုံးတွင် မိမိ၌ လက်နှစ်ဖက်မရှိတော့ဟု သိရ သည့်အချိန်မှစ၍ ငါတော့လူရာမဝင်တော့ပါဘူး၊ လူဝင်မဆံ့ တော့

www.burmeseclassic.com

www.burmeseclassic.com





ဒုက္ခိတဘဝဖြင့်ကမ္ဘာကျော်ခဲ့သူ ဟာရီးရုပ်ဆယ်



ပါဘူး၊ လူတောမတိုးတော့ပါဘူး၊ လူလယ်ခေါင်မသွားဝံ့တော့ပါဘူး ဟုဆိုကာ အကြီးအကျယ် စိတ်ဓာတ်ကျခဲ့၏။ စိတ်အားလည်းငယ်ခဲ့ရ၍ လက်နှစ်ဖက်မှ ဒဏ်ရာသည် ပျောက်ကင်းသော်လည်း ဝမ်းမသာနိုင်ခဲ့ပေ။

ဆေးရုံမှဆင်းရသောနေ့ကို ဟာရီးရုပ်ဆယ်သည် သူ့ဘဝတွင် မမေ့နိုင်ဘဲရှိ၏။ သူသည်ဆေးရုံမှဆင်းရမည့်နေ့တွင် မည်သူ့ကိုမျှ မပြောဘဲ အိမ်သို့ပြန်လာခဲ့၏။ လမ်းတစ်လျှောက်လုံးတွင် အားငယ်စိတ်နှင့်ရှက်စိတ်များကြောင့် မှုန်ထူနေခဲ့၏။ မိတ်ဆွေ သူငယ်ချင်းများကသူ့အားတွေ့မှာကို အလွန်စိုးရိမ်နေခဲ့၏။ အိမ်သို့ရောက်သော် သူ့မိသားစုက အင်္ဂါမစုံသောသူ့အား မည်သို့သဘောထားမည်နည်း။ မိမိဆေးရုံက ဆင်းလာသည်ဆိုပါက အိမ်နီးနားချင်းမိတ်ဆွေများက လာ၍ သတင်းမေးကြတော့မည်။ ထိုအခါ လက်နှစ်ဖက်မရှိသော သူ့အား အိမ်နီးနားချင်းတို့က မည်သို့ သဘောထားကြမည်နည်း။ လက်နှစ်ဖက်မရှိသော မိမိအားလာ၍ ကြည့်ကြသော် မည်သို့ ရှက်စရာ ကောင်းလေမည်နည်းဟု စဉ်းစားကာ အိမ်သို့မပြန်ဝံ့တော့ဘဲ လမ်းတစ်ဝက်မှ ဆေးရုံသို့ ပြန်ပြေးလာခဲ့၏။

သို့သော် ဆေးရုံကလည်း သူ့ကို ကြာရှည်လက်ခံထား၍ မဖြစ်။ ထိုအချိန်တွင် ဟာရီးရုပ်ဆယ်သည် အားတင်း၍ သူ၏

www.burmeseclassic.com



အားငယ်စိတ်များကို အတင်းပယ်ဖျက်ရ၏။ ငါ့တွင် ဘာအပြစ်မှ ရှိသည်မဟုတ်။ ကုသိုလ်ကံအကြောင်းတရားကြောင့်သာ ဒုက္ခတွေ့ ရခြင်းဖြစ်သည်။ ဘာမျှရှက်စရာလည်းမလို။ မိမိတွင် လက်နှစ် ဖက်သာ မရှိခြင်းဖြစ်သည်။ အခြားခြေထောက်၊ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်တို့ ရှိနေသေးသည်။ လက်နှစ်ဖက်မရှိရုံမျှဖြင့် လူ့လောကကိုအရှုံးပေး၍မဖြစ်ဟု မိမိစိတ်ကိုမိမိ ကြိုးစားနှစ်သိမ့်၍ လူကောင်းများနည်းတူ ဘဝကို ရင်ဆိုင်ရန် ဆုံးဖြတ်ခဲ့၏။

ပထမသော် ထိုကိစ္စသည် ခက်ခဲမှုရှိခဲ့သည်မှာအမှန်ဖြစ်ပါ၏။ လူတွေက သူ့အားဝိုင်းသနားနေကြသောကြောင့် အခက်ပင်ကြုံ ရ၏။ သို့သော် ဟာရိုးရပ်ဆယ်သည် လူများ၏အသနားခံဘဝ နှင့်ပင် မိမိစိတ်ဓာတ်ကိုမိမိ မြှင့်တင်ကာ ကြိုးစားခဲ့၏။ သူသည် လက်နှစ်ဖက်ကို မေ့ထားကာ လုံ့လနှင့် ဝီရိယကို ရှေ့တန်းတင်၏။ ဟာရိုးရပ်ဆယ်သည် မအိပ်မနေကြိုးစား၏။ သူ၏ချွတ်ယွင်းနေ သောခန္ဓာကိုယ်အတွက် ရပ်ပိုင်းဆိုင်ရာ ကြိုးစားရသလို သူ၏ အားငယ်သောစိတ်ကိုလည်း မြင့်မားလာအောင် တည်ဆောက် ရ၏။

မကြာမီ ဟာရိုးရပ်ဆယ်သည် သူပြတ်သွားသောလက် နေရာတွင် သံချိတ်များတပ်ကာ ပစ္စည်းများကို ရွေ့နိုင်အောင်



မနိုင်အောင်ကြိုးစားခဲ့၏။ ပင့်နိုင်မနိုင်တော့ ရွှေ့နိုင်ပြောင်းနိုင်အောင် ကြိုးစား၏။ ရွှေ့၍ပြောင်း၍ရတော့ ကိုင်နိုင်တွယ်နိုင်အောင် ကြိုး စား၏။ ကိုင်၍တွယ်၍ရတော့ စာရေး၍ရအောင်ကြိုးစား၏။ သူ၏ လက်ကောက်ဝတ်မှ ပြတ်နေသောလက်များနှင့်စာပြန်ရေးနိုင်သော အခါ သူသည် အခြားလူကောင်းများလုပ်နိုင်သည့် ကိစ္စအားလုံးကို လည်း ငါလုပ်မည်ဟုဆုံးဖြတ်ကာ ဖော်ပြပါ ရုပ်ရှင်ဇာတ်ကားတွင် အရန်ဇာတ်လိုက်အဖြစ် ဝင်ရောက်လုပ်ကိုင်၏။ ထိုဇာတ်ကားကို ရိုက်ရာတွင် ဟာရိုးရပ်ဆယ်သည် သူမတူအောင် ကြိုးစားခဲ့၏။ ထို့ကြောင့်ဟာရိုးရပ်ဆယ်သည် ထိုဇာတ်ကား၌ အမေရိကန်ရုပ်ရှင် လောကကြီးတစ်ခုလုံးက မက်မက်မောမောရှိသည့် တန်ဖိုးအထား ဆုံးဖြစ်သော အော်စကာဆုကြီးကို လက်ဝယ်ပိုင်ပိုင်ရရှိသွားပါ၏။

ဟာရိုးရပ်ဆယ်သည် ပြတ်နေသော မိမိလက်နှစ်ဖက်နှင့်ပင် အော်စကာဆုကြီးကိုတက်ယူခဲ့ရာ လူများစွာက သူ၏ကြိုးစားမှုနှင့် အောင်မြင်မှုတို့ကို ကျယ်လောင်စွာချီးကျူးခဲ့ကြ၏။ ထိုသို့ချီးကျူးမှု များထဲတွင် သမ္မတကြီး ထရူးမင်းသည် တစ်ဦးအပါအဝင်ဖြစ်၏။ အမေရိကန်သမ္မတကြီးထရူးမင်း က မစ္စတာဟာရိုးရပ်ဆယ် အား မိမိ၏ စံအိမ်သို့ဖိတ်ကာ ချီးကျူးဂုဏ်ပြုခဲ့ပါ၏။

ဟာရိုးရပ်ဆယ်သည် လက်နှစ်ဖက်မရှိသော်လည်း ပါးစပ် နှင့် အခြားကိုယ်အင်္ဂါအစိတ်အပိုင်းတို့ရှိရာ ပါးစပ်ကိုလည်း အသုံး

www.burmeseclassic.com

www.burmeseclassic.com



ဝင်အောင်လေ့ကျင့်ခဲ့၏။ ထို့ကြောင့်လည်း ဟာရီးရပ်ဆယ်သည် အကားပြောကောင်းသော လူတစ်ယောက်လည်း ဖြစ်လာခဲ့၏။ ဟာရီးရပ်ဆယ်သည် မည်မျှစကားပြော ကောင်းလာသနည်းဟု ဆိုပါက ကိုလံဘီယာ အသံလွှင့်ဌာနကြီးက ဟာရီးရပ်ဆယ်အား ငါးနှစ်စာချုပ်ဖြင့် မိမိအသံလွှင့်ဌာနတွင် အလုပ်လုပ်ရန် တနင်္ဂနွေ တစ်ပတ်လျှင် ဒေါ်လာ ၂၅၀၀ မှ ၇၅၀၀ အထိ ပေးပါမည်ဟု ကမ်းလှမ်းခဲ့၏။ ဟာရီးရပ်ဆယ်သည် ကိုလံဘီယာအသံလွှင့်ဌာနကြီး၌ တစ်နေ့တွင် ၁၅ မိနစ်သာ အသံလွှင့် ဟောပြောရခြင်း ဖြစ်၏။

ဟာရီးရပ်ဆယ်သည် မိမိ၏ကြိုးစားမှုကြောင့် ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးတစ်ယောက်အဖြစ်သို့ ရောက်ရှိသွားခဲ့၏။ ငွေကြေး အရာ၌လည်း ချမ်းသာခဲ့၏။ အနိုင်နိုင်ငံမှ ပုဂ္ဂိုလ်ကြီးများ အမေရိကတိုက်သို့ ဧည့်သည်အဖြစ်သွားပါက အိမ်ရှင်က အမေရိကန်နိုင်ငံတွင် ဘာများလုပ်လိုပါသလဲ၊ ဘယ်အရပ်များသွားလိုပါသလဲ၊ ဘယ်သူနှင့်များတွေ့ချင်ပါသေးလဲ ဟုမေးလျှင် ဧည့်သည်အများ အပြားက **ခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်တို့ မစ္စတာဟာရီး ရပ်ဆယ်နှင့် တွေ့လိုပါတယ်ဗျာ** ဟုတောင်းဆိုတတ်ကြ၏။

ဟာရီးရပ်ဆယ်၏အဖြစ်ကို ကြည့်ပါက ဒုက္ခိတလက်နှစ် ဖက်မရှိသည့်ဘဝသို့ရောက်သည့်တိုင် ဘဝကိုအရှုံးမပေးဘဲ လုံ့လ ဝီရိယနှင့်ကြိုးစားခဲ့ရာမှ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးဖြစ်လာခဲ့၏။



စိတ်တွင် ကြီးမားသောသတ္တိရှိ၏။ စိတ်မလျှော့လျှင် ထို ထူးခြားသောသတ္တိသည် ထင်ရှားလာ၏။ စိတ်သတ္တိသည် အခက် အခဲများကို ကျော်လွှားနိုင်၍ အောင်ပွဲကို ရစေနိုင်၏။ စိတ်သတ္တိ ကို ထင်ရှားပေါ်လွင်အောင်ကား လုံ့လ၊ ဝီရိယ၊ ဇွဲ စသည်တို့ကို ရင်းနှီးရ၏။

ဟာရီးရပ်ဆယ်တစ်ဦးတည်းသာမက ကိုယ်အင်္ဂါချွတ်ယွင်း သော်လည်း ကြီးမားသောဇွဲ၊ လုံ့လ၊ ဝီရိယတို့ကြောင့် အောင် မြင်မှုရရှိခဲ့သော ပုဂ္ဂိုလ်အများအပြားရှိ၏။

အင်္ဂလန်နိုင်ငံ၏သမိုင်းတွင် အင်္ဂလိပ်လူမျိုးတို့အား အခြား လူမျိုးတို့၏ စိုးမိုးခံရမှုအောက်မှ ကယ်တင်ခဲ့သောသူရဲကောင်း ပုဂ္ဂိုလ်ကြီးတစ်ဦးရှိ၏။ ထိုပုဂ္ဂိုလ်ကြီးမှာ လော့ဒ်နယ်လဆင် ဖြစ် သည်။ သူသည်ပြင်သစ်ရေတပ်အား ထရာဖောဂါ ရေကြောင်း တိုက်ပွဲဖြင့် အင်္ဂလိပ်လူမျိုးတို့အတွက် အနိုင်ရအောင် တိုက်ပေးခဲ့ ၏။ ထိုတိုက်ပွဲရှုံးပါက အင်္ဂလိပ်တို့သည် ပြင်သစ်တို့၏ ကိုလိုနီ ဘဝသို့ ကျရောက်မည်မှာသေချာ၏။

ထိုတိုက်ပွဲသည် အလွန်အရေးကြီးသော ရေကြောင်းတိုက်ပွဲ ကြီးဖြစ်၏။ အင်္ဂလိပ်တို့သည် ထိုရေကြောင်းတိုက်ပွဲတွင် အနိုင်ရ လိုက်သောကြောင့် ဗြိတိသျှရေတပ်မှာ ကမ္ဘာတွင်ပြိုင်ဘက် ကင်း

www.burmeseclassic.com

www.burmeseclassic.com



သောရေတပ်ကြီးတစ်ခုဖြစ်လာကာ ဗြိတိသျှရေတပ်၏ ဂုဏ်ကျက်သရေသည် တစ်ကမ္ဘာလုံးတွင် အမြင့်ဆုံးနေရာသို့ ရောက်ရှိခဲ့၏။ အင်္ဂလိပ်လူမျိုးတို့သည် လော့ဒ်နယ်လဆင်၏စွမ်းဆောင်မှုကို အစဉ်သတိရသောအားဖြင့် လော့ဒ်နယ်လဆင်၏ ကြေးရုပ်ကြီးကို ထုလုပ်ကာ ဂုဏ်ပြုစိုက်ထူထား၏။

တကယ်တော့ လော့ဒ်နယ်လဆင်သည် ထရာဖောဂါ ရေကြောင်းတိုက်ပွဲကို အနိုင်တိုက်စဉ်က သူ၏လက်တစ်ဖက်မှာ ရှုတ်ယွင်းပျက်စီးနေ၏။ သူသည် ကျန်လက်တစ်ဖက်ဖြင့် ကမ္ဘာကျော်ရေကြောင်းတိုက်ပွဲကြီး တစ်ခုကို အနိုင်တိုက်ယူခဲ့ခြင်း ဖြစ်ပါ၏။

သမ္မတကြီး ရုစဘဲ့ ဟုဆိုပါက ကမ္ဘာတွင် မသိသူမရှိကြပေ။ သူ့အကြောင်းကို မသိလင့်ကစား ကမ္ဘာကျော်သမ္မတကြီး တစ်ဦးဟုကား သိကြ၏။ ထိုထက် နည်းနည်းပိုသိသူများက သမ္မတကြီးရုစဘဲ့အား ဒုတိယကမ္ဘာစစ်သူရဲကောင်းကြီးအဖြစ် သိကြ၏။ ဒုတိယကမ္ဘာစစ်ကြီးကို အင်္ဂလိပ် အမေရိကန် စသော မဟာမိတ်တို့ကတစ်ဖက်၊ ဂျာမနီဟစ်တလာကတစ်ဖက်တိုက်ကြရာတွင် မဟာမိတ်တို့အနိုင်ရခဲ့သော်လည်း ထိုစစ်ပွဲကို လွယ်လွယ်နှင့် အနိုင်ရရှိခဲ့ခြင်းမဟုတ်။ ဒုတိယကမ္ဘာစစ်ကြီးကို မဟာမိတ်တို့



သည် ခြောက်နှစ်တိုင်တိုင် မျက်ပြူးဆန်ပျာဖြင့် မီးကုန်ယမ်းကုန်တိုက်ခဲ့ရ၏။

ဒုတိယကမ္ဘာစစ်ကြီးကို အနိုင်တိုက်ရာတွင် သမ္မတကြီးရုစဘဲ့သည် မဟာမိတ်တို့ဘက်မှ အလွန်အရေးပါ အရာရောက်သောခေါင်းဆောင်ကြီးဖြစ်၏။ သမ္မတကြီးရုစဘဲ့သည် ဒုတိယကမ္ဘာစစ်ကြီးအား ခေါင်းဆောင်မှုပေးခဲ့သဖြင့် သူသည် ကမ္ဘာ့သမိုင်းတွင် စစ်ခေါင်းဆောင်ကြီးတစ်ဦးအနေဖြင့်လည်း ကျော်ကြား၏။ ရုစဘဲ့၏အမည်သည် ကမ္ဘာကြေသော်လည်း ဥဒါန်းကျေမည်မဟုတ်ဘဲ ကမ္ဘာ့သမိုင်းစာမျက်နှာများတွင် ရုစဘဲ့ ဟူသောအမည်သည် အမြဲ ရှိနေမည်ဖြစ်၏။

ဒုတိယကမ္ဘာစစ်ကြီးအား အနိုင်တိုက်ခဲ့သောမဟာမိတ်တို့ဘက်မှ ခေါင်းဆောင်ကြီး ရုစဘဲ့သည် တကယ်တော့ ကိုယ်အင်္ဂါသန်စွမ်းကျန်းမာရှာသူမဟုတ်။ သူသည် သွက်ချာပါဒ ရောဂါရှိသည့် ရောဂါသည်တစ်ဦးဖြစ်၏။ သို့သော်သူသည် မြင့်မားသော စိတ်ဓာတ်ကိုထားရှိကာ ကြီးမားသော လုံ့လဥဿဟ တို့ဖြင့် ကမ္ဘာကြီးအား ကယ်တင်ခဲ့၏။

မြန်မာစာပေသမိုင်းတွင် သူမတူအောင် ထင်ရှားသော ဆိပ်တန်းစာဆိုကြီး စလေဦးပုညသည် ကိုယ်အင်္ဂါချို့ယွင်းမှုရှိသူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ဆရာကြီးဦးပုည၏ လက်တစ်ဖက်သည် သန်စွမ်းခြင်း မရှိပေ။

ထို့ကြောင့် လက်နှစ်ဖက်မရှိသူ၊ သွက်ချာပါဒရောဂါရှိ နေသူ၊ လက်တစ်ဖက်မသန်စွမ်းသူများပင် ကမ္ဘာကျော်ပုဂ္ဂိုလ်များဖြစ်သည် အထိ၊ စစ်သူရဲကောင်းကြီးများ ဖြစ်သည်အထိ ပြုလုပ်နိုင်ကြလျှင် ကိုယ်လက်အင်္ဂါ အပြည့်အစုံနှင့် ပုဂ္ဂိုလ်များသည် ဘာကြောင့် မိမိတို့ခန္ဓာကိုယ်တွင် အသင့်ရှိနေသော ဝီရိယစွမ်း အားကို အသုံးပြု၍ ဘဝအောင်ပွဲကို မရယူဘဲ ရှိနေကြသနည်း။

ကိုညွန့်သည် မိမိဘဝ၏ ချွတ်ယွင်းမှုလေး အနည်းငယ်ကို ပြုပြင်လိုက်ရုံဖြင့် စီးပွားရေးနယ်ပယ်တွင် အသုံးဝင်သော သူဌေး က လက်စွဲပြုရသော လူတစ်ယောက်ဖြစ်လာခဲ့၏။ မောင်ရက်ဆား သည် ဖင်ပေါ့မှုတစ်ခုတည်းဖြင့် လူကုံထံတစ်ဦး ဖြစ်လာခဲ့၏။

ထိုသို့ဆိုလျှင် ကျွန်တော်တို့ လူငယ်များသည် ဘာကြောင့် အောင်ပွဲကို မရနိုင်ဘဲရှိနေပါအံ့နည်း။ မြန်မာလူငယ်ထောင်ပေါင်း များစွာတို့သည် ကိုယ်လက်အင်္ဂါပြည့်စုံ၍ ဉာဏ်ရည်ဉာဏ်သွေး ကောင်းသူများဖြစ်၏။ မြန်မာလူငယ်များသည် သွက်လက်ဖျတ် လတ်၍ ဝီရိယ အစွမ်းအစရှိသူများဖြစ်၏။ သို့သော် မိမိတို့တွင် အနည်းငယ်သော အမှားအယွင်းများကားရှိ၏။ အပေါင်းအသင်း



များခြင်း၊ လုံ့လအားနည်းခြင်း စသည့်မပြောပလောက်သော ချွတ် ယွင်းမှုတို့ကို ပျက်အစဉ်ပြင်ခဏဆိုသည့် စကားနှင့်အညီ ခဏ ပြင်ရုံဖြင့် လူကောင်းသူကောင်းများဖြစ်လာပြီး ကိုယ်လိုချင်သော အောင်ပွဲကို ရယူနိုင်သည့် အခွင့်အလမ်းများ လူတိုင်း၌ရှိပေရာ ယနေ့မြန်မာ့လူငယ်တိုင်းသည် အောင်ပွဲရရှိရေးအတွက် လူကြီး များထက် အချိန်ပိုမိုကြွယ်ဝကြသည်လည်း မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း – ၇

## ကိုမျိုးသိန်း သို့မဟုတ် လူငယ်အောင်သစ္စာ

ကျွန်တော့်တွင် ဦးကျော်ဝင်းဆိုသော တာဖတ်ပရိသတ်တစ်ဦးရှိပါ၏။ သူသည်သိန်းငှက်မြေပဲထုပ်လုပ်ငန်းကို လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုသူဖြစ်၏။ ကျွန်တော်သည် ဗန်ကောက်တွင်လည်းကောင်း၊ စင်ကာပူတွင်လည်းကောင်း မြေပဲလိပ်များကို ဝယ်ယူစားသုံးဖူးရာ စင်ကာပူနှင့် ဗန်ကောက်မြေပဲလိပ်များသည် ကိုကျော်ဝင်း မြေပဲလိပ်၏ အဖျားအနားကိုပင် မမီသော်လည်း နိုင်ငံခြားတွင် မြေပဲလိပ်တစ်လိပ်ကို နှစ်ဘတ် သို့မဟုတ် ရှစ်ကျပ်နီးပါးပေးရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဇန်ကောက်၏ ကုန်တိုက်ကြီးများတွင် မြေပဲလိပ်ကို မျက်
ရှေ့တွင်လုပ်ပြကာ ရောင်းချကြ၏။ ကိုကျော်ဝင်း၏ သကြားဖြင့်
ပြုလုပ်ရသော မြေပဲလိပ်သည် အချိုအဆိမ့် အလွန်အဆင်ပြေ
အာဟာရပြည့်ဝမှုမှာလည်း မြေပဲလိပ်နှစ်လိပ်သည် ကြက်သား
တစ်တုံးလောက် ပရိုတိန်းဓာတ်ပါဝင်မှုရှိပေရာ ပရိုတိန်းလိုအပ်သော
ကလေးများအတွက် မြေပဲလိပ်သည် စားပျော်သောအာဟာရ
တစ်မျိုးဖြစ်၏။

ကိုကျော်ဝင်းက တိုက်ကြီးမြို့ဘူတာရုံရပ်ကွက် ဦးရွှေ
လမ်းတွင်နေ၍ ကျွန်တော့်စာအုပ်များကို အမြဲဖတ်၏။ ဖတ်ရုံတင်
သာမက စာအုပ်များကိုအပိုဝယ်ယူကာ မိမိတို့ရပ်ကွက်ရှိ လူငယ်
များအားစုရုံး၍ စာဖတ်ဝိုင်းတစ်ခုကိုလည်း ဖန်တီးထား၏။

ကိုကျော်ဝင်း စာဖတ်ဝိုင်းမှ လူငယ်တို့မှာ ကိုသန်းဇော်
ကိုဇော်မင်း၊ ကိုအုန်းစိန်အစရှိသောလူငယ်များဖြစ်၍ ကိုကျော်ဝင်း
သည် လူကြီးများအားလည်း စာအုပ်များကို ဖြန့်ဝေဖတ်ရှုစေ
ကိုကျော်ဝင်းသည် ရံဖန်ရံခါလည်း ကျွန်တော့်အား တိုက်ကြီး
ဖိတ်၏။ ဒေါက်တာမျိုးသန့်တင်၏ ခတ္တိယ စကားဝိုင်းကိုယ
တိုက်ကြီး၌ ကျင်းပရန် ဖိတ်ကြားစီစဉ်ပေးသူဖြစ်



တစ်နေ့တွင်တော့ ကိုကျော်ဝင်းက ကျွန်တော့်တွင် လူငယ်တစ်ယောက်ရှိသည်။ ထိုလူငယ်ကဆရာ့အား ကန်တော့လိုပါ၍ ဆရာနှင့်တွေ့ပါရစေဟု လာပြောသည်ဟု ဆိုပါ၏။ ကျွန်တော်ကလည်း သိပ်ကန်တော့ခံချင်သူ မဟုတ်။ ကန်တော့ဖို့အတွက်ကလည်း တကူးတက ခွင့်တောင်းရန် မလိုဟုထင်၏။ တစ်ဖန် အကြောင်းမရှိဘဲလည်း ကန်တော့ရန်မလိုဟုထင်ပါ၏။ ကျွန်တော်က ဘာပြုလို့ကန်တော့ချင်တာလဲ၊ ကန်တော့ချင်တဲ့ လူငယ်က ဘယ်သူလဲဟုဆိုတော့ ကန်တော့လိုသောလူငယ်မှာ မောင်မျိုးသိန်းဆိုသောလူငယ် ဖြစ်သည်။ သူက သုံးဆယ်တွင် နေသည်ဟု ဆိုပါ၏။ သူကဆရာ့စာအုပ်ဖတ်ပြီး ကြိုးစားရာက သူအောင်မြင်မှုရရှိသောကြောင့် ကျေးဇူးတင်သဖြင့် ကန်တော့လိုခြင်းဖြစ်သည်ဟုပြောပါ၏။ "ကိုကျော်ဝင်း အဲဒီလူငယ်ခေါ်ခဲ့ဗျာ၊ ကန်တော့တာထက် သူဘယ်လို ကြိုးစားတယ်ဆိုတာ ကျွန်တော်သိချင်တယ်" ဟုဆိုတော့ ကိုကျော်ဝင်းက "ဆရာ တိုက်ကြီးကို လာခဲ့ပါ။ ကျွန်တော်လည်း ဆရာ့ကို ထမင်းကျွေးချင်လို့ တိုက်ကြီးမှာက ငှက်သား၊ ဂျီသား၊ ကြွက်၊ မြွေအစုံရတယ်" ဟုဆိုပါ၏။ ကဲ ဒီလိုဆို အဲဒီကလေးလည်းချိန်းထား၊ ကျွန်တော်လာခဲ့မယ် ဟုဆိုကာ ကျွန်တော်သည် တနင်္ဂနွေနေ့တစ်နေ့ဝယ် ကန်တော့ခံရန်၊ အသားစုံနှင့် နံနက်စာစားရန် တိုက်ကြီးရှိ ဦးကျော်ဝင်းအိမ်သို့ သွားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြီးတွင် ဦးကျော်ဝင်းက သူမြေပဲယိုနှင့် အခြား မုန့်မျိုးစုံလုပ်ငန်း၏တိုးတက်မှုများကို ပြသပါ၏။ သုံးဆယ်မှ လူငယ်တစ်ဦးဖြစ်သူ မျိုးသိန်း ၂၇-နှစ် အားလည်း ခေါ်၍ထားပါ၏။ ကိုမျိုးသိန်းသည် အသားအရည် စိုစိုပြည်ပြည်နှင့် ကျန်းမာသော လူငယ်တစ်ယောက်ဖြစ်သည်။ ကျွန်တော်နှင့်တွေ့တော့ သူက စကားတွေ အများကြီးအားရပါးရ ပြောလိုသော်လည်း လူကြီးရှေ့တွင်ဖြစ်၍ အနည်းငယ် ကိုယ်ရှိန်သတ်ထားဟန်ရှိ၏။

ကျွန်တော်က သူ့ဘဝအကြောင်းကို စမေး၏။ သည်တော့ သူက ရှိရှိသေသေပင် ပြောပြပါ၏။ ကိုမျိုးသိန်းက ကမာရွတ် လှည်းတန်း၌ မိဘနှစ်ပါးဖြစ်သော အဖဦးရွှေသိန်း၊ အမိဒေါ်လှမေ တို့မှ မွေးဖွား၏။ ငယ်စဉ်က ရန်ကုန်မြို့ ကမာရွတ် လှည်းတန်း ပတ်ဝန်းကျင်၌ ကြီးပြင်းလာသည်။ ထိုစဉ်က ဖခင်ကြီးဖြစ်သူမှာ အမှတ်(၈)လိုင်းတွင် စပယ်ယာလုပ်ကိုင်၏။ နောက်တော့ ဖခင် ဦးရွှေသိန်းက ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ဆင်ထိန်းအလုပ် ပြောင်းလုပ်၏။ ထို့ကြောင့် ကိုမျိုးသိန်းတို့ မိသားစုသည် လှည်းတန်းမှ မင်္ဂလာတောင်ညွန့်သို့ ပြောင်းလာခဲ့သည်။ ဖခင်ကြီးသည် မေ့ဆေးသေနတ်ဖြင့် ပစ်ဖမ်း၍ရသောဆင်များကို ယဉ်ပါးအောင်လုပ်ဆောင်ရ၏။ ဖခင်ကြီး၏ ကြိုးစားမှုကြောင့် ယခင်ကထက်လည်းဝင်ငွေပိုလာ၏။ ထို့ကြောင့် ကိုမျိုးသိန်းသည် မင်္ဂလာ




တောင်ညွန့် မူလတန်းကျောင်းတွင် မကြောင့်မကျ ပညာသင်ကြားခွင့် ရလာ၏။ ထို့မှတစ်ဆင့် အထက(၁)မင်္ဂလာတောင်ညွန့်၌ အလယ်တန်းပညာများကို ဆက်လက်သင်ကြား၏။

ထိုအချိန်တွင် မိဘများစီးပွားရေး ချောင်လည်နေသဖြင့် သိပ်ဆင်းဆင်းရဲရဲ မနေခဲ့ရပေ။ သို့သော် ကိုမျိုးသိန်း ခုနစ်တန်းရောက်ချိန်တွင် ဖခင်ကြီးထံ မိတ်ဆွေတစ်ဦးကလာ၍ ကျားပါးစပ်ငါးသလောက်ပိုက်လုပ်ငန်းသည် စီးပွားဖြစ်သည်။ စပ်တူတွဲလုပ်ကြရအောင်ဟုဆိုကာ ကျားပါးစပ်ပိုက်လုပ်ငန်းကို လုပ်ကြ၏။ ထိုလုပ်ငန်းသို့ ကိုမျိုးသိန်းလည်း လိုက်သွားရသည်။ ကျားပါးစပ်ထောင်ကြရာ လုပ်ငန်းအစတွင် ငါးသလောက်နှင့် ပုစွန်ထုပ်ကြီးများပင်ရ၏။ ရန်ကုန်မြစ်ဝလောက်တွင်သွားဖမ်းကြရသည်။ ပထမပိုင်း၌ လုပ်ငန်းမဆိုးလှသော်လည်း တစ်နေ့တွင် ဘာငါးမှန်းမသိသော ရေမငါးကြီးတစ်ကောင်ကို ဖမ်းမိ၏။ အတွေ့အကြုံရှိသောငါးသမားတို့က ဤငါးကြီးဖမ်းမိသည်ကို အတော်ကြီးထိတ်လန့်ကြကာ လုပ်ငန်းကို ဆက်မလုပ်ကြရန်ပင် ပြော၏။ သို့သော် ကိုမျိုးသိန်းတို့ အဖေကာသိပ်အယူမသည်းဘဲ ထိုလုပ်ငန်းကိုဆက်လုပ်၏။ တကယ်လည်း ထိုငါးကြီးကို ဖမ်းမိပြီးသည့်နောက်ပိုင်း ကိုမျိုးသိန်းတို့၏ စီးပွားရေးသည် ဒလဟောကျဆင်းကာ ဘာလုပ်လုပ် လုပ်သည့်အလုပ်တိုင်း အဆင်မပြေဖြစ်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com





ဂျုံမှန်လှငယ်တစ်ယောက်အကြောင်းကိုဖတ်၍ ကြိုးစားအားထုတ်ခဲ့သော လှငယ်အောင်သစ္စာ ကိုမျိုးသိန်း



လုပ်ငန်း အဆင်မပြေသဖြင့် တစ်ခုပြီးတစ်ခု ပြောင်းခဲ့ရကာ နောက်ဆုံး မိဘများသည် ထမင်းချိုင့်ပို့သောလုပ်ငန်းကို လုပ်ကြရပြန်၏။ စိန့်ဂျွန်းဈေးထဲတွင် ဈေးလာဖွင့်ကြသော ဆိုင်ရှင်များက လပေး တစ်လ ၁၅၀ ကျပ်နှင့် ထမင်းချိုင့် မှာစားကြရာ ကိုမျိုးသိန်းက ထမင်းချိုင့်ပို့ရသည်။ ထမင်းချိုင့်ပို့ပြီး ထိုချိုင့်ကို စားပြီးသည်အထိ စောင့်ယူရပေရာ စိန့်ဂျွန်းဈေးအနီးရှိ ညောင်ပင်ကြီးတစ်ပင်အောက်တွင်ကိုမျိုးသိန်းသည် ရွှေဂေါင်းပြောင်ကာတွန်းတော်ရင်း စောင့်ရ၏။

ထိုချိုင့်များကိုယူ၍ အိမ်ပြန်ဆေးကြောပြီး ညနေပိုင်း တွင် မှုန့်တောင်ဘက်သို့ပို့ရပြန်၏။ ကိုမျိုးသိန်းသည် ငယ်စဉ် ကပင် စာဖတ်ဝါသနာပါ၍ တစ်နေ့ ကီလီလမ်းထိပ်ရှိ ခရေပင်ကြီး တစ်ပင်အောက်၌ ကာတွန်းဖတ်နေစဉ် လူတစ်ယောက် ရောက်လာပြီး မင်းစာဖတ်ဝါသနာပါသလား။ ငါ့အိမ်မှာ စာအုပ်တွေ ရှိသည်။ မင်းလိုက်ယူ၊ မင်းလိုကလေးမျိုးကို ငါစာအုပ်ပေးချင်သည်ဟုဆိုသဖြင့် ထိုလူ၏အိမ်သို့ စာအုပ်လိုက်ယူရန်ပြင်၏။ ထိုအချိန်တွင် ယင်းပုဂ္ဂိုလ်က နေဦး၊ ငါဟောဟိုကဆိုင်မှာ ဂုန်နီကြီး ဝယ်ထားတယ်။ ငွေလည်း ၂၅ ကျပ်ပေးထားပြီးသား၊ မင်းသွားယူ စမ်းဟုခိုင်းရာ ထအသွားတွင် မင်းချိုင့်တွေထားခဲ့ဟုဆိုသဖြင့် ချိုင့်များကိုထား၍ ဂုန်နီကြီးသွားယူရာ ဆိုင်ကဂုန်နီကြီးမပေးသိုက်

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ပြန်လာရာ ထိုလူလည်းမရှိတော့မှ ထမင်းချိုင့်များကို လိမ်ယူ သွားမှန်းသိရ၏။

ချိုင့်များဆုံး၍ ထမင်းပို့လုပ်ငန်းကလည်း မကောင်းသဖြင့် ဖခင်ကြီးက စက်မှုဆောင်ရွက်မှုလုပ်ငန်း ကော်ပိုရေးရှင်းတွင် အလုပ်လျှောက်ရာ အလုပ်ပြန်ရသောအခါ မိသားစုများသည် စလေသို့ပြောင်းသွားရ၏။ ထိုအခါ မောင်မျိုးသိန်းက ရန်ကုန်တွင် နေခဲ့၏။ ရန်ကုန်အဘိုးအိမ်တွင်နေခဲ့ရာ အဘိုးက အိမ်တွင် ထမင်း ကျွေးသော်လည်း သုံးသည့်စရိတ်ကိုမင်းဟာမင်းရှာဟုဆို၍ အဘိုး၏ တက္ကစီအငှားကားများကို ရေဆေးပေးရ၏။ အဘိုးက ကားတစ်စီး ရေဆေးလျှင် သုံးကျပ်ပေး၏။ အဘိုးသည် ကျောင်းသို့သွားရန် ဘတ်စ်ကားခ တစ်နေ့ ပြား ၃၀ တော့ပေး၏။ မိဘများနှင့် လည်းခွဲနေရ၊ လုပ်ငန်းကိုင်ငန်းကလည်း အဆင်မပြေ၊ စာမေးပွဲ ကလည်း အစိုးရစစ်ဖြစ်သောကြောင့် ထိုနှစ်တွင် ကိုမျိုးသိန်း ရှစ်တန်း စာမေးပွဲကျ၏။

စာမေးပွဲကျသဖြင့် ဘာလုပ်ရမည်ကို စဉ်းစားနေစဉ် ကိုမျိုးသိန်း၏ အဒေါ်တော်သူတစ်ဦး ရန်ကုန်သို့ရောက်လာပြီး ခေါ်သဖြင့် ပြည်တစ်ဖက်ကမ်း ဆင်တဲသို့ လိုက်သွားကာ ဆင်တဲ၌ ကျောင်းဆက်နေ၏။ ထိုနှစ်တွင် စာကြိုးစားလိုက်ရာ



ရှစ်တန်း အောင်မြင်ပြီး ထုံးဘို စက်မှုသင်တန်းကျောင်းတွင် သင်တန်းဆက်တက်သည်။ ၂ နှစ်သင်တန်းအပြီးတွင် ဆင်တဲ၌ပင် အလုပ်ပြန်ရ၏။ ကျောင်းဆင်းလစာ ၁၅၀ ကျပ်နှင့် သုံးနှစ် လုပ်ပြီး ဤလုပ်ငန်းဖြင့်တော့ ဘဝမတိုးတက်နိုင်ဟု စဉ်းစားကာ မောင်မျိုးသိန်းသည် အလုပ်မှထွက်ခဲ့၍ ရန်ကုန်သို့ ပြန်ခဲ့၏။ ကိုမျိုးသိန်းသည် ငွေလိုတာ၊ အလုပ်လိုချင်တာကလွဲ၍ ဘဝ အကြောင်းကို သိပ်နားမလည်။ သို့သော် ဝီရိယ နှင့်ခွဲတော့ရှိ၏။ ယခုတစ်ကြိမ် ရန်ကုန်ပြန်ရောက်သောအခါ အဘိုး၏ဟရိဘောဂ လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ရာ အဘိုးက ကော်ပတ်စား တစ်နေ့ ၅ ကျပ်နှင့် အလုပ်စပေးသည်။ နောက်တော့ ပေါလစ် သုတ်တာသင်ပေးသည်။ ပေါလစ်ပညာတတ်သော် မင်းပေါလစ် ပညာတတ်ပြီ၊ တခြားမှာသွားလုပ်တော့ဟုဆို၍ ကိုမျိုးသိန်းသည် မိမိလို အလုပ်သမား သုံးလေးဦးကိုစုပြီး အိမ်များတွင် လိုက်၍ ပေါလစ်တင်ပေး၏။

"ပေါလစ်သုတ်တဲ့နေရာမှာ ကျွန်တော်က အိမ်ထဲမှာ မလုပ် ဘဲ လမ်းဘေးထွက်ပြီး ဟန်နဲ့ပန်နဲ့သုတ်တော့ ကျွန်တော်တို့ စေတနာနဲ့ တက်ညီလက်ညီ လုပ်တာကို မြင်တဲ့သူတွေက မော်တော်ကားတွေထိုးရပ်ပြီး ဒီအလုပ်ပြီးရင် ငါတို့အိမ်မှာလာပြီး

www.burmeseclassic.com

www.burmeseclassic.com



သုတ်ကွာဆိုပြီး အိမ်လိမ်စာတွေ ပေးသွားတာ တစ်ဆင့်ကနေ တစ်ဆင့် အလုပ်ကိုနားရတယ်တောင် မရှိပါဘူး။ ဆရာရယ်"

"အဲ ကျွန်တော်တို့ ဧည့်ခန်းတွေထဲက စားပွဲတွေ ကုလားထိုင်တွေသုတ်တဲ့အခါ အချို့ဧည့်ခန်းတွေထဲမှာ ဆရာ့စာအုပ်တွေကို စတွေ့တာပဲ။ ကျွန်တော်ကကိုင်ကြည့်တော့ အိမ်ရှင်က ဖတ်ချင်ရင်ယူဖတ်ဆိုတာနဲ့ အိမ်ရှင်ဆီက ငှားဖတ်ကြရတယ်။ နောက်ကျွန်တော်ကခေါင်းဆောင်ပြီး ဂျပန်လူငယ် တစ်ယောက် အကြောင်းတို့၊ မြန်မာလူငယ် တစ်ယောက်အကြောင်းတို့ ထဲက စာပိုဒ်တွေကိုဖတ်ကြတယ်။ အလွတ်ကျက်ကြတယ်။ နောက်ပြီး အဲဒီစာအုပ်တွေကို ကိုယ်ပိုင်ဝယ်ထားကြတယ် ဆရာရဲ့" ဟုဆို၏။

မောင်မျိုးသိန်းသည် တစ်နေ့လောက် ပေါ်လစ်သုတ်ရ ငွေလေးအတော်အတန်ရမိခဲ့၏။ မိုးကျလာသောအခါ ပေါ်လစ် လုပ်ငန်းသည် မိုးရွာသည့်ရက်ကိုရှောင်ရသဖြင့် အလုပ်မဖြစ်သော ကြောင့် ကိုမျိုးသိန်းသည် ရရှိသောပေါ်လစ်သုတ်ခငွေများနှင့် ပုစွန်ခြောက်များဝယ်ယူကာ မှုဆယ်နန့်ခမ်းကို တက်သွားသည်။ မှုဆယ်ပွဲရုံသို့ရောက်တော့ ပွဲရုံများတွင် ပုစွန်ခြောက်ကို လိုက်စပ် ရာ ဈေးနှိမ်သဖြင့် မိမိပုစွန်ခြောက်များကို လမ်းဘေးတွင် မိမိ ဘာသာချရောင်း၏။ ထိုအခါ ဈေးကွက်ပျက်မည်စိုး၍ ပွဲရုံများ ကပင် မိမိပုစွန်ခြောက်များကို လာ၍ဝယ်သွား ကြသည်ဟုဆို၏။



အရေးအခင်းဖြစ်ချိန်တွင် ကိုမျိုးသိန်းသည် ဖားအံတွင်ရောက် နေ၏။ ဘာမှလည်းလုပ်၍မရ။ ဘုန်းကြီးကျောင်း တည်းနေရာမှ အလကားနေလို့တော့ မဖြစ်ဘူးဟုဆိုကာ ဖားအံမှ ဆရာတစ်ဦး ထံတွင် ပန်းတိမ်ဝင်၍သင်၏။ ပန်းတိမ်ပညာသည် စိတ်ငင်စား စရာကောင်း၍ တတ်ထားသင့်သော ပညာတစ်ရပ်ဟု ကိုမျိုးသိန်း ကဆို၏။ အရေးအခင်းပြီးသောအခါ ကိုမျိုးသိန်းသည် မိမိ တတ်ထားသော ပန်းတိမ်ပညာနှင့် ရန်ကုန်သို့ ပြန်လာခဲ့၏။

ရန်ကုန်သို့ရောက်တော့ ကော့သောင်းမှ ညီဝမ်းကွဲ တော်သူ တစ်ဦးက သွေးကင်ဆာဖြစ်၍ ရန်ကုန်တွင် ဆေးလာကုသည်။ ထိုအခါအတူလိုက်ပါသူ အဒေါ်က ငါ့တူ ငါတို့ဘက်တွင် အလုပ် ကောင်းသည် မင်းလိုက်မလားဟုဆိုရာ အလုပ်ကောင်းရင် လိုက်မည် ဟုဆိုပြီး မောင်မျိုးသိန်းသည် ကော့သောင်းသို့ လိုက် သွားခဲ့၏။

ပေါ်လစ်လုပ်ငန်းနှင့် ပုစွန်ခြောက်လုပ်ငန်းမှ ရရှိသောငွေ လေးမှာလည်း အရေးအခင်းကာလအတွင်း ကုန်သလောက်ရှိ သွား၏။ အဒေါ်၏လုပ်ငန်းမှာ မြိတ်ကျွန်းစုများမှ ကျွန်းများပေါ် တွင် မီးသွေးဖုတ်ရ၏။ ကျွန်းများသည် လူသူအရောက်အပေါက် နည်း၍ တောထူထပ်ကာငှက်ဖျားလည်းရှိ၏။ သို့သော် ကိုမျိုးသိန်း

www.burmeseclassic.com

www.burmeseclassic.com



သည် ငှက်ဖျားကာကွယ်ဆေးကို သတိနှင့်စား၍ အလုပ်ကို ကြိုးစားလုပ်၏။ အလုပ်လုပ်သလောက် ငွေရ၏။ ကိုမျိုးသိန်းတို့က မီးသွေးဖုတ်ပြီးကော့သောင်းသို့ပို့ရ၏။ ယင်းမှတစ်ဆင့် ပွဲစားများက ရနောင်းသို့ပို့ကြသည်ဟုဆို၏။ မြိတ်ကျွန်းစုမှ မြန်မာမီးသွေးသည် ထိပ်တန်းစား မီးသွေးဖြစ်ပြီး စင်ကာပူ၊ မလေးရှားမှ တစ်ဆင့် အီဂျစ်အထိပို့သည်ဟု ကြားရကြောင်း ကိုမျိုးသိန်းက ပြော၏။ ထိုင်းဈေးကွက်တွင် ကမ္ဘောဒီးယားမီးသွေး၊ မလေးရှားမီးသွေး တို့လည်းရှိရာ မြန်မာ့မီးသွေးသည် အကောင်းဆုံး၊ ဈေးအရဆုံး ဖြစ်၏။ မြန်မာ့မီးသွေးသည် ဟိုတယ်ကြီးများ၌ အသား ကင်လုပ်ရာတွင် မြန်မာ့မီးသွေးနှင့် ကင်ပါက မီးကျီးခဲ ကောင်းကောင်းရ၏။ မီးခိုးထွက်ခြင်းမရှိဟုဆို၏။

ကိုမျိုးသိန်းက ကျွန်တော်မြိတ်ကျွန်းစုအထိ ဆရာ့စာအုပ်တွေကို သယ်သွားတယ်။ ဟိုမှာလည်း အခြားလူငယ်တွေကို ဖတ်ပြတယ်။ တချို့လည်းစိတ်ဝင်စားကြတယ်။ တချို့ကတော့ စာမဖတ်ကြဘူးဟုဆို၏။ ဆရာ့စာအုပ်ထဲက—

"တိရစ္ဆာန်တွေမှာ သူတောင်းစားလည်း မရှိဘူး။ သမ္မတလည်း မရှိဘူး။ လူတွေမှာ သူတောင်းစားလည်း ရှိတယ်။ သမ္မတလည်း ရှိတယ်။ ကြိုးစားတဲ့သူဟာ သမ္မတဖြစ်လာပြီး



မကြိုးစားတဲ့သူဟာ သူတောင်းစားဖြစ်တာပဲ။ မင်းဟာလူဖြစ်နေလို့ သူတောင်းစား လုပ်မလား၊ သမ္မတ လုပ်မလား၊ တစ်ခုခု ရွေးရမယ်။ သမ္မတဖြစ်ချင်ရင် အလုပ်လုပ်။ သူတောင်းစားဖြစ်ချင်ရင်တော့ တောင်းစားကွာ" လို့

သူဦးလေးက ရှီရှီဒိုးကို ပြောလိုက်တဲ့စကားဟာ ကျွန်တော့်အတွက် ရွေးချယ်ရမယ့်နည်းလမ်းကို ဖော်ပြတဲ့ စကားပဲ ဆရာ ဟုဆို၏။

ရှီရှီဒိုးပြောတဲ့ စကားတစ်ခုထဲမှာ—

"ကျွန်တော်တို့ တစ်တွေဟာ မိတ်ဆွေဖြစ်ကြရုံနဲ့ မပြီးဘူး။ မိတ်ဆွေဖြစ်မှုမှာ အလုပ်ပါရမယ်။ သစ္စာရှိရမယ်။ သစ္စာမဖောက်ရဘူး True Attitude ရှိရမယ်"

လို့ပြောတာကို ကျွန်တော်အသည်းစွဲအောင် မှတ်ထားပါတယ် ဟု ကိုမျိုးသိန်းက ဆို၏။

ကိုမျိုးသိန်းသည် မြိတ်ကျွန်းစု၌ မီးသွေးဖုတ်သည့် လုပ်ငန်းကို တစ်နှစ်ကျော်လုပ်ခဲ့ပြီး ရန်ကုန်သို့ပြန်လာခဲ့၏။ ယင်းလုပ်ငန်းမှာ သက်စွန့်ဆံဖျား လုပ်ရသောလုပ်ငန်းဖြစ်ပြီး ဘဝကို လုပ်ကြ

www.burmeseclassic.com

www.burmeseclassic.com



သူများမှာလည်း စရိုက်ကြမ်း၏။ မိမိပြန်လာသောအခါ မိမိ၏ အရင်းအနှီးလည်း အတော်အတန်ရခဲ့၏။

ပြန်လာပြီးနောက် မိမိဘာဆက်လုပ်ရမလဲ ဟူ၍ စဉ်းစားကာ လုပ်ငန်းများကိုလိုက်၍ရွေးရာတွင် ကိုမျိုးသိန်းသည် ပန်းတိမ်လုပ်ငန်းတတ်သဖြင့် ယင်းလုပ်ငန်းကို အခြေခံ၍ ကျောက်သွေးလုပ်ငန်းကို ထူထောင်ရသော်မဆိုးဟု စဉ်းစားကာ ကျောက်သွေးလုပ်ငန်းကိုလုပ်ကိုင်ခဲ့၏။ ကျောက်ရိုင်းတုံးများသည် နိုင်ငံခြားမှ ဝင်၍ မိမိတို့ကလက်ခစားသွေးပေးရသည်လည်းရှိ၏။ ကျောက်ရိုင်းတုံးများကိုဝယ်၍သွေးကာ အချောကိုင်ပြန်ရောင်းရသည်လည်းရှိ၏။ ကျောက်ရိုင်းတုံးများသည် ထိုင်းနိုင်ငံဘက်မှဝင်၍ ပစ္စည်းချော များကို တစ်ကမ္ဘာလုံးသို့ဖြန့်၏။ ကိုမျိုးသိန်းတို့သွေးထားသော ကျောက်များသည် အလွန်သပ်ရပ်၍ တကယ့်စိန်နှင့်မခြားလှပ၏။ မက်မောစရာပင်ဖြစ်၏။

ကိုမျိုးသိန်းသည် မိမိတွင်ရှိသော ငွေရင်းငွေနှီးဖြင့် သုံးဆယ်တွင် အခြေစိုက်ကာ ကျောက်သွေးလုပ်ငန်းကို လုပ်ကိုင်၏။ ယခုအခါ ကိုမျိုးသိန်းထံတွင် ကျောက်သွေးအလုပ် သမား ၃၀ ကျော်ရှိ၏။ ကိုမျိုးသိန်းသည် ဘဝတူလူငယ်များအား စုစည်းကာ စုပေါင်း လုပ်ဆောင်ကြ၏။



ကိုမျိုးသိန်းက "ကျွန်တော်အခု ရင်းနှီးသလောက် ကတော့ လူတိုင်း ရင်းနှီးနိုင်ကြပါတယ်။ ဒါပေမယ့် ကျွန်တော့် လုပ်ငန်း အောင်မြင်တာကတော့ ဆရာ့ရဲ့ **စိတ်ကောင်းရှိဖို့** ပထမ ဆိုတဲ့စာအုပ်ကို လက်ကိုင်ထားလို့ပါပဲ။ ကျောက်လုပ်ငန်း၊ ပန်းတိမ်လုပ်ငန်းကိုလုပ်တော့ ဒီလုပ်ငန်းထဲကို ဘယ်သူဝင်ဝင် ဘူးညွန့် လောက်တော့ ကောက်တဲ့လူရှည်းပဲလို့ပြောတဲ့ စကားရှိတယ်။ ကျွန်တော်ကတော့ ပန်းတိမ်လုပ်ငန်း၊ ကျောက်လုပ်ငန်းကို မလိမ် ဘဲမညာဘဲ သစ္စာတရားနဲ့ အလုပ်လုပ်မယ်လို့ ကြွေးကြော်ပြီး ကျွန်တော့်ရဲ့ ကျောက်သွေး လုပ်ငန်းကိုလည်း အောင်သစ္စာ ကျောက်သွေးလုပ်ငန်း လို့နာမည်ပေးခဲ့တယ်" ဟုဆိုပါ၏။

ကိုမျိုးသိန်းသည် အသက် ၂၅ နှစ်သာရှိသေးသော် လည်း လူ ၃၀ ကျော်ပါဝင်လုပ်ဆောင်နေသော စီးပွားရေး လုပ်ငန်းတစ်ခု ကို အောင်မြင်စွာ ဦးဆောင်နေသူတစ်ဦးလည်း ဖြစ်၏။ သူသည် ရိုးသားမှု၊ သစ္စာရှိမှုတို့ကို အခြေခံထားသကဲ့သို့ လုံ့လ၊ ဝီရိယနှင့် အချိန်ကို လေးစားသူ လူငယ်တစ်ဦးဖြစ်၏။ သူသည် အလုပ် အကိုင်မရွေး ပညာဟူသမျှကို တန်ဖိုးထား၍ ဝီရိယ အင်အား ကောင်းသူ တစ်ဦးလည်းဖြစ်၏။ ကိုမျိုးသိန်းသည်အလုပ်ကို ခိုကပ်ခြင်းမရှိဘဲ ဖွဲ့နှင့်လုပ်ဆောင်သူလည်း ဖြစ်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူသည်စာပေကိုလေ့လာ၍ စာပေမှုရရှိသော သင်ကြားမှုကို ဘဝတွင် လက်တွေ့လိုက်နာအကောင်အထည်ဖော်သူ လူငယ်တစ်ဦးဖြစ်ပါ၏။ ကိုမျိုးသိန်းက သူ့ဘဝအကြောင်းကိုပြောပြပြီး ဦးကျော်ဝင်းကလည်း ဖြည့်စွက်၍ပြော၏။ ထို့နောက်တော့ သူက ကျွန်တော့်အား မြေကြီးပေါ်တွင် ကျုံ့ကျုံ့ထိုင်ကာ ဦးချကန်တော့ပြီး "ဆရာ ဒီနေ့ အလုပ်သမားတွေကို လုပ်ခရှင်းစရာရှိ၍ ပြန်ပါဦးမည်" ဟုဆိုကာ နေ့လယ် ၂ နာရီလောက်တွင် တိုက်ကြီးမှ သုံးဆယ်သို့ ပြန်သွားပါ၏။

လုံ့လ၊ ဝီရိယ၊ ဖွဲ့သတ္တိနှင့် ရိုးသားမှု၊ သစ္စာရှိမှုတို့ကိုအခြေခံကာ မိမိဘဝအား မိမိဘာသာ ရုပ်လုံးဖော်နေသော မြန်မာလူငယ်တစ်ယောက်၏ ကျောပြင်အားကြည့်ကာ ထိုနေ့က ကျွန်တော်သည် ကြည်နူး၍မဆုံးဖြစ်ခဲ့ရပါ၏။

# အခန်း – ၈

## ဆပ်ပြာမှုန့်ရောင်းသမား တာဗတ်

BURMESE CLASSIC .com

ကျွန်တော်သည် တိုက်ကြီးမှ ပြန်လာပြီးသောအခါ လုံ့လ၊ ဝီရိယဖြင့် ကြိုးစား၍ ထိပ်တန်းသို့ ရောက်ခဲ့သော စာများကို ဆက်ဖတ်ရာ **ဂါစီယာထံသို့သဝဏ်လွှာဆောင်းပါး** ကို ရေးသားသော **ဆောင်းပါးရှင်အဲလဗတ်ဟားဗတ်** ဆိုသူ၏ အကြောင်းကိုလည်း ဖတ်မိပါ၏။

ကိုမျိုးသိန်းသည် အသက် ၂၇ နှစ်သို့ ရောက်ချိန်တွင် အလုပ်သမား ၃၀ ကျော်ကို အုပ်ချုပ်လုပ်ကိုင်နေသော လုပ်ငန်းရှင်တစ်ဦးအဖြစ်သို့ရောက်ရှိနေပြီဖြစ်၏။ သို့သော် ကမ္ဘာ့ကျော်

www.burmeseclassic.com



ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ အဲလဗတ် ဟားဗတ်ဆိုသူကား အသက် ၃၆ နှစ်သို့ရောက်သည့်တိုင် သူ၏ဘဝသည် ဘာမှရေရေရာရာ မရှိသေးဘဲ ဖြစ်၏။ အဲလဗတ် ဟားဗတ်သည် အသက် ၃၆ နှစ်အရွယ်တွင် သူမွေးဇာတိမြေဖြစ်သော အီလီနွိုက်မြို့မှ ဈေးလေးတစ်ခု၏အဝတွင် ဆပ်ပြာနမူနာများကို ရောင်းနေရဆဲဖြစ်၏။

"ကျွန်တော် ဒီအချိန်မှာ ဒီဈေးရဲ့ ဒီနေရာမှာ အမြဲရှိနေပါတယ်။ ကျွန်တော့်ဆပ်ပြာကို ဒီနေ့တစ်တုံးလောက်ဝယ်သွားကြည့်။ မနက်ဖြန် ဆပ်ပြာမကောင်းဘူးဆိုရင် ကျွန်တော့်ခေါင်းကို လာခေါက်ပါ။ အာမခံနဲ့ ကုမ္ပဏီက ဒါရိုက် လာရောင်းနေတာပါဗျာ" ဟု ဟားဗတ်က ဟန်ပါပါနှင့် အော်၍ ကြော်ငြာနေပါ၏။

သူသည် ဗန္ဓုလကုမ္ပဏီက လပ်(စ)ဆပ်ပြာ ရောင်းသလို အဆိုတော်တွေ၊ ရုပ်ရှင်သရုပ်ဆောင် မင်းသမီးတွေ တပြုံးပြုံးခေါင်းနှင့် မကြော်ငြာနိုင်။ ဗိုးဆပ်ပြာမှုန့်လို မေသန်းနုကဲ့သို့ ထားဝယ်သံဝဲဝဲ ချစ်စရာအသံလေးနှင့် ဗိုးရဲ့ကျေးဇူးကြောင့်ပါပဲရှင်ဟုလည်း မပြောနိုင်ဘဲ ဖေါ့ဦးထုပ်ကြီးကိုဆောင်းကာ ဘွတ်ဖိနပ် အရှည်ကြီးကိုဝတ်ထားသော ဟားဗတ်သည် တစ်မနက်တွင် ဆပ်ပြာဆယ်ခဲလောက်ထွက်ဖို့ အရေး ဈေးဝတွင် မနည်းကြီးအော်ရ၏။ သူ့အား ဈေးခေါင်းက အော်ထုတ်ခံရမည်ကိုလည်း ဟားဗတ်က ကြောက်ရသေးသည်။



သို့သော် ဟားဗတ်သည် ထိုအချိန်မှစ၍ စာပေ ဝါသနာပါနေသူတစ်ဦးဖြစ်၏။ ဆပ်ပြာရောင်းရင်း သူ့ထံတွင်စာအုပ်သုံးလေးအုပ်တော့အမြဲပါသည်။ အီလီနွိုက်နယ် တစ်ဝိုက်ရှိ မြို့လေးများတွင် ဆပ်ပြာနမူနာလိုက်ရောင်းသောအခါတွင်လည်း ဆပ်ပြာနမူနာသာမက စာအုပ်များပါ ပါ၏။ ဆပ်ပြာရောင်းရင်း နားသောအခါစာအုပ်များကိုဖတ်၏။ ကျွန်တော်က ဟားဗတ် အကြောင်းကိုဖတ်ရင်း စာပေဝါသနာပါသော မောင်မျိုးသိန်း ကိုလီလမ်းတွင် အလိမ်ခံရ၍ ထမင်းချိုင့်များ ပါသွားခဲ့သည်ကို သတိသွားရ၏။ သူ့အတ္ထုပ္ပတ္တိတွင် ထည့်မရေးထားသော်လည်း ဟားဗတ် ရောစာဖတ်ကောင်း၍ ဆပ်ပြာဘယ်နှစ်တုံး အလိမ်ခံထိ လေသည်မသိ။ သူသည် ဆပ်ပြာ နမူနာရောင်းသမားဘဝဖြင့် တစ်မြို့ပြီးတစ်မြို့ လှည့်လည်ရင်း ညစ်နွမ်းကျဉ်းမြောင်းသော အခန်းလေးများထဲတွင် မလင်းတလင်းသော အလင်းရောင်ဖြင့် စာဖတ်ရ၏။ ဟားဗတ်က "ကျွန်တော်ဟာဆပ်ပြာနမူနာရောင်း သမားဘဝကနေ စာဖတ်ရင်း ကျွန်တော့်အကြံအစည်များ နယ်ကျယ်ခဲ့တာပဲ" ဟု ကြာခဏ ပြောပါ၏။

ဟားဗတ်သည် စာဖတ်သည့်အကျင့်ရလာရာမှ စာပေသည် ငါ့အသိဉာဏ်ကို ဒီလောက်အထိ ကွန့်မြူးကျယ်ပြန့်အောင် လုပ်နိုင်ရင် တက္ကသိုလ်ပညာကိုသာ တတ်ရင်တော့ ငါဘယ်

www.burmeseclassic.com



လောက်များ ကောင်းလိုက်မလဲ၊ တစ်နေ့ ငါတက္ကသိုလ် ပညာတတ် တစ်ယောက်ဖြစ်ရမယ်ဟု အသက် ၄၀ နားနီးကာမှ စိတ်ကူး ယဉ်ခဲ့ပြန်၏။

စာဖတ်ရင်း ဟားဗတ်သည် ဆပ်ပြာနမူနာရောင်းသည့် ဘဝမှ သူ့စိတ်ကူးကိုချဲ့ထွင်ကာ ဆပ်ပြာအရောင်းကိုယ်စားလှယ် ဖြစ်လာ၏။ သူ့အောက်တွင် ဆပ်ပြာနမူနာရောင်းသည့် သူ့လို လူငယ်လေးများလည်း တစ်ဈေးတွင် တစ်ယောက်နှစ်ယောက်လောက် ထားနိုင်လာ၏။

ဆပ်ပြာအရောင်းကိုယ်စားလှယ်ဘဝမှ ရရှိသော အမြတ်ငွေဖြင့် သူသည် ဆပ်ပြာအစုရှယ်ယာအချို့ကို ဝယ်ယူခဲ့၏။ ထိုကုမ္ပဏီသည် ဟားဗတ်၏ ဈေးကွက်နားလည်ကျွမ်းကျင်မှုနှင့် အကြံဉာဏ်တို့ကိုရယူ၍ လုပ်ငန်းတိုးချဲ့ရာ သူတို့ဆပ်ပြာလုပ်ငန်းသည် ဖွံ့ဖြိုးစည်ပင်ကြီး ကြီးပွားလာခဲ့၏။

ဟားဗတ်အားလည်း အခြားသော အစုရှယ်ယာရှင်များက ကျေးဇူးတင်ကြ၏။ ဟားဗတ်က "ခင်ဗျားတို့ကျုပ်ကို ကျေးဇူးတင် မနေကြပါနဲ့၊ ကုမ္ပဏီကြီးပွား တိုးတက်စေချင်ရင် အစုရှယ်ယာရှင်တွေ စာဖတ်ကြပါ" ဟုပြောခဲ့၏။



ဟားဗတ်သည် ဆပ်ပြာလုပ်ငန်းမှ ငွေခပ်များများရရှိပြီးသောအခါ သူနှင့်တွဲဖက်လုပ်ကိုင်နေသူ သူဌေးအား "ကျုပ်အစုတွေကို ရောင်းပစ်မယ်ဗျာ၊ ခင်ဗျားဝယ်မလား၊ ကျုပ်ကောလိပ် သွားတက်ချင်လို့" ဟုခပ်အေးအေးပြောလိုက်ရာ သူ့မိတ်ဆွေက ပထမ ဟားဗတ်လုပ်ငန်းအောင်မြင်၍ ဘဝင်မြင့်ပြီး စိတ်နောက်သွားပြီဟု ထင်ကာ မိတ်ဆွေ ဆပ်ပြာသူဌေးက "ခင်ဗျားရူးများသွားပြီလားဗျာ" ဟုလှောင်ခနဲ့ ပြောလိုက်မိ၏။ ဟားဗတ်က သူ့အစုရှယ်ယာများ ရောင်းရေးကို ဆက်ပြောသောအခါ ဆပ်ပြာသူဌေးက "ကျုပ်အထင်တော့ ဟားဗတ်ဟာ တကယ် စိတ်နောက်သွားပြီထင်တာပဲ" ဟုဆိုခဲ့၏။

ထိုအချိန်တွင် သူ့အသက်သည် ၄၀ သို့ ဝင်ရောက်ခဲ့ပြီဖြစ်၏။ "ကျုပ်က ဆပ်ပြာသူဌေး လုပ်ချင်တာ မဟုတ်ဘူး။ ပိုက်ဆံတွေ ဒလဟော ဝင်နေတာဟာ ကျုပ်ရဲ့ဘဝ နောက်ဆုံးရည်မှန်းချက်မဟုတ်ဘူး" ဟု ဟားဗတ်ကဆို၏။ ဟားဗတ်၏ လက်ရှိလုပ်ငန်းမှ ဒေါ်လာသန်းနှင့်ချီ၍ဝင်ရန် အလားအလာများ ရှိနေ၏။ ဟားဗတ်သည် တကယ်လည်း ဒလဟောဝင်ငွေ ကောင်းနေသောလုပ်ငန်းကို ပစ်ထားကာ တက္ကသိုလ်ကျောင်းသို့ သွားခဲ့၏။ တက္ကသိုလ်သို့ရောက်သော် တက္ကသိုလ်ဆရာများက မစ္စတာဟားဗတ် ခင်ဗျားတက္ကသိုလ်မတက်ခင် တက္ကသိုလ်ဝင်ခွင့်

www.burmeseclassic.com



စာမေးပွဲကို ဖြေရဦးမယ်" ဟုဆို၏။ ထိုအခါ ဟားဗတ်က "ဖြေမယ်ဗျာ" ဟုဆိုတော့ တက္ကသိုလ် ဝင်ခွင့်စာမေးပွဲကိုဖြေဖို့ အထက်တန်းကျောင်း တစ်ခုခုမှာ လေးနှစ် စာသွားသင်ရဦးမယ်၊ လေးနှစ်သင်ပြီးမှ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲကို ဖြေခွင့်ရမှာ၊ ဒါကြောင့် မစ္စတာ ဟားဗတ်အနေနဲ့ ဂုဏ်ရှိရင်းစွဲ အောင်မြင်နေတဲ့ ဆပ်ပြာလုပ်ငန်းကိုပဲ သွားလုပ်ပါဗျာ" ဟုတက္ကသိုလ်မှ ပါမောက္ခ တစ်ဦးက မစ္စတာ ဟားဗတ်အားတွေဆုံကာ အကြံပေးပြန်၏။

"ဒီလိုဆိုလည်း ကျွန်တော် ဘယ်တတ်နိုင်မလဲ၊ တက္ကသိုလ် ဝင်ခွင့်မရလည်း ဆပ်ပြာလုပ်ငန်းကတော့ ဘယ်သူလုပ်လုပ် ရတာပဲဗျာ၊ ကျုပ်က သူများမလုပ်နိုင်ဘဲ ကျုပ်ပဲလုပ်နိုင်တဲ့ကိစ္စ မျိုးကိုမှလုပ်ချင်တာ။ ကျုပ်ကိုယ်ပိုင် မဂ္ဂဇင်းတစ်ခု ထောင်မယ်" ဆိုကာ ဖီလစ်စတင်း Phillistine အမည်ရှိသောမဂ္ဂဇင်းကို စတင် ထူထောင်ပါ၏။ ဟားဗတ်သည် ထိုမဂ္ဂဇင်းတွင် တစ်အုပ်လုံး သူချည်းလိုလိုရေးသား၏။ ဟားဗတ်သည် သူ့မဂ္ဂဇင်းမှနေ၍ ကြီးစား၍ ရိုးသားသော လောကအမြင်ကို တရစပ်ရေးသား တင်ပြခဲ့၏။ မကြာမီ ဟားဗတ်၏မဂ္ဂဇင်းသည် စောင်ရေ နှစ်သိန်း ကျော်သွားခဲ့၏။

ဟားဗတ်သည် ဆပ်ပြာနမူနာရောင်းသူ၊ ဆပ်ပြာ ကိုယ်စား လှယ်ဘဝဖြင့် ကျင်လည်လာခဲ့ပြီး လုပ်ငန်းရှင်ကြီး၊ ဒါရိုက်တာ



ကြီးလည်း ဖြစ်လာခဲ့ရာ လုပ်ငန်း အောင်မြင်တိုးတက်ရေးတွင် အလုပ်ရှင်နှင့် အလုပ်သမား အပြန်အလှန် နားလည်ရမည်ဟူသော အချက်ကို သိရှိခဲ့၏။ ဟားဗတ်သည် ထိုအသိကိုလည်း သူ့မဂ္ဂဇင်းမှ အဆက်မပြတ်တင်ပြ၏။

နောက်ဆုံး၌ ဟားဗတ်သည် မိမိတစ်ကိုယ်တော် ကြီးပွား ရေးသမားဖြစ်အောင် ကြိုးစားသူတစ်ဦးမဟုတ်တော့ဘဲ လူဟူသမျှ သော ပုဂ္ဂိုလ်များအား ကြီးပွားစေလိုသော၊ လူအားလုံး မျှမျှတတ ဖြစ်စေလိုသော မြင့်မြတ်သည့် အတွေးများပါ ဝင်လာကာ ရှိုင်းကရော့ဖတာ Roycrofters ဟူသောအမည်ဖြင့် အလုပ်သမား ရိပ်သာတစ်ခုကို မျိုးထောင်ခဲ့၏။ ထိုရိပ်သာတွင် အလုပ်သမား များအား စိတ်ဓာတ် မြင့်မားရေးအတွက် ဟားဗတ်က မိမိကိုယ် တိုင် ပို့ချမှုများ ပြုလုပ်ခဲ့၏။ မိမိဆပ်ပြာနမူနာ အရောင်းသမား ဘဝက စာဖတ်စရာနေရာ နားခိုစရာနေရာလေး တစ်ခုရှိရေး အတွက် အခက်အခဲရှိခဲ့ရာ ထိုအခက်အခဲမျိုး အလုပ်သမားများ မတွေ့ရှိစေရန် ရှိုင်းကရော့ဖတာ အလုပ်သမား ရိပ်သာက ကူညီ ဆောင်ရွက်ပေး၏။

ဟားဗတ်၏ အလုပ်သမားရိပ်သာတွင် စာပေ ဆွေးနွေး နိုင်၏။ ပုဂ္ဂိုလ်ကျော်ကြီးများ၏ ဟောပြောပွဲများကိုလည်း ဤ

www.burmeseclassic.com

www.burmeseclassic.com



ရိုပ်သာတွင် ကျင်းပပေး၏။ ထိုရိုပ်သာတွင် တစ်နေ့တာ အလုပ်
ပြီးပါက တေးဂီတကိုလည်း နားသောတဆင်နိုင်၏။

ထို့ကြောင့်ဟားဗတ်၏ အလုပ်သမားရိပ်သာ သတင်းသည်
အရှေ့အော်ရီကာ တစ်နယ်လုံးသို့ပျံ့သွားရာ လူအများပင် လာ
လေ့လာကြ၏။ ထိုရိပ်သာ၌ အလုပ်ရှင်များက အလုပ်သမားနှ
ပြေပြစ်စွာ ဆက်ဆံပါက မည်မျှအမြတ်အစွန်း များကြောင်း
လက်တွေ့ ဟောကြားပညာပေးမှုများ ကိုပြုသည်။

မကြာမီ ဟားဗတ်၏ အလုပ်သမားရိပ်သာမှ ကုန်ပစ္စည်းများ
ထုတ်လုပ်ရောင်းချသော အဆင့်သို့ ရောက်လာကာ ရောင်း
သောပစ္စည်းများထဲတွင် ကြေးထည်ပစ္စည်း၊ တောင်း၊ ဖျာ၊ အိ
စာအုပ် စသည်တို့ပါဝင်ပြီး ရိပ်သာမှ စာအုပ်များ ပုံနှိပ်ပေးသ
လုပ်ငန်းနှင့် စာအုပ်ချုပ်လုပ်ငန်းကိုလည်း လုပ်ကိုင် လာခဲ့ကြ၏။

ဟားဗတ်သည် သူ၏ ဖိလစ်စတင်းမဂ္ဂဇင်းတွင် သူသွ
ရောက်တက်ခွင့်မရသော တက္ကသိုလ်မှ ကထိကနှင့် ပါမော
သုံးလေးဦးကို အယ်ဒီတာအဖြစ် အကြံပေးပုဂ္ဂိုလ် အဖြစ်လည်း
ခန့်အပ်ထားခဲ့၏။

ဟားဗတ်ရိပ်သာ၏ သတင်းသည် အမေရိကန်တစ်နိုင်
လုံးသို့ ပျံ့နှံ့သွားကာ လာရောက် လေ့လာသူများအတွက် အ



မီးရထားပင် ခုတ်မောင်းပေးရ၏။ ဧည့်သည်များ တစ်နေ့တ ခြား
များလာရာ ဟားဗတ်သည် မိမိရိပ်သာအနီးတွင် ရိပ်သာပိုင်
ဟိုတယ်တစ်ခုကို ဆောက်လုပ်ခဲ့၏။

ဟားဗတ်၏ အလုပ်သမားရိပ်သာသို့ ငွေကြေးဝါလား
သူဌေးကြီးများဖြစ်ကြသော ဟင်နရီဖို့၊ သမ္မတကြီး သီအို ရုစဘဲ့
အစရှိသော ပုဂ္ဂိုလ်ကြီးများပင် လာရောက်လေ့လာခဲ့ကြ၏။ သူ၏
အလုပ်သမားရိပ်သာသည် သမဝါယမအတွေးများ၊ ဆိုရှယ်လစ်
စနစ်၏အတွေးများပါရှိပြီး အချို့ကလည်းသူ၏ရိပ်သာအား သရော်
ရန်ရောက်လာကြပြီးမှ တကယ်တမ်း ဟားဗတ်၏လုပ်ငန်းသည်
စေတနာပါကြောင်း သိရှိလာသောအခါ စိတ်ပြောင်း၍ ဟားဗတ်
အား စိတ်ရောကိုယ်ပါ ကူညီကြသူများပင် ရှိလာ၏။

ဟားဗတ်၏ အလုပ်သမားရိပ်သာနှင့် ပတ်သက်၍ "ဘယ်
နေရာမဆို စေတနာနှင့် ရိုးသားမှုအရေးကြီးတယ်။ သမဝါယမ၊
ဆိုရှယ်လစ်အတွေးတွေဟာ အခြေခံအားဖြင့် အတော်ကောင်းတဲ့
စုပေါင်းလုပ်ငန်းတွေပဲ။ ဒါပေမယ့် သူတို့ကို စေတနာနဲ့ ရိုးသားမှု
ပေါင်းမှ ကောင်းကျိုးဖြစ်ထွန်းတယ်။ စေတနာနဲ့ ရိုးသားမှု
ပေါင်းစပ်ပြီး စုပေါင်းလုပ်ဆောင်မှု အောင်မြင်တဲ့ သာဓကကတော့
ဟားဗတ်ရဲ့ အလုပ်သမား ရိပ်သာပါပဲ" ဟုပုဂ္ဂိုလ်ကြီးတစ်ဦးက
ထုတ်ဖော်ပြောဆိုခဲ့ဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



ဟားဗတ်က အလုပ်သမားများအား လုပ်ငန်းခွင်အတွင်း အနားပေးရေး အတွေးအခေါ်ကို တင်ပြသောအခါ လူအများက သူ့အား ကဲ့ရဲ့ဝေဖန်ကြ၏။ သို့သော်သူက အလုပ်လုပ်ချိန်အတွင်းမှာပင် အလုပ်သမားများအား အားလပ်ချိန်ပေး၍ အလုပ်လုပ်စေရာ ပစ္စည်းပိုမိုထွက်ရှိကြောင်း လက်တွေ့သိလာသောအခါ အလုပ်ရှင်အများအပြားသည် နှုတ်ဆွံ့အသွားခဲ့ရသည်အထိဖြစ်ခဲ့၏။

ဟားဗတ်သည် မော်တော်ကားပေါ်ခါစ အမေရိကန်တွင် လမ်းကောင်းကောင်းများ မရှိသေးသောအချိန်ကပင် သူ့မဂ္ဂဇင်းမှနေ၍ အမေရိကတိုက် ဟိုဘက် ဒီဘက် ပေါက်သည့် လင်ကွန်းလမ်းမကြီး Lincoln High-way ကိုဆောက်လုပ်ရန် သူ့မဂ္ဂဇင်းကြီးမှ အကြံပေး ရေးသားခဲ့၏။ ဟားဗတ်က အများအကျိုးအတွက် အမျိုးသား အပန်းဖြေဥယျာဉ်များ တည်ဆောက်ရန် အပြည်ပြည်ဆိုင်ရာ အစိုးရ အချင်းချင်း၊ ပြည်သူအချင်းချင်း နားလည်မှုရှိရေး လုပ်ငန်းများဆောင်ရွက်ရန်၊ စိတ္တဇဆေးရုံများ ပိုမိုကောင်းမွန်စေရန်ကိစ္စများကို သူ့မဂ္ဂဇင်းမှနေ၍ အင်နှင့်အားနှင့် ရေးသား လှုံ့ဆော်ခဲ့၏။

ဟားဗတ်သည် သူ့ခေတ်သူ့အခါက ထင်ရှားကျော်ကြားလှသော ပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိကို ထိုပုဂ္ဂိုလ်ကြီးများနှင့်



ကိုယ်တိုင်တွေ့ဆုံကာ ၁၄ နှစ်လုံးလုံး လစဉ်ရေးသားခဲ့၏။ သူ့အတ္ထုပ္ပတ္တိ ရေးသားသော ပုဂ္ဂိုလ်ကြီးများထဲတွင် ကမ္ဘာကျော် အမေရိကန်သူဌေးကြီး ရော့ဖဲလား၊ အင်္ဂလိပ် နန်းရင်းဝန်ကြီး ဂလက်စတုန်း၊ လောကဓာတ်သိပ္ပံ ပညာရှင်ကြီး သောမတ်(စ) အက်ဒီဆင်၊ မော်တော်ကား သူဌေးကြီး ဟင်နရီဖို့ စသည့် ပုဂ္ဂိုလ်များပါဝင်ခဲ့၏။

ဟားဗတ်သည် လုံ့လ၊ ဝီရိယရှိ၍ အများကောင်းကျိုးကို လိုလား၏။ ဘယ်သူမှ မိမိတစ်ဦးတည်း စွမ်းဆောင်၍မရ။ အလုပ်သမားမပါဘဲ ဘယ်သူမှ သူဌေးမဖြစ်နိုင်။ အလုပ်ရှင် အလုပ်သမားပြေလည်ရေး၊ လုပ်ငန်းခွင်သာယာရေးသည် အမှန်တကယ် လိုအပ်သည်ကို လက်တွေ့ပြသခဲ့၏။ ဆိုရှယ်လစ်နိုင်ငံ များသည်လည်း ဟားဗတ်၏ အတွေးမျိုးကို တွေးတောလက်ခံကာ အကောင်အထည်ဖော်ခဲ့သော်လည်း ဟားဗတ်ကဲ့သို့ အောင်မြင်မှု မရခဲ့။

ဟားဗတ်အား ဆပ်ပြာနမူနာအရောင်းသမား ဘဝမှ သူ့အား ကမ္ဘာ့ထိပ်ဆုံးသို့ ပို့ဆောင်ပေးလိုက်သော အရာသည် စာပေနှင့် သူ၏ စွဲ၊ လုံ့လ၊ ဝီရိယပင်ဖြစ်၏။ သူသည်အလုပ် သမားဘဝ ဈေးသည်ဘဝ ခြေသလုံးအိမ်တိုင်ဘဝမှ လာသူဖြစ်၍ သူကြီးပွား

www.burmeseclassic.com

www.burmeseclassic.com



လာသောအခါ ထိုဘဝများကို ကိုယ်ချင်းစာ၍ အလုပ်သမား ရိပ်သာများ ထူထောင် အကောင်အထည်ဖော်မှုသည် ဟားဗတ် ဆိုသောနာမည်ကို အဘိဓာန်ဟူသမျှ ၊ စွယ်စုံကျမ်း ဟူသမျှ တွင် လေးစားစရာ ဟူသော ဂုဏ်ပုဒ်နှင့်အတူ တွဲနေစေ ခဲ့ပါ၏။

ဟားဗတ်၏ လက်သုံးစကားတစ်ခုမှာ "တို့များ တစ်နေ့ သေကြရမှာပဲ။ ဒီတော့ ရဲရဲရင့်ရင့်သေဖို့နဲ့ မသေခင် ကိုယ့်အတွက် ရော အများအကျိုးအတွက်ပါ အတတ်နိုင်ဆုံး အလုပ်လုပ်ဖို့ ဖြစ်ပါတယ်" ဟုဆိုပါ၏။

# အခန်း – ၉

## ဒေါကိုလည်း ထိုပဲ ပိုလိုက်ပါ

ကမ္ဘာပေါ်ရှိ ထိပ်ဆုံးသို့ရောက်ရှိသော လူများ၏ သမိုင်းကို လေ့လာခြင်းသည် လူသားတို့၏ဝီရိယသမိုင်းကို လေ့လာခြင်း ပင်ဖြစ်ပါ၏။ မည်သည့်ပုဂ္ဂိုလ်မှဝီရိယမရှိဘဲ၊ လုံ့လမရှိဘဲ အထက် သို့ မရောက်ကြ။

ယောဂီပုဂ္ဂိုလ်တို့သည် တရားအားထုတ်ရာတွင်ပင် ဝီရိယ လုံ့လသည်လိုအပ်၏။ တရားအားထုတ်သည့် ဌာနကြီးတစ်ခုမှ ယောဂီတို့အား သင်ကြားရာတွင် –

www.burmeseclassic.com

www.burmeseclassic.com



အားထုတ်မှုကင်း၊ ရခြင်းချမ်းသာ
ထိုနေရာများ၊ ရှိငြားမှန်စွာ
သင်လည်း ထိုပဲသွားပါ
ငါ့ကိုလည်း ထိုပဲပို့လိုက်ပါ။

ဟူသော သံကြားချက်ရှိပါ၏။

အဓိပ္ပါယ်မှာ လောကတွင် အားထုတ်မှုမရှိဘဲ ချမ်းသာရ ရခြင်းသည် ဘယ်နေရာတွင်မှမရှိပါ။ အကယ်၍ အားထုတ်ရခြင်း မရှိဘဲ ချမ်းသာရ ချမ်းသာကြောင်းကို ရရှိနိုင်သောနေရာရှိပါက ထိုနေရာမျိုးသို့ သင်လည်းသွားပါ။ ကျွန်ုပ်အားလည်း ထိုနေရာသို့ ပို့ပေးပါဟူ၍ဖြစ်ပါ၏။

ဆိုလိုသည်မှာ ဘယ်နေရာတွင်မှ အားထုတ်မှုမရှိဘဲ ချမ်းသာမှုသည်မရနိုင်။ ချမ်းသာမှု၊ အောင်မြင်မှု အလိုရှိသူတိုင်းသည် အားထုတ်ကြိုးပမ်းမှု မလွဲမသွေရှိရန် လိုအပ်ပါ၏။

မြန်မာစကားပုံများတွင်

အနာခံမှ အသာစံရသည်။
အနာမခံလျှင် အသာမစံရ။
သူခကိုလိုသော် ဒုက္ခနှင့်ရင်း။
နေရိပ်ကို နေပူမှစောင့်ရသည်။



ယနေ့လုပ်ရန်အလုပ်ကို ယနေ့လုပ်ပါ။
မနက်ဖြန်တွင် နောက်အလုပ်တစ်ခု ရှိလာဦးမည်။

စသော စကားရပ်များရှိ၏။ ထိုစကားရပ်များအားလုံးသည် အလုပ်လုပ်ရမည်။ အားထုတ်ရမည်။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်သည့် အဓိပ္ပါယ်များသာဖြစ်ပါ၏။

ပြင်သစ်နိုင်ငံတွင် ဧကရာဇ်ဘုရင်မင်းမြတ်ဘဝသို့ ရောက်ခဲ့၍ ကမ္ဘာ့စစ်သမိုင်းတွင် အကျော်ကြားဆုံးသော စစ်ဘုရင်ကြီးတစ်ဦးဖြစ်သူ နပိုလီယံသည် တစ်ခါက သာမန်တပ်ကြပ်လေး တစ်ဦးဖြစ်၏။ နပိုလီယံခေတ် နပိုလီယံအခါက နပိုလီယံဟူသော အမည်ကို ကြားလိုက်လျှင်ပင် ဖိန့်ဖိန့်တုန်ကြရ၏။ နပိုလီယံ၏ လက်သုံးစကားတစ်ခုမှာ "မဖြစ်နိုင်ပါဘူး ဆိုသည့် စကားသည် ဘယ်အဘိဓာန်တွင်မှမရှိ၊ အရူးတို့၏ အဘိဓာန်တွင်သာ ရှိသည် ဟုဆို၏။

နပိုလီယံသည်သူ့ဘဝတွင် သူဖြစ်စေချင်တာများကို ဖြစ်အောင် လုပ်ကိုင်ခဲ့၏။ ဖြစ်လည်းဖြစ်ခဲ့၏။ ထိုသို့လုပ်ကိုင်နိုင်ခြင်းသည် နပိုလီယံ၏ မဖြစ်ဖြစ်အောင်လုပ်မည်ဟူသော စိတ်ဓာတ်ကြောင့်သာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com





'မဖြစ်နိုင်ဘူးဆိုသည်မှာ သူရူးတို့၏အဘိဓာန်တွင်သာရှိသည်' ဟု
ပြောခဲ့သော နပိုလီယန်



နပိုလီယံသည် သာမန်ကျွန်းလေးတစ်ကျွန်းပေါ်တွင် မွေးဖွားခဲ့သည်။ သူ့မိဘနှစ်ပါးမှာလည်း သာမန်သာဖြစ်၍ အခြားသော သာမန် လက်လုပ်လက်စား မိသားစုများနှင့် ဘာမျှ မကွာခြားပေ။ သို့သော် နပိုလီယံသည် ထိပ်ဆုံးသို့ရောက်အောင် တက်ခဲ့၏။ ထိပ်ဆုံးနေရာသို့ နပိုလီယံသာတက်နိုင်သလော၊ မဟုတ်ပါ။ အောင်စိတ်ကိုမွေး၍ ကြိုးစားသူအားလုံး ထိပ်ဆုံးသို့ရောက်ရှိမည့်လူများချည်းဖြစ်ပါ၏။

စစ်ဘုရင်ကြီး နပိုလီယံသာမက မြန်မာ့သမိုင်းတွင် ထင်ရှားသော စစ်ခေါင်းဆောင်ကြီးများ ဖြစ်ကြသည့် ဘုရင့်နောင်၊ အလောင်းဘုရား၊ မဟာဗန္ဓုလအစရှိသော ပုဂ္ဂိုလ်များသည် ကောင်းကင်ဘုံမှ ကျလာသူများ မဟုတ်။ ဘုရင့်နောင်သည် တောင်ငူရာဇဝင်၏ အလိုအရ ထန်းတက်သမား မောင်သိဂ်နှင့်ဇနီး မမင်းလှ တို့၏သားသာလျှင်ဖြစ်၏။ အလောင်းဘုရားသည် မုဆိုးချုံရွာ သူကြီး၏ သားဖြစ်၍ ဗန္ဓုလသည်လည်း မင်းမျိုးမင်းနွယ် မဟုတ်ဘဲ ဒီပဲယင်းဟူသောဒေသမှ သာမန် လက်လုပ်လက်စား မျိုးရိုးသာလျှင် ဖြစ်၏။

သို့သော် ဘုရင့်နောင်၊ အလောင်းဘုရားနှင့် ဗန္ဓုလဟူသော အမည်များသည် မြန်မာ့သမိုင်းတွင် အလွန်ထင်ရှားသော

www.burmeseclassic.com

www.burmeseclassic.com



အမည်များဖြစ်၏။ ယင်းတို့သည် သာမန်လူငယ်များဘဝမှ ဖွဲ၊ လုံ့လ၊ ဝီရိယ၊ သစ္စာတရားတို့ကိုလက်ကိုင်ထားကာ ထိပ်တန်းသို့ ရောက်လာကြသူများ ဖြစ်ပါ၏။

ကမ္ဘာပေါ်တွင် သူညမှစခဲ့သောလူများအနက် အများအသိဆုံး၊ အထင်ရှားဆုံးပုဂ္ဂိုလ်ကြီးမှာ အမေရိကန်သမ္မတကြီး အေဗရာဟင် လင်ကွန်း ဖြစ်ပါ၏။ လင်ကွန်းထက် ဆင်းရဲသူသည် ဤကမ္ဘာတွင် မရှိနိုင်တော့။ လင်ကွန်းအကြောင်းကို လူအများသည် အထပ်ထပ်အခါခါ ရေးသားခဲ့၏။ သမ္မတကြီးလင်ကွန်း အကြောင်းဆိုသည်မှာလည်း ဖွဲ၊ လုံ့လ၊ ဝီရိယနှင့် ရိုးသားမှု အ ကြောင်းသာလျှင် ဖြစ်၏။

လင်ကွန်းကို အမေရိကန်နိုင်ငံ ကင်တပ်ကီနယ်ရှိ သစ်လုံး အိမ်လေးတွင် ဆင်းဆင်းရဲရဲ မွေးဖွားလာခဲ့၏။ သူ့အဖေသည် လက်သမားတစ်ယောက်ဖြစ်၍ အလုပ်ကို ဘယ်သောအခါမှ လက် ကြောတင်းအောင်လုပ်ခဲ့ဖူးသူမဟုတ်။ ထို့ကြောင့်လည်း လင်ကွန်း တို့မိသားစုသည် အလွန်မှဆင်းရဲခဲ့၏။ အသက် ၉ နှစ်အရွယ်တွင် မိခင်ဆုံး၍ မိထွေးနှင့်နေခဲ့ရ၏။ ကျောင်းတက်ရာတွင် ဝေးလံလှ သောခရီးကို ခြေလျင်လျှောက်၍ ကျောင်းတက်ရ၏။ လင်ကွန်း၏ ငယ်စဉ်ဘဝတွင် ကျောင်းတက်ရသောရက်များကို စုပေါင်းလိုက် ပါက ရက်ပေါင်း ၃၅၀ သာရှိ၏။





တပေလေ့လာရင်း ဆင်းရဲသားကလေးဘဝမှ သမ္မတဖြစ်ခဲ့သူ
အေဗရာဟင် လင်ကွန်း

www.burmeseclassic.com

www.burmeseclassic.com



လင်ကွန်းသည် မီးသွေးခဲကို ရေးခြစ်စရာအဖြစ်အသုံးပြု ခဲ့ရ၍ စာတစ်အုပ်ဖတ်ရန်အတွက် သွားငှားရသည့်ခရီးမှာ ငါးမိုင် မှ ခြောက်မိုင်အထိရှိ၍ ထိုခရီးကို ကုန်းကြောင်းလျှောက်ရ ညဘက်တွင် လရောင် သို့မဟုတ် ထင်းမီးဖိုမှထွက်သော အလင်း ရောင်ဖြင့်သာ စာဖတ်ရ၏။ စာဖတ်ရင်း ကလေးထိန်းရ၏။ တစ် ကြိမ်တွင် ငှားဖတ်သောစာအုပ်ပျောက်ဆုံးသွား၍ ပြန်မလျော်နိုင် သောကြောင့် ထိုအိမ်တွင် သုံးရက်မျှအလုပ်သွားလုပ်ပေးရသည်။

လင်ကွန်းသည် ဆင်းရဲသလောက် စာပေကို မြတ်နိုး စာဖတ်ခြင်း၌ပျော်မွေ့၏။ သူသည်သာမန်စစ်သားလေးဘဝ၊ လူသိ သူသိနည်းသော ရှေ့နေဘဝ၊ မအောင်မြင်သောနိုင်ငံရေးသမား ဘဝမှနေ၍ အမေရိကန်နိုင်ငံ၏ အထင်ရှားဆုံးသော သမ္မတကြီး ဘဝကို ရရှိခြင်းမှာ လင်ကွန်း၏ လုံ့လနှင့် ဝီရိယကြောင့် ဖြစ်ပါ၏။

ကမ္ဘာ့လူသားတို့၏ ဝီရိယသမိုင်းကို ပြုစုမည်ဟုဆိုပါက ချန်ထား၍မဖြစ်သော ပုဂ္ဂိုလ်ကြီးတစ်ဦးလည်းရှိ၏။ ထိုပုဂ္ဂိုလ်ကြီး ကား ဘင်ဂျမင်ဖရင်က လင် ဖြစ်၏။ ယခင်က ဗဟိုအမျိုးသ ဆေးရုံကြီး၏ရှေ့ရှိ လမ်းတစ်လမ်း၏အမည်ကို ဖရင်ကလင်လမ်း မှည့်ခေါ်ထားဖူး၏။ တစ်ကမ္ဘာလုံးတွင် ဖရင်ကလင်လမ်းပေါင်း



မည်မျှရှိသည်ကို ရေတွက်၍ရနိုင်မည်မဟုတ်။ တစ်ကမ္ဘာလုံးရှိ နိုင်ငံတိုင်းတွင် ဖရင်ကလင်လမ်းများရှိနိုင်၏။

ဘင်ဂျမင်ဖရင်ကလင်သည် ကိုယ့်အစွမ်းအစနှင့် ကြီးကျယ် လာသောပုဂ္ဂိုလ်ဖြစ်၏။ သူသည် အသက် ၈ နှစ်ခန့်မှ ကျောင်း နေခွင့်ရရှိပြီး ကျောင်းကိုလည်း တစ်နှစ်ခွဲလောက်သာ နေခဲ့ရ၏။ ဆင်းရဲသောကြောင့် ကျောင်းထွက်လိုက်ရ၏။ သူသည် ဖခင်ကြီး နှင့် အမဲဆီရောင်းသော လုပ်ငန်းကိုလည်း လုပ်ကိုင်ရ၏။ အစ်ကို တော်သူတစ်ဦးနှင့် ပုံနှိပ်လုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ဖူး၏။ ကျောင်းမနေနိုင်သဖြင့် အားလပ်ချိန်များတွင် အရေးအဖတ်ကို မိမိ ဘာသာလေ့လာခဲ့ရ၏။ အချိန်များစွာ အစားအသောက် ခြိုးခြံစွာ စားသုံးခဲ့ရ၏။ သတင်းစာကိုလည်း အော်ဟစ်ကာ ရောင်းချ ခဲ့ရ၏။ ဖရင်ကလင်သည် ပုံနှိပ်လုပ်ငန်းကို လုပ်ကိုင်ရာမှ သတင်း စာလုပ်ငန်း၊ သတင်းလုပ်ငန်းတို့နှင့်လည်း နီးစပ်ကာ စာပေကို ဝါသနာပါ၏။ ငယ်စဉ်ကပင် အစားအသောက်များကို ခြိုးခြံ၍ စာအုပ်များကို ဝယ်ဖတ်ခဲ့ရ၏။ စာအုပ်တစ်အုပ်ဝယ်ဖတ်ရန် ညနေ စာသုံးနပ်လောက် အငတ်ခံရသည့်အခါများလည်း ရှိခဲ့၏။

သူသည် စာပေကိုဖတ်ကာ စာပေမှရရှိသော ဗဟုသုတကို သက်တွေ့ အကောင်အထည်ဖော်၏။ စာပေကို ဖတ်ရှုသက်သက်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ မိမိဘဝတွင် လက်တွေ့ အသုံးချခဲ့၏။ ဖရင်ကလင်သည် သူ၏မနေမနားကြိုးစားမှုကြောင့် အသက် ၂၂ နှစ်အရွယ်တွင် ကိုယ်ပိုင်သတင်းစာကို ဦးစီးလုပ်ဆောင်ထုတ်ဝေနိုင်ခဲ့၏။

ဖရင်ကလင်သည် မိမိ ဘာသာအပြင် အီတလီ၊ ပြင်သစ်၊ စပိန်နှင့် လက်တင်ဘာသာစကားများကို ကြိုးစား၍ သင်ကြားကာ ယင်းဘာသာစကားနှင့် စာများကိုတတ်မြောက်၏။ သူသည် အသက် ၄၇-နှစ်အရွယ်တွင် မဟာဝိဇ္ဇာဘွဲ့ကိုရရှိကာ ဘင်ဂျမင် ဖရင်ကလင်ဆိုသောပုဂ္ဂိုလ်ကြီးသည် အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲရာတွင် အလွန်အရေးပါသောပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်ခဲ့၏။ ဘင်ဂျမင်ဖရင်ကလင်သည် အင်္ဂလိပ် အမေရိကန် အရေးတော်ပုံကြီးတွင် သံအမတ်အဖြစ် အောင်မြင်စွာထမ်းဆောင် ခဲ့သော ပုဂ္ဂိုလ်ကြီးလည်းဖြစ်၍ သတင်းစာသမိုင်းတွင် ထင်ရှား သော အယ်ဒီတာကြီးလည်းဖြစ်၏။

ဘင်ဂျမင်ဖရင်ကလင်သည် သူ့ဘဝသက်တမ်းတွင် စာကြည့် တိုက်အများအပြားကို တည်ထောင်ခဲ့၏။ ဘင်ဂျမင်ဖရင်ကလင် ဆိုသောနာမည်သည် အမေရိကန်နိုင်ငံ အမေရိကတိုက်ဟူသော စကား တည်ရှိနေသမျှကာလပတ်လုံး ထိုနိုင်ငံ၊ ထိုမြေကြီး နှင့် အတူ အမြဲတည်ရှိနေမည့် အမည်တစ်ခုလည်း ဖြစ်ပါ၏။



ထို့ကြောင့် ဤစာအုပ်ငယ်ဖြင့် ကျွန်တော် တင်ပြလိုသည်မှာ အလုပ်တစ်ခု အောင်မြင်မှုတစ်ရပ်ကို မဆိုထားဘိ၊ လူသားသည် ဝီရိယကို အသုံးပြု၍ ကြိုးစားပါက ဤကမ္ဘာတွင် သူမရနိုင် သူ မစွမ်းဆောင်နိုင်သောအရာဟူ၍ ဘာမှမရှိချေ။

လူတို့သည် ဒီကိစ္စတော့ ငါလုပ်၍မရပါဘူး ဟုဆိုကာ မလုပ် ဘဲနေသဖြင့် လုပ်မရခြင်းသာဖြစ်၍ ဘယ်အရာမဆို ငါလုပ်လျှင် ရသည်ဟုဆိုပါက ဤကမ္ဘာတွင် လုပ်၍မရသော အလုပ်သည် ဘာတစ်ခုမှ မရှိပေ။

ဆင်းရဲနေမှုကို ထပ်၍ ညည်းတွားနေကြ သူများသည် ဆက်လက်ဆင်းရဲနေကြ၍ ဆင်းရဲတွင်းမှ လွတ်မြောက်အောင် ကြိုးစားသူတိုင်း ချမ်းသာကြွယ်ဝ ကြသည်သာဖြစ်၏။

အောင်မြင်မှု ဟူသောအရာသည် လူအားလုံးပန်ဆင်နိုင်သော ပန်းတစ်ပွင့်သာလျှင်ဖြစ်၏။ မပန်ချင်၍သာမပန်ဘဲနေရမည်။ ပန်ချင် သူတိုင်း ပန်ခွင့်ရသော ပန်းဖြစ်သည်။

အောင်ပန်းဟူသည် လူတိုင်းနှင့် စပ်ဆိုင်သော အရာဖြစ်၏။ အောင်ပန်းဟူသည် ဝီရိယစွမ်းပကားရှိသူတိုင်းထံတွင် အမြဲ ပေါက် သွမ်းမိသော အရာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လောကတွင် အလုပ်သမားတိုင်းသည် အလုပ်ရှင် ဖြစ်နိုင်၏။ စစ်သားတိုင်းသည် စစ်ဗိုလ်ချုပ် ဖြစ်နိုင်၏။ အရောင်းစာရေးသည် ဆိုင်ပိုင်ရှင်လောင်းပင်ဖြစ်၏။ မူလတန်းကျောင်းသားသည် နောင် ပါမောက္ခကြီးဖြစ်လာမည့် အလောင်းအလျာများ ဖြစ်၏။

အောင်မြင်သူများကို လေ့လာပါက အများစုကြီးသည် ငယ် စဉ်က သူလိုငါလိုသူများပင်ဖြစ်၏။ အောင်မြင်ကြီးပွားသူ အများ စုသည် ငယ်စဉ်ကမိဘဆင်းရဲသဖြင့် စားရမဲ့ သောက်ရမဲ့ ဘ ဖြင့် ပညာကိုချိုတဲ့စွာ သင်ကြားလာခဲ့ရသူများ ဖြစ်၏။ သို့သော် အောင်မြင်သူတိုင်းသည် ဝီရိယရှိသူ၊ ကြိုးစားသူ၊ မခံချင်စိတ်ဓာတ် ရှိသူတို့ဖြစ်သည်။ လုပ်ငန်းတစ်ခုကို စွဲစွဲမြဲမြဲနှင့် လုပ်ကိုင်သူများ ဖြစ်ပါ၏။

ယနေ့ ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာကြီးအား ဤမျှပြည့် အောင် ဖြည့်ဆည်းထားကြသူများသည် ဝီရိယသမားချည်းသာ ဖြစ်ပါ၏။ ဤကမ္ဘာကြီး မည်မျှလှပသည်၊ မည်မျှသာယာသည် အကောင်းအဆိုး အကြောင်းအကျိုးတို့ကို ကဗျာစာပေ ပညာရှင် များက ခွဲခြမ်းစိတ်ဖြာ၍ တင်ပြခဲ့ကြ၏။ လူသားတို့၏ နှလုံး သားများ နူးညံ့သိမ်မွေ့အောင်၊ အကျိုးတရားများ ဖြစ်ပေါ်အောင် ပြုစုခဲ့ကြ၏။ စာပေပညာရှင်များ၊ ပန်းချီပန်းပု ပညာရှင်ကြီးများ





တီဘီရောဂါပိုးကို စမ်းသပ်တွေ့ရှိသူ ရောဗက်ကောက်

သည် လူ့သမိုင်း၏ ယဉ်ကျေးမှုကို မှတ်တမ်းတင်ခဲ့သူများသာ ဖြစ်၏။ လူ့သမိုင်းတွင် ယဉ်ကျေးမှုဟူသောအရာ မဖြစ်ထွန်းပါက လူသားသည်တိရစ္ဆာန်နှင့်ပင်မခြား ဖြစ်နိုင်၏။ ကျွန်တော်တို့သည်

www.burmeseclassic.com



ဝီရိယနှင့် စပ်လျဉ်း၍ စာပေအနုပညာဘက်သို့ အနည်းငယ်စောင်း ကြည့်ရှုစေလိုပါ၏။

မတ်တွိန်း၊ ရှယ်လီ၊ တဂိုး၊ ချားဒစ်ကင်၊ သောမတ်ဟာ ဦးပုညှ ရှိတ်စပီးယား အစရှိသော ပုဂ္ဂိုလ်ကြီးများသည် စာ ပညာရှင်ကြီးများဖြစ်၏။ သူတို့သည် လူသားတို့အတွက် ပြော မြောက်သောစာပေများကိုရေးသားခဲ့ကြ၏။ သူတို့ကြောင့် ထူးခြ ပြောင်မြောက်သော ကဗျာများ ၊ စာပေများ ပေါ်ထွန်းလာခဲ့ ထိုစာဆိုကြီးများသည် အများအားဖြင့် ဘဝကိုရုန်းကန်ရင်း စာ အလေ့အကျင့်ကို ရရှိလာကြသူများဖြစ်ပြီး ယင်းပုဂ္ဂိုလ်ကြီး အားလုံးတို့သည် သူတို့၏ ကြိုးပမ်းမှုများဖြင့်သာ ကမ္ဘာ့စာ ဘဏ်တိုက်ကြီးများကို တည်ဆောက်ခဲ့ကြခြင်း ဖြစ်၏။ သူ သည် အားထုတ်မှုတစ်စုံတစ်ရာမရှိဘဲ စာပေများကို ရေးဖွဲ့ ဟူ၍ တစ်ဦးမျှမရှိ။ သူတို့၏ အားထုတ်မှုအောက်မှသာ ကမ္ စာပေသည် ဖွံ့ဖြိုးလာခဲ့ခြင်း ဖြစ်သည်။

အလားတူပင် မိုက်ကယ် အိန်ဂျလို၊ ဂိုဂင်၊ လီယိုနာဒိုဒါဗ စသောသူတို့၏ ကမ္ဘာကျော် ပန်းချီကားကြီးများသည်လည်း မှတ်၍ ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ ထိုပုဂ္ဂိုလ်ကြီးများ၏ ကြိုး ဖြင့်သာ ဖြစ်ပေါ်လာခြင်း ဖြစ်၏။



သိပ္ပံပညာသည် လူသားတို့၏ တိုးတက်မှုမှတ်တိုင်တစ်ရပ် ဖြစ်ပါ၏။ လူသားတို့သည် ကျောက်ခေတ်နေလူသား ကျောက်ဂူထဲမှ အာကာသတွင်းသို့တိုး၍ဝင်ရောက်သွားသည်အထိ ကြိုးပမ်းရာတွင် သိပ္ပံပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန်ကြီးမားပါ၏။ လူ့သမိုင်းတွင် သိပ္ပံပညာရှင်များဖြစ်သော အာခီမိဒီ၊ မိုက်ကယ် ဖာရာဒေး၊ မာကိုနီ၊ သောမတ်အယ်ဒီဆင်၊ မဒမ်ကျူရီ အစရှိသော သူတို့၏ သိပ္ပံတီထွင်မှု၊ ရှာဖွေတွေ့ရှိမှုတို့သည် သူတို့၏ ဝီရိယ၊ သူတို့၏ခွဲလုံ့လအားမာန်တို့မှ ပေါ်ထွက်လာခြင်းများသာဖြစ်၏။

ထိုသိပ္ပံပညာရှင်များ အားလုံးသည် တက္ကသိုလ်ပရဝုဏ်တွင် မွေးဖွား ကြီးပြင်းလာကြသူများ မဟုတ်ဘဲ၊ တီထွင်မှုဖခင်ကြီး အယ်ဒီဆင်ဆိုလျှင် သူငယ်တန်းအထိသာ စာသင်ဖူးပြီး ဆရာများကို မကျေနပ်၍ သူ့အမေက ကျောင်းထုတ်ခဲ့ရာမှ နောက်ပိုင်းတွင် ကျောင်းသို့ ခြေဦးပင်လှည့်ခွင့်မရပေ။

ဤပုဂ္ဂိုလ်ကြီးများသည်ယခုလင်းနေသော လျှပ်စစ်မီး၊ ပြော နေသောတယ်လီဖုန်း၊ ကြည့်နေသောဗွီဒီယို၊ ကြားနေရသောအသံ ချဲ့စက်၊ ပျံနေသောလေယာဉ်ပျံ၊ မောင်းနေသောသင်္ဘော၊ စီးနေသည့်မော်တော်ကား၊ ဆောက်နေသည့် အဆောက်အအုံတိုက်တာ များအား ဖြစ်ပေါ်လာအောင် တီထွင်ကြဆခဲ့သူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com




ထိုသို့တီထွင်ကြံဆရာတွင် အားထုတ်မှုမပါဘဲ အလိုလို သိလာခြင်းမဟုတ်ဘဲ ဝီရိယ၊ ဖွဲ့လုံ့လဖြင့် တွေ့ရှိလာကြခြင်းဖြစ်ရာ ကမ္ဘာကြီးအား ရှေ့သို့တစ်ဆင့်ပြီးတစ်ဆင့် တွန်းပို့နေသော သိပ္ပံပညာ၏ သမိုင်းသည် ဖွဲ့၊ လုံ့လ၊ ဝီရိယသမိုင်းပင် ဖြစ်ပါ၏။

ဆေးဝါးနှင့်ပတ်သက်လာပါက လီယူဝင်ဟုတ်၊ ကောဇတ်ကောက်ကဲလမက်၊ မစ္စတာဂျင်နား၊ ပတ်စချာ၊ အလစ်ဇင်ဒါး၊ ဖလန်မင် စသည့်ပုဂ္ဂိုလ်များကို ကြားဖူးကြမည်ဖြစ်ပါ၏။ သူတို့သည် ကျောက်ရောဂါကာကွယ်ဆေး၊ ဘက်တီးရီးယားနှင့်ဗိုင်းရပ်စ်ပိုးများအကြောင်းအပြင် လူတို့၏ခန္ဓာကိုယ်တည်ဆောက်ပုံနှင့် တီဘီရောဂါပိုးအကြောင်း၊ ပင်နဆလင်ဆေး အစရှိသည်တို့ကို ရှာဖွေတွေ့ရှိကာ လူသားတို့အား အကျိုးပြုစေခဲ့ခြင်း၊ အနာရောဂါကပ်ကြီးများမှ လွတ်မြောက်အောင် ကြံဆောင်ခဲ့ကြခြင်းများတွင် ထိုသိပ္ပံပညာရှင်ကြီးများ၏ ဝီရိယစွမ်းအားဖြင့် လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်ပါ၏။

ထိုပုဂ္ဂိုလ်ကြီးများသည်လည်း မိုးပေါ်မှကျလာသူများ မဟုတ်ဘဲ သူလိုငါလို လူများပင်ဖြစ်ပါ၏။ သို့သော် ထိုပုဂ္ဂိုလ်ကြီးများသည် သူများထက်ပိုလွန်သည့် ကိစ္စကား ဖွဲ့ရှိခြင်း၊ ဝီရိယ





ဘီ စီ ဂျီ ထိုးဆေး တီထွင်သူတစ်ဦး
ဒေါက်တာ ကဲလမက်

www.burmeseclassic.com

www.burmeseclassic.com



ရှိခြင်း၊ မဆုတ်မနစ်လုပ်ကိုင်ခြင်းကြောင့် လူအများ ကောင်းကျိုးကို သယ်ပိုးလာနိုင်ခဲ့ခြင်းဖြစ်၏။

ကမ္ဘာကြီး၏ အသက်ဆက်ဆေးဟု အမည်ရသော ပင်နီဆလင်ကို စတင်တွေ့ရှိသူ အလက်ဇန္ဒားဖလင်မင် သည် ဗြိတိန်နိုင်ငံမြောက်ပိုင်း စကော့တလန်မှ လယ်သမားကြီး ကျူ ဖလင်မင်၏သားသာလျှင်ဖြစ်ပါ၏။

ထို့ကြောင့် လူသားတို့၏တိုးတက်မှုသမိုင်း၊ အောင်မြင်မှုသမိုင်းဟူသည် လူသားတို့၏ ဝီရိယသမိုင်း ဖွဲ့လုံ့လသမိုင်းပင် ဖြစ်ပါ၏။

## အခန်း – ၁၀

# မြင်စိုင်းသား

ကျွန်တော်သည် ဤစာအုပ်ကိုရေးနေချိန်တွင်ပင် တယ်လီဖုန်း တစ်ခု ဝင်လာပါ၏။ ကျွန်တော်က ဖုန်းကောက်ကိုင်လိုက်တော့ ဦးချစ်စံနှင့် တွေ့ချင်လို့ပါဟု ဆိုသည်။ ကျွန်တော်က ကျွန်တော် ဦးချစ်စံပါပဲဆိုတော့ တစ်ဖက်တယ်လီဖုန်းမှ ဆရာ ကျွန်တော် ကျောက်ဆည်က ညီညီပါ။ ဆရာဖို့ ရေတ်သီးလာပို့ချင်လို့ဟုဆို၏။ ကျွန်တော်က ညီညီ အရင်ကပို့ထားတဲ့ ရေတ်သီးတောင် မကုန် သေးဘူး။ ဆရာဝန်ကလည်း ရေတ်သီး လျှော့စားဖို့ပြောထား တယ်ဟု ဆိုတော့ ကိစ္စမရှိပါဘူးဆရာ၊ ဆရာပေးချင်တဲ့လူရှိလည်း ပေးလိုက်ပါ။ မနက်ဖြန်လာပို့ထားမည်ဟုဆိုပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် တယ်လီဖုန်းကို ပြန်ချထားလိုက်ပြီး ညီညီ့အကြောင်းကို စဉ်းစားနေမိ၏။ ညီညီတွင် ကိုလှိုင်မြင့်ဆိုသော အစ်ကို တစ်ဦးရှိ၏။ သူတို့ညီအစ်ကိုသည် ကျွန်တော်မန္တလေးမှ ပြန်လျှင် ကျောက်ဆည်တွင်ရပ်သော မီးရထားကိုစီးလာပါက ညစာစားရန် ထမင်းထုပ်၊ ငှက်ပျောသီးနှင့် အချိုရည်ပုလင်းလာပို့တတ်၏။

မပို့ပါနှင့်ဟု ပြော၍မရ။ သူတို့ညီအစ်ကိုက ဘူတာမှ လာစောင့်နေတတ်၏။ တကယ်တော့ ကိုလှိုင်မြင့်နှင့် ညီညီတို့သည် ကျွန်တော်နှင့် ဆွေမျိုးလည်းမတော်။ အသိမိတ်ဆွေလည်း မဟုတ်ခဲ့ကြပါ။

ကျွန်တော်၏ စာအုပ်များကို ဖတ်၍ ညီညီက ကျွန်တော့်ထံ မကြာခဏစာရေး၏။ စာသုံးလေးစောင်ရေးတော့ ကျွန်တော်သည် ကျောက်ဆည်မှ ကိုညီညီဆိုတာကို မှတ်မိနေ၏။ တစ်နေ့ ကျောက်ဆည်သို့ ရောက်ရာ ကိုညီညီထံတော့ ဝင်ဦးမှပဲဟုဆိုပြီး ဝင်မိရာ သူတို့ညီအစ်ကိုက ပျာပျာသလဲဧည့်ခံ၍ အပြန်တွင်လည်း ကားဂိတ်အထိ လိုက်ပို့ပါ၏။

ကျွန်တော်သည် ကိုညီညီအား လူငယ်တစ်ဦးဖြစ်၍ ကြိုးစားရန်၊ အခြားလုပ်ငန်းများ မလုပ်ဘဲ မိမိတို့ဒေသထွက် ပဲစွည်းများကို



စိုက်ပျိုးထုတ်လုပ်ရေးအတွက် ကြိုးစားရန်ပြောဆို၍ ပြန်လာခဲ့ပါ၏။ ကိုညီညီသည် တိုးတက်လိုသော ကြီးပွားလိုသောစိတ် သူ့ရင်ထဲ၌ ကိန်းအောင်းနေသည်ကား သေချာ၏။

ကိုညီညီသည် ကျွန်တော်နှင့်တွေ့တော့ အိမ်ထောင်ကျပြီး ဖြစ်နေ၏။ အသက်က ၂၁ နှစ်သာ ရှိသေးသည်။ အိမ်ထောင်နှင့် ကလေးနှင့်ဖြစ်၏။ ထိုကြားထဲ ကိုညီညီက သီချင်းလည်းဆိုချင်သည်။ ကျွန်တော်က သားနဲ့ မယားနဲ့ သီချင်းဆိုချင်တဲ့စိတ်နဲ့ စီးပွားရေးလုပ်လို့ ရပါ့မလားဟုလည်း စိတ်ပူမိ၏။

ထို့အပြင် ကိုညီညီက လူငယ်မို့ ရှိုးနှင့်မိုးနှင့်လည်း နေလို၏။ အဝတ်အစား လှလှပပလေးများကို မက်မောသည်။ ကိုညီညီတွင် ဖြစ်ချင်တာတွေက များသည်။ ရည်မှန်းချက်တွေ ကလည်း ဝေဝါးနေ၏။


ကျွန်တော်က ကိုလှိုင်မြင့်အား သူ့ညီအခြေအနေ မေးတော့ သူတို့ဘဝ သူတို့အခြေအနေကို ကိုလှိုင်မြင့်က ပြောပြပါ၏။

ကိုလှိုင်မြင့်တို့မိသားစုသည် ကျောက်ဆည်မြို့နယ် ကိုးပင်ကျေးရွာမှဖြစ်သည်။ ကျောက်ဆည်မှ ရှစ်မိုင်ခန့်ဝေး၍ ကိုးပင်ရွာသည် အိမ်ခြေ သုံးရာလောက် ရှိ၏။ မိဘများမှာ ဦးခင်လှ၊

www.burmeseclassic.com

www.burmeseclassic.com





မြင်စိုင်းကမ္ဘာကို ထူထောင်ခဲ့သူ ကိုညီညီ



ဒေါ်ခင်မွေးဖြစ်၍ သူတို့မိသားစုတွင် မွေးချင်းရှစ်ယောက်ရှိ၏။ မိသားစုသည် တောင်သူလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြ၏။ ညီညီသည် မိသားစုထဲတွင် အငယ်ဆုံးဖြစ်၏။ ညီညီသည် ရွာမူလတန်းကျောင်းတွင် စာပေသင်ကြား၍ ရွာကျောင်းမှ မူလတန်းအောင်တော့ ကျောက်ဆည် အထက-၂ သို့ ပြောင်းရွှေလာ၏။ ၁၉၈၄ ခုနှစ်တွင် တံတားဦးရှိ အစ်မတစ်ဦး၏ အိမ်သို့ ပြောင်းနေထိုင်ကာ တံတားဦးအထကတွင် ရှစ်တန်းပညာကို ဆက်၍ သင်၏။ ရှစ်တန်းအောင်ပြီး ကိုးတန်းအရောက်တွင် အိမ်ထောင်ကျ၍ ပညာဆက်မသင်ဘဲ လုပ်ငန်းခွင်သို့ဝင်ခဲ့၏။

လုပ်ငန်းခွင်သို့ဝင်သည်ဟု ဆိုသော်လည်း အလုပ်က ဘာမှ မည်မည်ရရမရှိ။ အစ်ကိုဖြစ်သူ၏ ဦးဆောင်မှုတွင် အသာမှိန်း၍ လိုက်နေခြင်းသာဖြစ်၏။ အစ်ကိုဖြစ်သူကိုလှိုင်မြင့်က မိမိ၏ညီအား ကြီးပွားစေလိုသော ဆန္ဒရှိ၏။ ထို့ကြောင့်တစ်နေ့တွင် မန္တလေးမှ အပြန်တွင် ညီညီ မင်းဒီစာအုပ်ဖတ်ကြွာဟုခိုင်းတော့ သုံးလေးရက်နှင့်မဖတ်ဖြစ်ဘဲရှိ၏။ အစ်ကိုကထပ်၍ နှိုးဆော်မှ ဂျပန်လူငယ်တစ်ယောက်အကြောင်းကို ဖတ်မိရာ ထိုစာအုပ်ထဲမှ ရှိရှိဒိုးဆိုသည့် ဂျပန်လူငယ်ကို အားကျလာခဲ့၏။ "ရှိရှိဒိုးဆိုတဲ့ လူက လည်း လူငယ်ဘဝမှာ ပျော်သလိုနေခဲ့ပေမယ့်၊ တကယ်တမ်းအမြင်မှန်ရပြီး ကြိုးစားတဲ့အခါ အောင်မြင်မှုတွေရခဲ့တာပဲ။ ငါလည်း

www.burmeseclassic.com

www.burmeseclassic.com



ယောင်ခြောက်ဆယ်လုပ်နေမယ့်အစား အလုပ်တစ်ခုကို ကြိုးစားပြီး လုပ်ကြည့်ရင်ကောင်းမယ်။ ရှိရှိဒိုးက ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီး ကြီးပွားတာ။ ငါလည်း ဒေသထွက်ကုန်ဖြစ်တဲ့ ကွမ်းစိုက်ပျိုးကြည့်ရင်ကောင်းမယ်" ဟုဆိုကာ အစ်ကိုနှင့်တိုင်ပင်၏။ အစ်ကိုဖြစ်သူ ကိုလှိုင်မြင့်က "ကောင်းတာပေါ့၊ တို့ညီအစ်ကို ကွမ်းစိုက်ကြရအောင်" ဟုဆိုကာ အင်ကုန်းရွာ၌ မြေတစ်ဧကကို ငှားရမ်းကာ စိုက်ပျိုးရေးလုပ်ကြ၏။

ထိုအချိန်တွင် ကြီးပွားရေးလမ်းညွှန်၊ စိတ်ဓာတ်ကြံ့ခိုင်ရေး စာအုပ်များကို မန္တလေးသို့ တက်ဝယ်ကာ စာများကိုလည်းဖတ်၏။ အထူးသဖြင့် ကျွန်တော့်ထံသို့ စာများရေးမည်ဟုဆိုကာ မကြာခဏ စာများရေးသည်။

ကွမ်းစိုက်ပျိုးရာတွင် မိမိတို့ညီအစ်ကိုနှစ်ယောက် မနိုင်၍ အလုပ်သမား သုံးလေးယောက်ငှားရ၏။ ပထမနှစ်တွင် ကွမ်းစိုက်ပျိုးရာ အောင်မြင်သော်လည်း ဒုတိယနှစ်တွင် ကွမ်းများရောဂါကျ၍ အကုန်လုံး ရိကုန်ပုပ်ကုန်၏။ မြန်မာ့ဆေး၊ ခေတ်မီဆေးဝါးများ ပက်ဖြန်းသော်လည်း ရောဂါကျသည်ကားမရပ်။ ရိလာသော ကွမ်းရွက်များကို စောင့်ခူးပေးရသည်မှာလည်း မနိုင်တော့သည့် အဆုံးတွင် ကွမ်းခင်းကို မီးရှို့ပစ်ရ၏။



မီးရှို့ပြီး ပြန်စိုက်သော်လည်း တစ်ဝက်သာရှင်၍ တစ်ဝက်က ရောဂါကျပြန်၏။ သို့သော်ထိုနှစ်က ကွမ်းဈေးကောင်းသဖြင့် အရှုံးမရှိခဲ့။

ကိုညီညီက မိမိသည် ဂျပန်လူငယ်တစ်ယောက်အကြောင်း ဖတ်ထားသဖြင့် ရှိရှိဒိုး ဖိလစ်ပိုင်မှာ မုန်တိုင်းကျလို့ သူ့သခွားခင်းကြီးမြေကြီးထဲမှာ ပြားပြားဝပ်သွားတာတောင် ပြန်ကြိုးစားသေးတာပဲ။ အောင်ပွဲဆိုတာကိုရရှိဖို့ ဒုက္ခအရင်းအနှီးတော့ ပေးအပ်ရမှာပဲဟုဆိုကာ လုပ်ငန်းတွင် အခက်အခဲများတွေ့တိုင်း စိတ်ဓာတ်မကျအောင် စာများကို ဖတ်ရသည်ဟုဆို၏။

စာအုပ်များသည် စိတ်အင်အားများကို ဖြည့်ဆည်းပေး၍ စိတ်အင်အားများသည် လုပ်ငန်းဟူသမျှကို အောင်မြင်စေသည်ဟု ကိုညီညီကဆိုပါ၏။ ကိုလှိုင်မြင့်တို့ညီအစ်ကိုသည် တစ်ဖက်မှ ကွမ်းစိုက်ပျိုးရင်း ကျောက်ဆည်မြို့ပေါ်တွင် ပွဲရုံလုပ်ငန်းလေးတစ်ခုကိုလည်း ဖွင့်လှစ်လုပ်ကိုင်၏။ ပွဲရုံမှ ဒေသထွက်ပစ္စည်းများကို ဝယ်ယူရောင်းချ ဖြန့်ဖြူးခြင်းဖြစ်၏။ စာပေသည် မိမိညီအား ပြုပြင်ပေးနိုင်စွမ်းရှိသည်ကို သတိထားမိသော ကိုလှိုင်မြင့်သည် စာအုပ်များကို ပိုမိုဝယ်ယူရုံသာမက စာပေဟောပြောပွဲများသို့သွားခြင်း၊ စာရေးဆရာများနှင့်ဆက်သွယ်ခြင်းများ ပြုလုပ်ရန်လည်း မိမိညီအား အားပေးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တော့ မိမိတို့ ပွဲရုံလုပ်ငန်းမှ ဒေသထွက်ဖြစ်သော ရေတ်သီး၊ နှမ်းတက်၊ ပဲမျိုးစုံ နှင့် ကွမ်းသီးနမူနာများကို ယူကာ ရန်ကုန်ဈေးကွက်ထဲသို့ ဝင်လာခဲ့၏။ "အဲဒီတုန်းက ရေတ်သီး နှမ်းတက်နဲ့ ပဲမျိုးစုံသာမိုတက်ပြီး တည်ငြိမ်ခန့်ခသော ကုန်တယ် ဝယ်မယ့်သူနှင့်လည်းမတွေ့တာနဲ့ ပါသမျှငွေကုန်လို့ ကျောက်ဆည် ပြန်ခဲ့ရတယ်။ ကျောက်ဆည်ရောက်တော့ မင်း ကိုယ့်ဟာကိုယ်ပဲ ဈေးကွက်ရှာ၊ ဆရာ့ထံလည်းသွား ဆိုတာနဲ့ ပထမဆုံး ဆရာ့ဆီ ရောက်ခဲ့တာပဲ" ဟု ကိုညီညီကဆို၏။

ထိုစဉ်က ကျွန်တော်သည် ကိုညီညီအား ဘာမှအကူအညီ မပေးနိုင်။ ကျွန်တော် နိုင်ငံခြားသွားသောအခါ ကိုညီညီ၏ ကျောက်ဆည် ဒေသထွက် ပစ္စည်းအချို့ကိုယူ၍ စင်ကာပူတွင် လည်းကောင်း၊ ထိုင်းနိုင်ငံတွင်လည်းကောင်း ဈေးကွက်ရှာ၍ ပေးခဲ့၏။ သို့ပေမယ့်လည်း ရေတ်သီးများ မှိုတက်သည်ဟုဆိုကာ ထိုင်းတွင် ရောင်း၍မရခဲ့ပါ။

လူငယ်တစ်ဦးဖြစ်သူ ကိုညီညီသည် ကျောက်ဆည်ထွက် ရေတ်သီးနှင့်နှမ်းတက်ဈေးကွက်ကို မရရအောင်ရှာခဲ့၏။ ကျွန်တော် ညွှန်ပြသည့်အတိုင်း လိုက်နာ၍ ဆောင်ရွက်ခဲ့၏။ အကြိမ်ပေါင်း များစွာ မအောင်မြင်ဘဲရှိသော်လည်း ကိုညီညီသည် မလျှော့



သောစွဲနှင့်ကြိုးစားသည်။ သူက ကျွန်တော်တို့ဝီရိယကျေးဇူးတော့ ခံစားရမှာပါဆရာရယ်ဟု ဆို၏။

ကျွန်တော်ကလည်း သူတို့က အားကိုးသလောက် မဆောင် ရွက်ပေးနိုင်၍ အားနာလာ၏။ ကိုလှိုင်မြင့်နှင့် ကိုညီညီတို့သည် ရိုးသားမှုကို ရှေ့တန်းတင်၍ ဇွဲ၊ လုံ့လ၊ ဝီရိယ အရင်းတည်ကာ ဆက်၍ကြိုးစားသည်။ တစ်နေ့တွင်တော့ ကိုညီညီ ကျွန်တော့် ထံသို့ထပ်မံ၍ရောက်ရှိလာပြီး ဆရာကျွန်တော်တို့ ကုမ္ပဏီတစ်ခု ထောင်ထားရင်ကောင်းမလားဟုဆိုပါ၏။ ကျွန်တော်ကအလုပ်အကိုင် မရှိဘဲ ကုမ္ပဏီထောင်မထားစေလို။ ကုမ္ပဏီတစ်ခုထောင်သော ရိုတ်ကလည်းရှိ၏။ သို့သော်လည်း ကုမ္ပဏီတော့မထောင်နဲ့၊ ပုဂ္ဂလိကလုပ်ငန်းအနေနဲ့ပဲ မှတ်ပုံတင်ထားရင်ကောင်းမယ်ဟု ဆို သောအခါ သဘောတူ၍ ကုန်သွယ်ရေးတွင် လုပ်ငန်းတစ်ခုကို မှတ်ပုံတင်ခဲ့ပါ၏။

လုပ်ငန်းအမည်ကို ကျွန်တော်က မြင်စိုင်း လို့ မှည့်ခေါ်ရန် အကြံပေးခဲ့၏။ မြင်စိုင်းဟူသည် မြန်မာတို့အားယူရာ နေရာ ဖြစ်၏။ ပုဂံပျက်ပြီးသည့်နောက် မြန်မာတို့သည် မြင်စိုင်းတွင် သုံးသူအင်အားစုဆောင်း၍ အင်းဝကိုတည်ရပေရာ မြင်စိုင်းသည် မြန်မာတို့အတွက် အားယူချိန်ဖြစ်၏။ ထို့ကြောင့်လည်း ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



က ကိုလှိုင်မြင့်နှင့် ကိုညီညီတို့ ညီအစ်ကိုအား ခင်ဗျားတို့ ကျောက်ဆည်သားများဖြစ်သည်။ မြန်မာ့သမိုင်းတွင် မြင်စိုင်းသည် အရေးကြီးသည်။ ခင်ဗျားတို့ ကုမ္ပဏီကို မြင်စိုင်းဟု အမည်ပေးပါဟုအကြံပေးကာ မြင်စိုင်းအင်တာပရိုက်ကို ဖွဲ့စည်းစေခဲ့ပါ၏။

လုပ်ငန်းဖွဲ့စည်း မှတ်ပုံတင်ပြီးသော်လည်း ထွက်ကုန်များအား စနစ်တကျရောင်းချခြင်း မပြုနိုင်သေးဘဲ ငရုတ်သီးနှင့် နှမ်းကို တရုတ်ဈေးကွက်သို့ စမ်း၍ပို့သည်။ တရုတ်ဈေးကွက်သည်လည်း အားကိုး၊ အားထားရသော ဈေးကွက်မဟုတ်ဘဲ ငရုတ်ကို အိန္ဒိယ၊ ပါကစ္စတန်နှင့် အရှေ့အလယ်ပိုင်းဈေးကွက်ရှိသည်ဟုဆိုကာ ထိုဒေသများတွင် ဈေးကွက်ရှာမှုဟုစဉ်းစားကာ ကျွန်တော်က ကိုညီညီအား တစ်နေရာသို့လွှတ်လိုက်၏။ ထိုနေရာက မမျှော်လင့်ဘဲ မှန်ကန်သော ဈေးကွက်တစ်ခုကို ရရှိသွားခဲ့၏။

ကိုညီညီသည် မိမိတို့ အရပ်ဒေသမှထွက်သော ငရုတ်ကို အိန္ဒိယနှင့် ပါကစ္စတန်ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သော အရည်အချင်းများ ရှိလာခဲ့၏။ ကိုညီညီသည် သာမန်လူငယ်တစ်ဦးသာဖြစ်၏။ သူသည် အစ်ကိုဖြစ်သူ၏ အဆုံးအမ အားပေးမှုဖြင့် စာပေကို ဖတ်ရှုရာမှ စာပေဗဟုသုတရရှိလာ၏။ စာပေဗဟုသုတရရှိသော အသိအမြင်သည် စိတ်အင်အားများကို ဖြစ်ပေါ်လာစေခဲ့သည်။ ကိုညီညီရရှိခဲ့သော စိတ်အင်အားမှာ ဒုက္ခများကို ကြုံတွေ့စေကာမူ စိတ်မပျက်၊ အားမလျော့ဘဲ ဇွဲဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။ လူငယ်တစ်ဦးဖြစ်စေကာမူ ဒုက္ခကိုရင်ဆိုင်ရဲသောသတ္တိကို ကိုညီညီသည် စာပေမှရရှိလာခဲ့၏။ သူသည် ကွမ်းစိုက်သော်လည်း ရောဂါကျ၍ မအောင်မြင်သည်ကို စိတ်မပျက်ဘဲ ဆက်ကြိုးစား၏။



ကျောက်ဆည်မှ ရန်ကုန်သို့ဆင်း၍ မိမိငရုတ်သီးများရောင်းချရန် ကြိုးစားရာ အကြိမ်ပေါင်းများစွာ မအောင်မြင်ဘဲ တပ်ခေါက်ပြန်ရ၏။ သို့သော်လည်း စိတ်မပျက်၊ အားမလျှော့ဘဲ အပျော်အပါးကို တတ်နိုင်သမျှလျော့ကာ ကြိုးစားရာမှ မိမိတို့ဒေသထွက် ငရုတ်၊ နှမ်းနှင့် ပဲမျိုးစုံဈေးကွက်ကို ရရှိခဲ့ရာ အသက် ၂၁ နှစ်မျှဖြင့် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးဖြစ်ကာ နိုင်ငံခြားငွေရရှိသော လုပ်ငန်းတစ်ခုကို ဦးစီး၍ လုပ်ကိုင်နိုင်ပြီဖြစ်၏။

ကျွန်တော်နှင့် နောက်ဆုံးတွေ့ချိန်တွင် ကိုညီညီက "ဆရာ၊ ကျွန်တော်တို့ဒေသထွက်ကုန်ဟာ အခုရောင်းပန်းလှနေပါပြီ။ အရင်ကတော့ ငရုတ်သီး၊ ကြက်သွန်ရောင်းတဲ့ အလုပ်ဆိုတော့ လူတောထဲမတိုးဝံ့ဘဲ အားငယ်ခဲ့ဖူးပါတယ်။ အခုတော့ ငရုတ်သီးကလည်းနိုင်ငံခြားရောင်းလို့ရတယ်။ နှမ်းလည်းရောင်းလို့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အရပ်က နိုင်ငံခြားပို့ကုန်အများအပြားဖန်တီးနိုင်တာကို သိလာရတယ်။ အခုတော့ကျွန်တော်က ရရှိထားတဲ့ဈေးကွက်ကို ရေရှည်တည်တံ့ဖို့ ကြိုးစားနေပါတယ်။ ဆရာပေးတဲ့ မြင်စိုင်းဆိုတဲ့နာမည်ဟာ ကျွန်တော်တို့အတွက် အင်အားရယူတဲ့နာမည်တစ်ရပ်ဖြစ်ခဲ့ပါတယ်။ အခုတော့ ဈေးကွက်တည်မြဲအောင် တစ်နပ်စားမလုပ်ဖို့ကြိုးစားရပါတယ်။ ဈေးကွက်တည်မြဲအောင်၊ ရောင်းပန်းလှအောင်ကြိုးစားရာမှာ လမ်းဟောင်းကိုမလိုက်၊ လမ်းသစ်ကိုရအောင်ဖောက်ရတယ်။ ရှေ့သုံးလေးပေသာမကဘူး၊ မိုင်ပေါင်းများစွာကို မြင်အောင်ကြည့်ပြီး သွားနိုင်အောင် ကြိုးစားရတယ်ဆိုတဲ့ အသိအမြင်တွေ ရလာပါပြီဆရာ ဟုဆို၏။

ကျွန်တော်သည် ကိုညီညီအားကြည့်ကာ ဝမ်းသာလှ၏။ ငယ်ငယ်ရွယ်ရွယ် အသက် ၂၀ ခန့်နှင့် အိမ်ထောင်ကျကာ သားနှင့်မယားနှင့် ဘူးသီးနုနုအမွေးသပ်ခံရသလို လူငယ်တစ်ယောက်၏ ဘဝ ရုန်းကန်ရင်းဖြင့် နလံမှထူပါ့မလားဟု ပူပန်မိရာမှ ကိုညီညီကိုယ်တိုင်က သီချင်းလေး ဆိုချင်တယ်၊ ဟိုတယ်လေး တက်ချင်တယ်ဆိုသဖြင့် ပို၍ ရင်မောခဲ့ရ၏။

သို့သော် ကိုညီညီသည် အစ်ကို၏ဆုံးမမှု၊ စာပေ၏ သင်ကြားမှုများကြောင့် အမှန်ကို အလွယ်တကူမြင်လာကာ ဒုက္ခကို



ရင်ဆိုင်မည်၊ ကြီးပွားသောလမ်းစကို ကိုယ်တိုင်ရှာမည်ဟု ဆိုကာ ကြိုးစားရာမှ ထုတ်ကုန်လုပ်ငန်းရှင်တစ်ဦး ဖြစ်လာခဲ့ရာ ညီညီ့အတွက် ကျွန်တော်သည် များစွာပီတိဖြစ်ရပါ၏။



တစ်နေ့တွင် ၁၈ နာရီမျှ အလုပ်လုပ်၍ လူသုံးပစ္စည်း၂၅၀၀ ကျော် တီထွင်ခဲ့သူ သိပ္ပံပညာရှင် အယ်ဒီဆင်

www.burmeseclassic.com

# အခန်း - ၁၁

## ဝီရိယလွန်အားသည် အရာရာကို ပြီးမြောက်စေ၏

ကိုညီညီ ကျွန်တော့်ထံသို့ ရောက်ရှိလာပြီးသည့်နောက် ကျွန်တော်သည် လူသားတို့၏ ဝီရိယသမိုင်းစာမျက်နှာများကို ပြန်လှန်၍ ဖတ်ရှုရပြန်၏။

ကျွန်တော်သည် အရှေ့ဘက်နိုင်ငံများအား လှမ်း၍ကြည့်မိ၏။ တရုတ်အမျိုးသား လွတ်မြောက်ရေးကို ကြိုးပမ်းခဲ့ကြသော ဒေါက်တာဆွန်ယက်ဆင်၊ ဥက္ကဋ္ဌကြီး မော်စီတုန်း၊ ဝန်ကြီးချုပ်ချူအင်လိုင်း အစရှိသော ပုဂ္ဂိုလ်များသည် ဝီရိယလမ်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှုပုဂ္ဂိုလ်များဖြစ်ကြ၏။ သူတို့၏ ဝီရိယစွမ်းဆောင်ချက်များကို ကမ္ဘာ့သမိုင်းစာမျက်နှာတို့မှ မည်သူမျှဖျက်ချ၍ မရနိုင်ပေ။

ဆိုဗီယက်ရုရှားတွင် လီနင်၊ စတာလင်အစရှိသော တော်လှန်ရေးခေါင်းဆောင်များသည်လည်း ကြိုးစားမှု ဝီရိယကို မဏ္ဍိုင်ပြုကာ ထိပ်တန်းသို့ ရောက်လာကြသူများဖြစ်ပါ၏။

ဂျိုးဇက်စတာလင်သည် ဖိနပ်ချုပ်သမားတစ်ဦး၏ သားသာလျှင် ဖြစ်၏။ သူကိုယ်တိုင်လည်း ဖိနပ်ချုပ်ရသည်။ သူ့အဖေဖိနပ်ချုပ်သမားသည် အမြဲလိုလို အရက်မူးနေ၍ သူ့အားလည်း မူးလာတိုင်းရိုက်တတ်၏။ စတာလင်သည် အရွယ်ရောက်လာချိန်မှစ၍ သူသည် ဝီရိယသမားတစ်ဦးဖြစ်ခဲ့၏။ သူသည်လုပ်ငန်းကိစ္စဟူသမျှကို ဇွဲနပဲကြီးစွာဖြင့်လုပ်ဆောင်၏။ သူသည်တော်လှန်ရေးလုပ်ငန်းဖြင့် ထောင်ခြောက်ကြိမ်ကျခဲ့ဖူး၍ သတင်းစာ အယ်ဒီတာလည်းလုပ်ခဲ့၏။ စတာလင်၏သတ္တိမှာ ဝီရိယစွမ်းအားကြီးမားခြင်းဖြစ်၏။ ဝီရိယ၏တန်ခိုးကြောင့် စတာလင်သည် သာမန်ဆင်းရဲသားလေးဘဝမှ ရုရှားနိုင်ငံတွင် အာဏာရှင်ကြီး ဖြစ်လာခဲ့၏။ စတာလင် အာဏာရှင်ဘဝသို့ရောက်သောအခါ သူ၏စကားတစ်လုံးကို လူသန်း ၈၀၀ ကျော်က ဥပဒေတစ်ရပ်သဖွယ် ချက်ချင်းလိုက်နာခဲ့ကြ၏။ ဂျာမဏီအာဏာရှင် ဟစ်တလာသည်ပင်



စတာလင်အား အံမတုနိုင်ဘဲ အရှုံးပေးခဲ့ရ၏။ စတာလင်၏ဘဝက ကြိုးစားက ဘုရားဖြစ်နိုင်ဟူသောအချက်ကို သက်သေထူခဲ့၏။ ဖိနပ်ချုပ်သမား၏သားဘဝမှ ကမ္ဘာ့ခေါင်းဆောင်ကြီးတစ်ဦး ဒုတိယကမ္ဘာစစ်ကိုအနိုင်တိုက်ခဲ့သူတစ်ဦး ဖြစ်လာခဲ့ခြင်းမှာ စတာလင်၏ ဝီရိယစွမ်းရည်ကြောင့်ပင်ဖြစ်ပါ၏။

ဥက္ကဋ္ဌကြီး မော်စီတုန်းဟုဆိုပါက ထိုနာမည်ကို ကမ္ဘာ့လူသားတိုင်းသိရှိကြ၏။ ဥက္ကဋ္ဌကြီးမော်စီတုန်း၏ အမည်သည် ကမ္ဘာတွင် လူသားများရှိနေသရွေ့ သူ့အမည်ကို ဘယ်တော့မှ ပျောက်ဖျက်၍ရမည် မဟုတ်။ မော်စီတုန်းသည် အလွန်ဆင်းရဲသော တရုတ်ဆင်းရဲသား လယ်သမားတစ်ဦး၏ သားသာလျှင်ဖြစ်၏။ သူ၏ ဖခင်သည် အလွန်မှရက်စက်၍ အသက် ၇ နှစ်အရွယ်တွင် ဖခင်နှင့်အတူ လယ်ထွန်ရ၏။ သူ့အဖေကား မော်စီတုန်းအား ဘာအလုပ်မှမရှိလျှင် အိမ်ရှေ့ရေတွင်းထဲမှရေကို အပေါ်သို့ဆွဲတင်ခိုင်း၏။ မော်စီတုန်းသည် ဖခင်ကြီး၏ တရကြမ်းခိုင်းစေမှုကြောင့် အလုပ်ဟူသမျှကို မကြောက်၊ အလုပ်ဆို ချိုနဲ့လားဆိုသည့် သဘော ရှိ၏။ သူသည်ငယ်စဉ်က ကျောင်းဆရာတစ်ဦးဖြစ်လျှင် ကျေနပ်ပါပြီဟု သဘောရှိသော်လည်း သူသည်နိုင်ငံရေးလောက ထဲသို့ ဝင်မိခဲ့၏။ နိုင်ငံရေးလောကထဲသို့ ဝင်မိချိန်မှစ၍ တရုတ်ပြည်တော်လှန်ရေး ကြီးအတွက် နှစ်ပေါင်း ၃၀ ခန့် အနားမနေ

www.burmeseclassic.com

www.burmeseclassic.com



ကြီးပမ်းရာမှ တရုတ်ပြည်မှ သန်းပေါင်းများစွာသော ပြည်သူတို့၏ ခေါင်းဆောင်ကြီး ဘဝကို ရရှိခဲ့ပါ၏။

ဗီယက်နမ်နိုင်ငံ၏ သမိုင်းတွင်လည်းကောင်း၊ ကမ္ဘာ့သမိုင်းတွင်လည်းကောင်း ဘယ်သောအခါမှ မေ့ပျောက်၍မရနိုင်သော သမ္မတကြီးတစ်ဦးရှိ၏။ ထိုသမ္မတကြီးသည် ဗီယက်နမ် နိုင်ငံ၏ သမ္မတကြီးတစ်ဦး သာမက အာရှ၏ ခေါင်းဆောင်တစ်ဦးလည်း ဖြစ်၏။ ယင်းပုဂ္ဂိုလ်မှာ အခြားသူမဟုတ်။ သမ္မတကြီး ဟိုချီမင်း ဖြစ်၏။ သမ္မတကြီး ဟိုချီမင်းသည် ဗီယက်နမ်နိုင်ငံ၏ အမျိုးသား ခေါင်းဆောင်ကြီးတစ်ဦးလည်း ဖြစ်၏။

သမ္မတကြီး ဟိုချီမင်းသည် စာပို့သမားအဖြစ်လည်းကောင်း သင်္ဘောမီးထိုးသမားဘဝအဖြစ်လည်းကောင်း၊ ဓာတ်ပုံခဲ့ထိုးဆရာ အဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သူဖြစ်၏။ ယနေ့ ဗီယက်နမ် နိုင်ငံ၏ အကြီးဆုံးသောမြို့ကြီးကို သမ္မတကြီးအား ဂုဏ်ပြုသော အားဖြင့် ဟိုချီမင်းမြို့တော်ဟု မှည့်ခေါ်ထားပါ၏။ ဟိုချီမင်းကို ဗီယက်နမ်ပြည်သူတို့ကသာမက ကမ္ဘာ့ပြည်သူတို့ကပါ အန်ကယ်ဟို ဟုဆိုကာ တလေးတစားရှိရုံသာမက အများ၏ချစ်ခင်လေးစားမှု ကိုလည်း ရရှိခဲ့၏။



အန်ကယ်ဟိုကဲ့သို့ ဥရောပတိုက်တွင် အများက လေးစားသော သမ္မတကြီးတစ်ဦးလည်းရှိ၏။ ယင်းသမ္မတကြီးမှာ တစ်ချိန်က ယူဂိုစလားဗီးယားနိုင်ငံ၏ သမ္မတကြီး မာရှယ်တီးတိုးဖြစ်၏။ သမ္မတကြီးတီးတိုးသည် လွတ်လပ်ရေးခေါင်းဆောင်ကြီးတစ်ဦးပင် ဖြစ်၏။ သမ္မတကြီးတီးတိုးအား ယူဂိုဆလားဗီးယားနိုင်ငံ၏ ဗိုလ်ချုပ်အောင်ဆန်းဟု တင်စားကြ၏။ တီးတိုးသည် ပန်းပဲဆရာ တစ်ဦး၏သားဖြစ်ပြီး ကျောင်းမနေခဲ့ဖူးပေ။ ငယ်စဉ်က ပန်းပဲ လုပ်ငန်းကိုသာ လုပ်ကိုင်ခဲ့ရ၏။ ပန်းပဲသမားဘဝမှ တီးတိုးသည် သံထည်လုပ်ငန်းကိုဝင်ရောက်လုပ်ကိုင်ခဲ့၏။ သံထည်အလုပ်သမား ဘဝဖြင့် အလုပ်သမားပါတီသို့ ဝင်ရောက်ခဲ့၏။ ထို့နောက် နိုင်ငံရေးဝင်ရောက် လုပ်ကိုင်ခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးအတွင်းဝယ် တီးတိုးခေါင်းဆောင်သော ယူဂိုစလားဗီးယား ပြောက်ကျားများသည် အထူးနာမည်ကျော်ခဲ့၏။ တီးတိုးသည် ၁၉၄၄ ခုနှစ်တွင် ယူဂိုစလားဗီးယာနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာခဲ့၏။

အမေရိကန်နိုင်ငံတွင် အလွန်အမင်းဆင်းရဲလှစွာဖြင့် ဘဝကို ရုန်းကန်ရင်းထိပ်တန်းသို့ ရောက်ရှိလာသော လင်ကွန်းကဲ့သို့သော သမ္မတကြီးတစ်ဦးလည်းရှိ၏။ ထိုသမ္မတကြီးသည်ကား သမ္မတကြီး ဂျေအေဂါဖီးဖြစ်သည်။ ဂျေအေဂါဖီးသည် ငယ်စဉ်က ပညာမသင်ခဲ့ရဖူးပေ။ ဆင်းရဲလွန်း၍ ပညာသင်ကြားမှုကိုရပ်ကာ အလုပ်ဝင်လုပ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရ၏။ သမ္မတကြီးဂါဖီးသည် မိမိဘဝကို လက်သမားဘဝဖြင့် စခဲ့ရ၏။ ထို့နောက်တော့ ဆားချက်သည့်လုပ်ငန်းကို ပြောင်းလုပ်ကိုင်သည်။ ထိုအထဲတွင် လွှဆွဲသည့်လုပ်ငန်းလည်း လုပ်ကိုင်ခဲ့သည်။ လှေထိုးလှော်ကိုက် လူမိုက်အားကိုးဟု ဆိုသော်လည်း လုပ်သမျှသော လုပ်ငန်းများကို သမ္မတကြီးဂါဖီးက ဖိဖိစီးစီးနှင့် အာရုံစိုက်၍လုပ်ကိုင်၏။ ထို့နောက် အကြံကုန် ဂဠုန်ဆားချက်ဟု ဆိုရိုးရှိရာ ဆားချက်ရာတွင် မီးထိုးနေသော ဂျေအေဂါဖီးအား နောင်တစ်ချိန် အမေရိကန်နိုင်ငံ၌ သမ္မတကြီးဖြစ်လာမည်ဟူ၍ မည်သူမျှ ယုံကြည်မည်မဟုတ်။ တကယ်လည်း ဂျေအေဂါဖီး၌ ဗီရိယနှင့် လုံ့လစွမ်းအားမှလွဲ၍ သမ္မတဖြစ်နိုင်သော အခြားအရည်အသွေး ဘာမျှမရှိပေ။

သမ္မတဖြစ်နိုင်သော အရည်အသွေးဟူသည် လေ့ကျင့်ယူ၊ သင်ကြားယူ၊ အားထုတ်ယူ၍ရသော အရည်အသွေးဖြစ်၏။ အမေရိကန်သမ္မတတစ်ဦး၏ အရည်အသွေးကို မဆိုထားဘိ လောကတွင် မည်သည့် အရည်အသွေးကိုမဆို အားထုတ်ယူ၍ရ၏။

ဂျေအေဂါဖီးသည် လက်သမားလုပ်ရင်း တစ်ဖက်မှလည်း ကျောင်းစာကိုဖတ်၏။ စာပေကိုလေ့လာသည်။ ထိုအချိန်ကဆိုလျှင် ဂျေအေဂါဖီး၌ တစ်ထည်စို၍ တစ်ထည်လဲစရာပင် မရှိသော ဘဝ



ဖြစ်၏။ စာပေအများအပြားကို ဖတ်ရှုခြင်းဖြင့် ဂျေအေဂါဖီး၏ ဦးခေါင်းထဲတွင် တိုးတက်ရေးအတွက် အလင်းရောင်များ ရောက်ရှိလာခဲ့၏။

ထို့နောက် သူသည် ကျောင်းဆရာအလုပ်ကို ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ သူသည် အလုပ်ကြိုးစား၍ တည်ကြည်သော ကျောင်းဆရာတစ်ဦးဖြစ်လာသောအခါ အများကလေးစားမှုရှိလာပြီး သူသည်သမ္မတကြီးလင်ကွန်း၏ခြေရာကိုနင်းကာ အမေရိကန်ပြည်ထောင်စု၏ သမ္မတရာထူးကို ရယူနိုင်သည်အထိ အောင်မြင်မှုရရှိခဲ့ပါ၏။

ဗြိတိသျှသမိုင်းတွင် ကျေးဇူးတင်ထိုက်သူများ အများအပြားရှိရာ ထိုအထဲတွင် ရောဗတ်ကလိုက် ဆိုသောအမည်လည်းပါရှိပါ၏။ ရောဗတ်ကလိုက်သည် တစ်ခါက အရှေ့အိန္ဒိယ ကုမ္ပဏီမှ စာရေးငယ်တစ်ဦးသာဖြစ်၏။ ကလိုက်သည် ဇွဲရှိသော၊ သတ္တိရှိသောလူငယ်တစ်ဦးကားဖြစ်၏။

သူသည် အိန္ဒိယနိုင်ငံကြီးအား ဗြိတိသျှအင်ပါယာအတွင်းသို့ ရောက်ရှိအောင် ဗြိတိသျှလူမျိုးတို့အတွက် စွမ်းဆောင်ပေးခဲ့ရာ ကလိုက်ဟုဆိုပါက ဗြိတိသျှလူမျိုးများသည် သူတို့လေးစားရမည့် လူတစ်ယောက် ဖြစ်မှန်းသိကြ၏။ ကလိုက်သည် စစ်ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးဘဝဖြင့် အိန္ဒိယနိုင်ငံတွင် အားကောနှင့် ပလက်ဆီတိုက်ပွဲများကို အနိုင်တိုက်ခဲ့ခြင်းမှာ သူ၏ငယ်စဉ်ကတည်းကရှိသော စွဲလုံ့လနှင့် ဘယ်အရာမဆို မဖြစ်ဖြစ်အောင်လုပ်ဆောင်မည် ဟုဆိုသောဇွဲကြောင့်ပင်ဖြစ်၏။ မဖြစ်ဖြစ်အောင် လုပ်ဆောင်မည်ဟုဆိုသောအားမာန်သည် ကလိုက်အား စာရေးလေးဘဝမှ စစ်ဗိုလ်ချုပ်တစ်ဦးအဖြစ်သို့ ပို့ပေးရုံသာမက ကလိုက်ဟူသော နာမည်ကိုဗြိတိသျှလူမျိုးတို့၏ နှလုံးသားနှင့် အသည်းထဲသို့ ရောက်အောင်လည်း ပို့ဆောင်ပေးခဲ့ပါ၏။

တစ်နေ့တွင် ဂျစ်နာဂျီအလုပ်လုပ်၍ လူသုံးကုန်ပစ္စည်း ၂၅၀၀ ကျော်ကို တီထွင်ပေးခဲ့သူ သိပ္ပံပညာရှင်ကြီး အယ်ဒီဆင်က "ဘယ်ကိစ္စမဆို ကိုးဆယ့်ကိုးရာခိုင်နှုန်းက ချွေးထွက်အောင်ကြိုးစားရပြီး တစ်ဆယ်လောက်သာ ပါရမီဗီဇရဲ့ကျေးဇူးဖြစ်ပါတယ်" ဟုဆိုဖူးပါ၏။

ယနေ့အထိ ကမ္ဘာပေါ်တွင် ထွန်းကားအောင်မြင်သူများကိုလေ့လာသောအခါ ထွန်းကားအောင်မြင်သူတို့သည် သူတို့ငယ်စဉ်ဘဝ ချမ်းသာမှု၊ ဆင်းရဲမှုနှင့်လုံးဝမဆိုင်ဘဲ ကြိုးစားသူများ ဝီရိယရှိသူများသည် အောင်မြင်ကြပြီး မကြိုးစားသူများ၊ ပျင်းရိသူများသည်အောင်မြင်မှုနှင့် ကင်းဝေးသူများဖြစ်ကြ၏။



အောင်မြင်ခြင်းကို ငွေပေး၍ ဝယ်ယူခြင်းဖြင့် မရနိုင်ဘဲ အောင်မြင်မှုကို ငွေပေး၍ဝယ်ပါက အောင်မြင်မှုမရဘဲ မိမိရှိသော ငွေကြေးများ ဆုံးပါးရုံသာ ရှိနိုင်၏။ အောင်မြင်မှုကို လုံ့လဝီရိယဖြင့်သာ ရယူနိုင်ပါ၏။ လုံ့လဝီရိယအားထုတ်မှုကင်းစွာဖြင့် မည်သည့်အောင်မြင်မှုကိုမျှ မရနိုင်ပါ။

စာပေသည် လူ့ဘဝတိုးတက်ရေးတွင် အရာရောက်သော ယာဉ်တစ်မျိုးဖြစ်သည်ဟုဆိုကြ၏။ ဝီရိယရှိသူများ၊ အားထုတ်မှုရှိသူများသည် အောင်မြင်မှုနှင့် မုချ တွေ့တတ်ကြသော်လည်း စာပေကိုလေ့လာဆည်းပူး၍ စာပေ၏သင်ကြားမှုဖြင့် တိုးတက်မှုရှာဖွေသူတို့သည် အောင်ပွဲကိုအမှားနည်းစွာဖြင့် ပိုမိုမြင့်မားသော နေရာသို့ ရောက်တတ်၏။ စာပေသည် အားထုတ်မှု စွမ်းအင်ကို တိုးပွားစေ၍ စာပေသည်အသိဉာဏ်နယ်ပယ်ကို ကျယ်ပြန့်စေပါ၏။

## ဝီရိယဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ

ဝီရိယစွမ်းအားသည် အရာရာကို ပြီးမြောက်နိုင်သည် ဟုအဆိုရှိပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း – ၁၂

## ဆောင်ပန်းရသည် လူတိုင်း ပန်ခွင့်ရှိသော ပန်း

ဗုဒ္ဓဘာသာဝင်တို့သည် ဝီရိယစွမ်းပကားကို ဖော်ထုတ်လိုပါက မဟာဇနကမင်းဖြင့် တင်စားထုတ်ဖော်ပြောဆိုကြ၏။ ဇာတ်ကြီး ဆယ်ဘွဲ့တွင် မဟာဇနက ဇာတ်တော်ကြီးသည် ဝီရိယစွမ်းအားကို ပြဆိုသောဇာတ်တော်ကြီး ဖြစ်၏။

မဟာဇနကမင်းသားက မဟာသမုဒ္ဒရာအားဖြတ်ကာ ခုနစ်ရက်သောသင်္ဘောသားတို့ဖြင့် ကုန်ကူးရန် မယ်တော်ထံတွင်ခွင့်တောင်း၏။ မိခင်ကြီးက ချစ်သား မဟာသမုဒ္ဒရာမည်သည် အလွန်မှဘေး

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်များ၏။ မဟာသမုဒ္ဒရာ၌ ကျက်စားကုန်သော သ
တို့သည် မိမိတို့ လိုရာအရပ်သို့ရောက်ရန် အလွန်မှခဲယဉ်း၏
ဆိုကာ မယ်တော်ကတား၏။ ထိုအခါ မဟာဇနက မင်းသ
မိခင် ကျွန်ုပ်တို့လိုက်မည့်သင်္ဘောတွင် ဥစ္စာပစ္စည်းတို့ကို အပြီး
တင်၍ ပြီးပါပြီ။ လိုက်လိုသောဆန္ဒ၊ သွားလိုသောဆန္ဒလ
ရှိနေပါ၍ တားမြစ်တော်မမူပါနှင့်ဟု လျှောက်ထားကာ မယ်
အား ကန်တော့၍ သင်္ဘောကိုလွှင့်ခဲ့၏။

သင်္ဘောဖြင့် လွှင့်၍လာရာ မဟာသမုဒ္ဒရာ အတွင်း
လေပြင်းနှင့်ကြုံ၍ သင်္ဘောပျဉ်အစပ်တို့သည် ပေါက်ကွဲခြင်းအ
သို့ရောက်၏။ သင်္ဘောပျဉ်အစပ်တို့ ပေါက်ကွဲပြီး သင်္ဘောအ
သို့ ရေဝင်လေရာ သင်္ဘောသည် တိမ်းခြင်း စောင်းခြင်းဖြ
မစောင်းမတိမ်းစေရန် တည့်မတ်လေလျှင် သင်္ဘောသည်
သမုဒ္ဒရာအလယ်၌ နစ်မြုပ်လေ၏။

ထိုအခါ ခုနစ်ရာသော သင်္ဘောသားတို့သည် သေ
ဘေးကို ကြောက်လန့်၍ သည်းစွာငိုကြွေးမြည်တမ်းကာ
တည်ရာမရ ဖြစ်ကြကုန်၏။ မဟာဇနကမင်းသားသည် ဒုက္ခ
ငိုကြွေး၍မလွတ်မြောက်နိုင်ရာ။ အားထုတ်အပ်သော အစွမ်း
နှင့်သာ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းသည် ဝေ



ငါသည် လုံ့လဥဿာဟရှိသော ယောကျာ်းဖြစ်၏။ ယခုကဲ့သို့သော ဒုက္ခအန္တရာယ်နှင့်ကြုံတွေ့ရာတွင် အဘယ်ကြောင့် လုံ့လကို အသုံးမပြုဘဲ အချည်းအနှီး အသေခံအံ့နည်းဟုဆိုကာ သင်္ဘောနစ်မှန်းသိလျှင် သကြား၊ ထောပတ်စသည်တို့ကို ဝလင်စွာစား၍ နိုင်ခံ့သောပုဆိုးနှစ်ထည်ကို ရေမဝင်စေရန် ဆီဆွတ်ပြီး မိမိ၏ခါးတွင် နိုင်မြဲစွာဝတ်လျက် လင်းယဉ်တိုင်ကိုမှီ၍ရပ်၏။ သင်္ဘောမြုပ်ခါနီး အချိန်တွင်လင်းယဉ်တိုင်ထက်သို့တက်၍ မိမိသွားလိုသော မိထ္ထီလာပြည်ရှိရာအရပ်ကိုမှတ်၍ လင်းယဉ်တိုင်ဖျားမှ အားစိုက်၍ခုန်လေသော် ငါးလိပ်တို့ကျက်စားရာ သင်္ဘောပျက်အနားမှလွန်မြောက်၍ တစ်ဥသဘခန့်အဝေးသို့ရောက်လေသော် မလျှော့သောဇွဲ၊ လုံ့လတို့ဖြင့် မဟာဇနကမင်းသားသည် မဟာသမုဒ္ဒရာအားဖြတ်၍ ကူးလေ၏။ မဟာဇနကမင်းသားသည် မဟာသမုဒ္ဒရာအတွင်း၌ ခုနစ်ရက်တိုင်တိုင် မလျှော့သောဇွဲဖြင့်ကူးခတ်၏။ ကမ်းမမြင် လမ်းမမြင်သော်လည်း ဝီရိယစွမ်းအားကို မလျှော့ဘဲကူးရာ မဏိမေခလာနတ်သမီးကယ်မ၍ မိမိအလိုရှိရာ မိထ္ထီလာပြည်ကြီးသို့ ရောက်လေ၏။

ဗုဒ္ဓဘာသာဝင်ဖြစ်၍ မဟာဇနကဇာတ်တော် အထင်အရှားရှိပါလျက် ဝီရိယစွမ်းအားကို အသုံးမပြုသော် ဗုဒ္ဓဘာသာဝင်ဟု မဆိုထိုက်။ မဟာဇနကမင်းသားသည် ဝီရိယစွမ်းပကား အသုံးပြုသူတို့အတွက် စံပြနမူနာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝီရိယစွမ်းအားနှင့် ပတ်သက်၍ စောများနေသေးလား။ နောက်များကျနေပြီလားဟူသော သဘောတရားသည်မရှိ။ ဝီရိယစွမ်းအားကို စောစောသုံးပါက စောစော်အောင်မြင်မှုများရ၍ နောက်ကျမှသုံးလျှင် သုံးသောအချိန်တွင် ယင်း၏စွမ်းပကားကို ခံစားရသည်သာဖြစ်၏။

ကျွန်မင်းလက်ထက်တွင် အခါတစ်ပါး၌ အသက် ၆၀ ကျော် ရဟန်းကြီးတစ်ပါး ဘုရင့်ထံသို့ကြွရောက်လာပြီး ပိဋကတ်သုံးပုံ သင်ကြားရန် ကံ့ကူဆံကို အလှူခံ၏။ ထိုအခါ ကျွန်မင်းက "အရှင်ရဟန်း၊ ယခုအသက်အရွယ်ရောက်မှ ပိဋကတ်သုံးပုံသင်ပါက ကျည်ပွေ့သာ အတက်ပေါက်မည်၊ ရဟန်းကြီး ပိဋကတ်သုံးပုံသင်ကြားတတ်မြောက်ရန်ကား ခဲယဉ်းပေစွ" ဟုဆိုကာ မင်းကြီးသည် ကံ့ကူဆံကိုကား လှူလိုက်၏။

ရဟန်းကြီးသည် ကျည်ပွေ့အတက်ပေါက်အောင်ပင် ကြိုးစားခဲ့၏။ ရဟန်းကြီးမှာ နေ့စဉ် ဒန်ပူတစ်ချောင်းကိုလှင့်ပစ်ခဲ့ရာ တွင်းကြီးသည် ဒန်ပူတို့ဖြင့်ပြည့်လာသည်ကိုကြည့်၍ ဤတွင်း အတွင်းသို့ ငါသည်တစ်နေ့လျှင် ဒန်ပူတစ်ချောင်းသာပစ်ချခဲ့ရာ ယခု တွင်းပြည့်ခဲ့လေပြီ။ ငါသည် တစ်နေ့တွင် အနည်းငယ်စီ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်ပါက သုံးပုံသောပိဋကတ်ကို ငါတတ်မြောက်



နိုင်၏။ အကြောင်းမဲ့နေ၍ အချည်းအနှီးသာဖြစ်သည်ဟု စိတ်ကူးကာ ဘုရင့်ထံတွင်လာရောက်၍ ကံ့ကူဆံကို အလှူခံ၏။ ရဟန်းကြီးသည် ဘုရင်ပြောကြားလိုက်သော စကားကို မှတ်သားကာ ဒန်ပူနှင့်ပြည့်နေသော ကျင်းကိုကြည့်၍ ပိဋကတ်တော်ကို ကျက်မှတ်ရာ သုံးပုံသော ပိဋကတ်တော်ကို တတ်မြောက်ခဲ့၏။ ရဟန်းကြီးလည်း ပိဋကတ်သုံးပုံကို တတ်မြောက်လေလျှင် ကျည်ပွေ့တစ်ချောင်းကို သစ်ခက်များစည်း၍ နန်းတော်သို့ဝင်ကာ "မင်းကြီး၊ ယခုအခါ ကျည်ပွေ့ အတက်ပေါက်လေပြီ။ ပိဋကတ်သုံးပုံမှ မေးလိုရာ မေးလော့" ဟုဆိုလေရာ မင်းကြီးလည်း ရဟန်းကြီး၏ ဝီရိယကို လေးစားကြည်ညို၍ မင်းဆရာအဖြစ် မြှောက်စားကာ မြန်မာ့သမိုင်းတွင်ထိုရဟန်းကြီးသည် ဦးကျည်ပွေ့ ဟု အမည်တွင်၏။

**အင်းဝမင်းကြီး** စွာစော်ကဲလက်ထက်၌ အထက်ဝန်စင်းရွာမှ ပညာရှိအမတ်ကြီးဖိုးရာဇာသည် မင်းနှင့်တကွ ပြည်သူတို့၏လေးစားကြည်ညိုမှုကို ခံရ၏။ အမတ်ကြီးဖိုးရာဇာသည် အမတ်မျိုးမဟုတ်။ ဝန်စင်းရွာမှ အသည်သားသာလျှင်ဖြစ်၏။ လယ်တွန်ရင်းအားလပ်ချိန်များတွင် စာပေကျမ်းဂန်များကို ဖတ်ရှုပြီး စာပေနှင့်ပတ်သက်လာပါက တောက်တိုမည်ရ အားလုံးစုဆောင်း၍ မှတ်သားတတ်ရာ အမတ်ကြီးဘဝသို့ မရောက်မီကပင် ဝန်စင်းရွာမှ

www.burmeseclassic.com

www.burmeseclassic.com



ဖိုးကျော်ဇာသည် ထင်ရှား၏။ တစ်နေ့တွင် ဘုရင်သည် မိတ္ထီလာကန်သို့ လာရောက်ရာတွင် ကန်ပေါင်ပေါ်ရှိ နတ်စင်ကိုတွေ့၍ အကြောင်းကိုသိလိုသောကြောင့်မေးရာ ဖြေနိုင်သူမရှိဘဲ ဖိုးကျော်ဇာကို သွားခေါ်၍မေးမြန်းရာမှ အကြောင်းစုံကို သိရသောကြောင့် ဘုရင်သည် ဖိုးကျော်ဇာ၏ပညာစုဆောင်းတတ်မြောက်မှုကို သိရှိကာ လယ်သမားဖိုးကျော်ဇာအား ချက်ချင်း မင်းတိုင်ပင်အမတ်ရာထူး ကို ပေးအပ်ခဲ့၏။

မြန်မာတို့၏ ဝီရိယအားထုတ်မှုသမိုင်းကို ပြုစုပါက ဦးဖိုးစိန်၊ ရွှေမန်းဦးတင်မောင် အစရှိသော ပုဂ္ဂိုလ်များကိုလည်း ချန်လှပ်ထား၍မသင့်ပေ။ ဦးဖိုးစိန်သည် ဇာတ်သဘင်မျိုးရိုးမဟုတ်သလို ရွှေမန်း ဦးတင်မောင်သည်လည်း ဇာတ်သဘင်မျိုးရိုးမဟုတ်။

သို့သော်ဦးဖိုးစိန်နှင့် ဦးတင်မောင်တို့သည် ဇာတ်သဘင်လောက၏ မီးရှူးတန်ဆောင်များဖြစ်၏။ အဘယ်ကြောင့် ယင်းပုဂ္ဂိုလ်များသည် ထိပ်တန်းဇာတ်မင်းသားကြီးများ၊ ပြည်သူတစ်ရပ်လုံးက ဖူးဖူးမှုတ်ထား၍ အနုပညာသမိုင်း ဇာတ်သဘင်သမိုင်းတွင် ထိပ်တန်းမှနေရာယူနိုင်ခဲ့ခြင်းသည် ယင်းတို့၏ ပါရမီကြောင့်ထက် ယင်းတို့၏ ဝီရိယကြောင့်ပင်ဖြစ်ပါ၏။



ဦးဖိုးစိန်ကြီးသည် ဇာတ်သဘင်လောကတွင်းသို့ အောက်ဆုံးမှနေ၍ ရှေ့ဆုံးသို့ လုံ့လ၊ ဝီရိယအစွမ်းဖြင့်တက်လာသူဖြစ်၏။ ဦးဖိုးစိန်ကြီးသည် မိမိ၏ ဝီရိယစွမ်းအားဖြင့် ထိပ်တန်းသို့ တက်ခဲ့ရုံသာမက မိမိနှင့်အတူ မြန်မာ့ဇာတ်သဘင်ကိုလည်း အထက်သို့ မြှင့်တင်ခဲ့၏။ သူသည် ဇာတ်ခုံအခင်းအကျင်း၊ ကကွက်ကဟန်နှင့် မီးစနစ်များကို သူမတူအောင် တီထွင်ခဲ့၏။ ကြီးကြီးစားစားကပြ အသုံးတော်ခံ၏။ မနိုမကာပ်ဘဲ ပြည်သူတို့အား ဖျော်ဖြေခဲ့သော ဝီရိယကြောင့်ပြည်သူတစ်ရပ်လုံးက ဖိုးစိန်၊ ဖိုးစိန်ဟု ပါးစပ်ဖျားမှ မချာဘဲနေခဲ့၏။ ဖိုးစိန်ကြီးသည် သူ့ဇာတ်အဖွဲ့တွင် အဖွဲ့ဝင် ၁၈၀ ကျော်ခန့်ရှိ၏။ ဖိုးစိန်ကြီး၏ လုံ့လ၊ ဝီရိယကိုမှီ၍ ၁၈၀ ကျော်သောမိသားစုတို့၏ စီးပွားရေးသည်လည်း ကုံလုံ ပြည့်စုံသောဘဝသို့ ရောက်၏။

ဦးဖိုးစိန်ကြီးသည် မိမိဇာတ်အဖွဲ့ဝင်များတွင် အင်္ဂလိပ်လူမျိုး ငါးယောက်ကိုပင် အလုပ်ခေါ်ယူခန့်အပ်ထား၏။ ဦးဖိုးစိန်ကြီးသည် ၁၆ နှစ်သားအရွယ်မှ နာမည်ရခဲ့ရာ အသက် ၇၀ အရွယ် အထိ ဇာတ်သဘင်လောကတွင် ရေပန်းစားခဲ့ပြီး ၁၉၅၂ ခုနှစ်တွင်မှ ကွယ်လွန်ခဲ့သည်။

ရွှေမန်းတင်မောင်သည် မြန်မာ့ဇာတ်သဘင် လောကတွင် နောက်ဆုံးထွက်သည့်လဝန်းကြီးအလား ထင်ရှားသူဖြစ်၏။ ရွှေမန်း

www.burmeseclassic.com

www.burmeseclassic.com




ဦးတင်မောင်မရှိသည့်နောက် မြန်မာ့စာတ်သဘင်သည် စတင်ချို့တဲ့သောဘဝသို့ ရောက်ရှိခဲ့၏။ ရွှေမန်းဦးတင်မောင်၏ ကျော်ကြားမှုသည် စာကျက်ခြင်း၊ ကြိုးစားခြင်း၊ အားထုတ်ခြင်း၊ အပင်ပန်းခံခြင်းတို့၏ ကျေးဇူးပင်ဖြစ်ပါ၏။

မြန်မာ့စာတ်လောကတွင် ဝီရိယစွမ်းအားဖြင့် ထိပ်တန်းတက်နိုင်ခဲ့သူ အခြားတစ်ဦးကား မြို့တော်ဦးသိန်းအောင်ဖြစ်၏။ မြို့တော်ဦးသိန်းအောင်သည် လွှတ်တော်ဘဝတွင် ကျရောက်လာသောတာဝန်ကို မလွဲမသွေကြိုးစား ပြီး၊ မြို့တော်စာတ်သဘင်ကို ဦးဆောင်မှုပေးခဲ့ရာ ဦးသိန်းအောင်၏ စာတ်စင်ပေါ်မှ ပြဇာတ်များကို ယနေ့အထိ အမီလိုက်နိုင်သူ မပေါ်သေးဘဲ ရှိပါ၏။

မောင်ကြည်ဖြူက သူ၏ အားသွန်ကြိုးပမ်း အောင်မြင်လမ်း **ဆောင်းပါးတွင် မိရထားအရာရှိကြီးဦးဘစိန်အကြောင်းကို တစ်ခါက** ဖော်ပြထားပါ၏။ ဦးဘစိန်သည် ငယ်စဉ်က တက္ကသိုလ်ကျောင်းကိုမဆိုထားဘိ။ အထက်တန်းကျောင်းကိုပင်မနေခဲ့ဖူးပေ။ သူသည် အိမ်၌သာ ပြတ်တောင်း ဖြတ်တောင်း စာသင်ကြားခဲ့ရ၏။ ထိုပုဂ္ဂိုလ်ကြီးစာသင်ရသောရက်များကို စုပေါင်းလိုက်ပါက ဘဝတစ်သက်လုံးတွင် ၁၁ လမျှသာရှိ၏။ သို့သော် ဦးဘစိန်သည် အလုပ်လုပ်ရာတွင် ရရှိသော အချိန်ပိုကလေးများကို အလဟဿ မဖြစ်





ကြိုးပမ်းမှုဖြင့် အောင်မြင်ခဲ့သူ ဦးဘစိန်

စေဘဲ အလုပ်လုပ်၏။ ရရှိသမျှသောအချိန်လေးများတွင် စာပေကိုအပတ်တကုတ်ကြိုးစား၏။ ကြီးလာမှပင် ဦးဘစိန်သည် မိမိမိမိသို့ဆရာကိုပင့်ကာ စာပေသင်ကြား၏။ ထိုသို့သောကြိုးစားမှုကြောင့်

www.burmeseclassic.com



ဦးဘစိန်သည် မြန်မာ့မီးရထားဌာနတွင် ၁၆၀၀ စားအရာရှိကြီး ဖြစ်လာခဲ့၏။ ထိုခေတ်အခါက မြန်မာထဲမှ ၁၆၀၀ စားအရာရှိဟူသည် အလွန်မှရှား၍ ၁၆၀၀ ဟူသော ငွေပမာဏမှာလည်း အလွန်မှများ၏။

အင်္ဂလိပ်အစိုးရသည် ဦးဘစိန်အား ဂုဏ်ပြုသောအားဖြင့် တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ကိုလည်း ချီးမြှင့်ခဲ့၏။ အင်္ဂလိပ်အစိုးရက ဦးဘစိန်အား ချီးမြှင့်သောဘွဲ့သည် ဦးဘစိန်၏ ဝီရိယကြိုးပမ်းမှုကို ချီးမြှင့်ခြင်းလည်းဖြစ်ပါ၏။

မီးရထားအရာရှိကြီး ဦးဘစိန်သည် ခက်ခဲနက်နဲသော ဗုဒ္ဓ၏ အဘိဓမ္မာတရားတော်များကို အင်္ဂလိပ်ဘာသာဖြင့် သတင်းစာ၊ မဂ္ဂဇင်းတို့မှနေ၍ မှန်မှန်ရေးသားခဲ့၏။ ဦးဘစိန်သည် ည ၁၁-နာရီမှာအိပ်၍ နံနက် ၄-နာရီတွင်ထကာ အလုပ်လုပ်ပါ၏။ တစ်နေ့တွင် ၁၆၀၀ စား အရာရှိကြီးဦးဘစိန်သည် ၅-နာရီသာအိပ်ပါ၏။

အားသွန်ကြိုးပမ်း အောင်မြင်လမ်း ဆောင်းပါးတွင် မောင်ကြည်ဖြူက အောင်မြင်မှုနှင့်ပတ်သက်၍ "အောင်မြင်မှုဆိုသည်မှာ ပုပ္ပုဇ္ဇ လူသားအားလုံးတို့ ပန်ဆင်နိုင်သောပန်းဖြစ်၏။ ထိုပန်းကို ဆွတ်လှမ်းနိုင်ရန်အတွက် ဆူကြံ့ နိမ့်မြင့် မရွေးပေ။ သို့သော် တစ်ခုတော့ရှိရမည်ဖြစ်၏။ ယင်းသည်ကား ကြိုးပမ်းအားထုတ်



တတ်သောလုံ့လပင်ဖြစ်၏။ လုံ့လဝီရိယရှိလျှင် အောင်ပန်းကို အနည်းနှင့်အများ လက်ဝယ်ပိုင်ပိုင်ဆွတ်လှမ်းမိမည်မှာ သေချာ၏။

"အောင်မြင်မှုဆိုသည်မှာ အဘယ်နည်းဟု စစ်ဆေးရန်ရှိ၏။ တစ်လုံးတည်းနှင့်ပြောရလျှင် မိမိ၏ဆန္ဒ ပြည့်မြောက်ခြင်း ဖြစ်သည်ဟု ဆိုရန်ရှိ၏။ ထို့ကြောင့် ပညာကိုလိုချင်သူအတွက် ပညာသည် အောင်မြင်မှုဖြစ်၏။ ပစ္စည်းဥစ္စာလိုချင်သူတို့အတွက် ပစ္စည်းဥစ္စာသည် အောင်မြင်မှုဖြစ်၏။ အသစ်အဆန်း တီထွင်လိုသူအတွက် အသစ်အဆန်း ထွင်လိုက်ရခြင်းသည် အောင်မြင်မှုဖြစ်၏။ နာမည်ကြီးလိုသူများအတွက် ကျော်စောကိတ္တိရှိခြင်းသည် အောင်မြင်မှုဖြစ်၏။ လောကတွင် မိမိတို့၏ ဆိုင်ရာဆိုင်ရာ အမှုကိစ္စတို့၌ အောင်မြင်ခဲ့၊ အောင်မြင်ဆဲ ဖြစ်သူတို့ကား ဒုနှင့်ဒေးရှိ၏။ မြန်မာ့သမိုင်းတွင်လည်းမနည်းလှ။ ကမ္ဘာ့သမိုင်းတွင်ရှိသမျှ ပုဂ္ဂိုလ်ကျော်တို့၏ အကြောင်းသည် စာဖွဲ့၍ပင် ကုန်နိုင်စရာမရှိ။"

"သို့သော် အောင်ပန်းကို ဆွတ်လှမ်းကြသူတို့၏ ဦးရေနှင့်စာသော် သူလိုငါလိုဖြင့် လောကစံလှိုင်းဂယက်ဝယ် ပက်လက်မျောနေကြသူတို့က များလှ၏။ ထိုသူအားလုံးသည် ပက်လက်မျောကြရသည့် ဗေဒါပင်၊ ဒိုက်ပင်များဘဝမှ ရေကိုဆန်တက်နိုင်သူချည်းဖြစ်သည်။ နောင့်တော် နောင်တော်များသည် နုကွဲရေကြော

www.burmeseclassic.com



တွင်အမျှော်မခံဘဲ ရေဆန်ကို လက်ပစ်ကူးခဲ့ကြ၍ အောင်မြင်ခြင်း စခန်းသို့ရောက်ကာ လက်ပမ်းပေါက်ခတ်နိုင်ကြပြီဖြစ်သည်။

"သူတို့သည် လောကကိုလည်း ကောင်းစွာအကျိုးပြုခဲ့ကြ၏။ တစ်နည်း သူတို့သည် ကျွန်ုပ်တို့ကို ကောင်းကျိုးပြုခဲ့ခြင်းပင် ဖြစ်၏။ ဝီရိယရှိသူတို့၏ စေတနာအကျိုးဆက်ကြောင့် လောကကြီးသည် အဘက်ဘက်မှတိုးတက်လျက်ရှိသည်ဟုဆိုလျှင် ငြင်းပယ်စရာရှိမည်မဟုတ်" ဟုရေးသားခဲ့ပါ၏။

ဆရာမောင်ကြည်ဖြူက သူ့ဆောင်းပါးတွင် "ကျွန်ုပ်တို့၏ မျက်မှောက်ခေတ်နှင့် လွန်ခဲ့သောခေတ်ကာလများကို ပြန်ကြည့်လျှင် ရိုးရိုးတန်းတန်း သူလိုငါလိုလူများ ထူးထူးချွန်ချွန်ဖြစ်လာကြသည့် သာဓကများကို အထင်အရှားတွေ့နိုင်သည်။ အောင်မြင်သူများအနက် အချို့သောသူတို့သည် လောကတွင်းသို့ တင့်တင့်တယ်တယ်ပါ ရောက်ခဲ့ရသူများမဟုတ်။ မိဘကဆင်းရဲ၊ အစား အသောက်ကမပြည့်စုံ၊ ပညာသင်စရာစရိတ် မရှိသောဘဝများနှင့် ရင်ဆိုင်ခဲ့ရ၏။ သို့သော် သူတို့သည် ဝီရိယလက်နက်ကိုစွဲကိုင်ကာ ဒုက္ခပင်လယ်ကို လက်ပစ်ကူး၍ သူတို့သည် အောင်မြင်မှုဆုထူးကို ဆွတ်ခူးခဲ့ကြ၏။" ဟုဆက်၍ရေးသားထားပါ၏။

# အခန်း – ၁၃

## ဟယ်လင်ကဲလား

လူသားတို့၏တိုးတက်မှုဖြစ်စဉ်၊ သို့မဟုတ် အောင်မြင်မှုလမ်းကြောင်းများအကြောင်းကို ပြောမည်ဟုဆိုပါက ပုဂ္ဂိုလ်တစ်ဦး၏အကြောင်းကို ချန်လှပ်ထားခဲ့ပါက ပြည့်စုံမည်မဟုတ်ပါ။

ထိုသူသည် ငယ်စဉ်က စားစရာမရှိသောကြောင့် လမ်းဘေး၌ တောင်းစားခဲ့ရာ ပုလိပ်က အလုပ်မရှိသောပုဒ်မဖြင့် သူ့အား ထောင်ချလိုက်၏။ ထောင်က လွတ်လာသောအခါတွင်လည်း စားစရာကမရှိဘဲဖြစ်နေပြန်၏။ သို့သော် ဗိုက်ကမစားဘဲနေ၍မရ။

www.burmeseclassic.com

www.burmeseclassic.com





ကမ္ဘာကျော် မျက်မမြင် ဒုက္ခိတကြီး
ဟယ်လင်ကဲလား

တောင်းစားပါကလည်း ပုလိပ်က ထပ်၍ထောင်ချ ဦးမည်ကိုလည်း စိုးရိမ်သဖြင့် သူသည် ထမင်းဆိုင် တစ်ဆိုင်တွင်ဝင်၍ ပန်းကန်ဆေးသောအလုပ်ကို လုပ်ကိုင်၏။ စားစရာထမင်း ရရှိသော်လည်း ဝင်ငွေကားမရရှိပေ။ သူများစားပြီးသား ပန်းကန်များကို ဆေးရသည့် အလုပ်၊ ဟင်းပန်းကန်၊ ထမင်းပန်းကန်တို့မှထွက်သော အနံ့သည်ပင် သူ့အတွက် အဆာပြေစရာ ဖြစ်ခဲ့ရသော်လည်း ကြာတော့ မြောက်မြားစွာသော ပန်းကန်များဆေးရသည်ကို ငြီးငွေ့ကာ ကြမ်းတိုက်သော အလုပ်ကိုပြောင်း၍လုပ်၏။

ထိုမှတစ်ဆင့် သင်္ဘောကျင်း တစ်ကျင်း၌ အလုပ်သမားလည်းဝင်လုပ်၏။ သင်္ဘောကျင်းတွင် သံချေးများခွာရသောအလုပ်၊ ထုရှိသောသံပြားကြီးများကို ရွှေ့ရပြောင်းရဖြင့် သင်္ဘောကျင်းအလုပ်သည်လည်း အလွန်ပင်ပန်းလှ၏။ သူက စိတ်ကြမ်းလူကြမ်း





ငတ်မွတ်၍ တောင်းစားခဲ့ရာမှ တစ်နေ့လျှင် ၁၅ နာရီစာဖတ်ပြီး
သမ္မတထက် ဝင်ငွေနှစ်ဆ ကောင်းခဲ့သော အမေရိကန်
စာရေးဆရာ ဂျက်လန်ဒန်

ဖြစ်၏။ အလုပ်တစ်ခုကို မနှစ်မြို့ဘဲရှိပါက ချက်ချင်းစွန့်ပစ်ကာ တစ်ခါတွင်တော့ ဒီတစ်ချီ ပွပေါက်ပဲဟုဆိုကာ ရွှေရှာသည့်လုပ်ငန်းကိုသွားရောက်လုပ်ကိုင်ခဲ့၏။ သူသည် ရွှေတစ်စမှမရဘဲ ပြန်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတွင်မူ အရှေ့ဖျားပင်လယ်များသို့ ရွက်သင်္ဘောဖြင့် သင်္ဘောသားအဖြစ် စွန့်စွန့်စားစားခရီးထွက်ခဲ့ဖူး၏။ သူ၏တစ်ခုတည်းသော အရည်အချင်းမှာ သူလုပ်ရသောအလုပ်ကို ဖွဲ့ဖွဲ့ရှိရှိနှင့်လုပ်ကိုင်ခြင်းဖြစ်၏။ အလုပ်လုပ်ရမည်ဟုဆိုပါက မရှိမကာပ်ဘဲ အင်အားအပြည့်ဖြင့် လုပ်ကိုင်တတ်၏။

သူသည် အရှေ့ပင်လယ်များသို့လည်း ရောက်ဖူးကာ သင်္ဘောသားဘဝ၊ ထမင်းဆိုင်အလုပ်သမားဘဝ၊ သူတောင်းစားဘဝဖြင့် ဘဝစုံကာ အတွေ့အကြုံလည်းစုံ၏။

သူသည် ငယ်စဉ်က စာပေဝါသနာပါသူမဟုတ်ဘဲ သင်္ဘောနှင့်လိုက်စဉ် အားလပ်ချိန်များတွင် တွေ့ရှိသောစာအုပ်များကို ဖတ်ရှုမိရာမှ စာပေဝါသနာပါခဲ့၏။ သူသည် အလုပ်မှအားလပ်ချိန်များတွင် အချိန်ကို အလဟဿမဖြုန်းတီးပစ်ဘဲ စာဖတ်ခြင်းဖြင့် အချိန်ဖြုန်းပစ်ခဲ့ပါ၏။ သူသည် စာမျိုးစုံကိုဖတ်၍ စာရေးသည့် အလုပ်ကို ဝါသနာပါလာ၏။ ကြီးမှစာပေကိုဝါသနာပါ၍ စာရေးခြင်းအလုပ်ကိုကြိုးစားသောအခါ သူသည် အတော်ကြီးအခက်အခဲတွေခဲ့၏။ သို့သော်သူသည် စာပေဝါသနာပါမှုနှင့် ဘဝမျိုးစုံအတွေ့အကြုံတို့က သူတွင်ရှိနေရာ သူ့ဘဝအတွေ့အကြုံများကို စာဖြင့်ရေးဖို့ရာ အတော်ကြီး အခက်အခဲ ရှိခဲ့၏။ သို့သော်သူသည်



အငတ်ငတ်အပြတ်ပြတ်ခံ၍ စာကိုကြိုးစားပြီးရေး၏။ တစ်နေ့တွင် သူသည် စာလုံးပေါင်း ၅၀၀၀ ခန့် ရေး၏။ စာမရေးပါက တစ်နေ့တွင် ၁၀ နာရီမှ ၁၅ နာရီအထိ စာဖတ်၏။ ထိုကဲ့သို့ စာရေးရင်း စာဖတ်ရင်းဖြင့် သူသည် စာရေးဆရာတစ်ဦးဖြစ်လာခဲ့၏။

စာရေးဆရာ ဖြစ်လာတော့လည်း အလွန် ဝင်ငွေကောင်းသော စာရေးဆရာကြီးဖြစ်၏။ သူကား အခြားသူမဟုတ်။ အမေရိကန် စာရေးဆရာများအနက် အထူးကျော်ကြား၍ ဝင်ငွေကောင်းသည့် စာရေးဆရာဂျက်လန်ဒန် ပင်ဖြစ်၏။ သူသည် စွန့်စားမှုများစုံထောက်ဇာတ်လမ်းများရေး၍ သူသည် ၁၈ နှစ်အတွင်း၊ ကျော်ကြားသည့် စာအုပ် ၅၀ ကျော်ကို ရေးခဲ့ပြီးသူ၏ဝင်ငွေသည် အမေရိကန်သမ္မတ၏ ဝင်ငွေထက် နှစ်ဆမျှရှိခဲ့၏။

ဂျက်လန်ဒန်သည် စားစရာမရှိ၍ တောင်းစားရသောဘဝမှ အမေရိကန်သမ္မတ၏ဝင်ငွေထက်နှစ်ဆရရှိအောင် စွမ်းဆောင်မှုသည် သူ၏မလျှော့သောစွဲ၊ ကြီးမားသောအားထုတ်မှုကြောင့်ပင် ဖြစ်ပါ၏။

မြန်မာတို့သည် ရိုတ်စပီးယားဟုဆိုပါက မည်သူမည်ဝါဖြစ်သည်ကိုအားလုံးကသိကြ၏။ သူသည် ပြဇာတ်ရေးဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ သူမတူအောင်ထူးချွန်၍ကမ္ဘာ့စာပေသမိုင်းတွင်ရှိတ်စပီးယ
၏နာမည်သည်ထိပ်ဆုံးက ကမ္ပည်းထိုးခံရသူဖြစ်၏။ သူ၏စာပေမ
သည် အရေးအသားကောင်းမွန်ထိမိရုံသာမက သူမည်မျှဗဟုသု
နှင့် ပြည့်စုံကြောင်းကိုလည်း ဖော်ပြနေ၏။

ကမ္ဘာကျော် ပြဇာတ်ရေးဆရာကြီး ရှိတ်စပီးယာ
ဘဝကိုလေ့လာပါက သူသည် တစ်ခါက ဒုက္ခဗွက်အိုင်ကြီးထဲ
နစ်နေသော လူငယ်တစ်ယောက်ဖြစ်၏။ ကမ္ဘာကျော်ပြဇာ
ရေးဆရာကြီးရှိတ်စပီးယား၏ မိခင်ကြီးနှင့် သူ့ညီအစ်ကိုမော
မိသားစုအားလုံး စာမတတ်ကြပေ။ ဖခင်ကြီးကမူ နွားပေါ်
လုပ်ငန်းတွင် နွားသတ်ပေးရသူဖြစ်၏။ ဆရာကြီးရှိတ်စပီး
သည် တစ်မိသားစုလုံး သေစာရှင်စာမျှပင် မတတ်၍ မိမိ
စာလေးပေလေးတတ်အောင်သင်မည်ဟုဆိုကာ ကျောင်းနေဖို့
စားရာတွင် ကျောင်းနေနိုင်ရန်အတွက် တစ်ခါ ညစောင့်
ပိုက်ဆံရှာရ၏။ ကျောင်းမှထွက်သောအခါ သိုးကျောင်းသား
လည်း အသက်မွေးရသည်။ သူသည် စာရေးလည်းလုပ်ဖူး

ရှိတ်စပီးယားဦးခေါင်းထဲမှ ထွက်လာသော စာမျ
မွေးကတည်းကပါလာခြင်းမဟုတ်။ ဗီဇမျိုးရိုးကြောင့် စာ
သည်ဟုပြောရလောက်အောင်ကလည်း သူ့မိသားစုတစ်ခု





ဗဟုသုတကြွယ်လှသဖြင့် စာပေလောကတွင်တံခွန်
စိုက်နိုင်ခဲ့သော စာရေးဆရာကြီး ရှိတ်စပီးယား

စာမတတ်။ သူသည် သူ့ခေါင်းထဲမှ ပြောင်မြောက်သောစာပေ
အရေးအသားများ ထွက်ရှိလာရန် အားထုတ်ကြိုးစားခဲ့ရခြင်းဖြစ်၏။
ရှိတ်စပီးယားသည် အားလပ်ချိန်များတွင် စာပေကိုအသဲတကုတ်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစား၍ သင်္ချိုင်းကာ အလေ့အကျင့်များစွာကို ပြုလုပ်ခြင်းဖြ
ကမ္ဘာကျော်ပြဇာတ်ရေးဆရာကြီး ဖြစ်လာခြင်း ဖြစ်ပါ၏။

မြန်မာစာပေဝါသနာရှင်များနှင့် နီးစပ်သောစာပေပုဂ္ဂိုလ်
တစ်ဦးကားအင်ဒါဆင်ဖြစ်၏။ အင်ဒါဆင်၏ပုံပြင်များသည် အလွ
မှကျော်ကြား၏။ သူသည် ဒိန်းမတ်ပြည်သားတစ်ဦးဖြစ်၍
ပုံပြင်များကို မြန်မာဘာသာဖြင့်လည်း ပြန်ဆိုထုတ်ဝေခဲ့သည်
ဆရာကြီးအင်ဒါဆင်၏ ဖခင်ကြီးသည် ဖိနပ်ချုပ်သမားတစ်ဦးဖြ
၏။ ဖိနပ်ချုပ်သမား၏သားများ သို့မဟုတ် ငယ်စဉ်က ဖိနပ်ချုပ်
သူတို့သည် ကြီးကျယ်သူများဖြစ်တတ်သည်ဟု ပြောရလော
အောင် ကမ္ဘာကျော်ပုဂ္ဂိုလ်အတော်များများသည် ဖိနပ်ချုပ်ဖူးကြ

မိမိတို့ လုပ်ဆောင်သောအလုပ်သည် အရေးမကြီးလှ
လုပ်ဆောင်သူ၏စိတ်ဓာတ်သည်သာ အရေးကြီးလှပါ၏။ သူ
၏ဖိနပ်ကို ချုပ်ပေးရသော်လည်း လူနေချိုကြား စိတ်နေဘုံ
ဆိုသလို ငါဖိနပ်ချုပ်သည့်ဘဝက ဘယ်လိုလွတ်မြောက်အော
လုပ်မည်။ ငါသည် ဖိနပ်စီးသူအားလုံး၏ အထက်တွင်နေမည်
ဖိနပ်စီးသူအားလုံးက ငါ့အားမော့ကြည့်ရမည်ဟူသော စိတ်ဓာ
ဖြင့်ဖိနပ်ချုပ်သည့်အလုပ်ကိုလုပ်သူတိုင်းသည် အထက်သို့ရောက်
ချည်းဖြစ်သည်။ သို့သော် ငယ်စဉ်က တီးတိုးသည် ပန်းပဲ





ဖိနပ်ချုပ်သည့်၏သားဘဝမှ အင်ဒါဆင်ပုံပြင်များကြောင့်
ထင်ရှားခဲ့သူဒိန်းမတ်ပြည်မှ ခရစ်စယန် အင်ဒါဆင်

သမားတစ်ဦး ဖြစ်၍ တီးတိုးကဲ့သို့ တော်လှန်ရေးသမားကြီး၊
ဝန်ကြီးချုပ်ကြီးဖြစ်အောင် ပန်းပဲသမားသွားလုပ်မည်ဟူသော စိတ်
ဓာတ်ဖြင့် ပန်းပဲလုပ်ပါက လက်မောင်းသာ ကြီးလာမည်။ ဝန်ကြီး
ချုပ်၏အိမ်တွင် ခြံစောင့်ပင်ဖြစ်လာမည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ထိပ်တန်းသို့ ရောက်ရှိရေးကိစ္စတွင် စိတ်ဓာတ်သည် အဓိကဖြစ်ပါ၏။ အင်ဒါဆင်၏ ယေဘုယျအဝသည် အလွန်မှ ဆင်းရဲ၏။ အကျည်းတန်သောဘဲကလေးဆိုသည့်ဓာတ်လမ်းသည် သူ့ဘဝဇာတ်လမ်းပင်ဖြစ်သည်။ အင်ဒါဆင်သည် သူ၏ဘဝအစပိုင်း တစ်ခုလုံး၌ ညှိုးငယ်စွာနေခဲ့ရ၏။ ညှိုးငယ်စွာပင်နေရနေရ ခေါင်းပင်မဖော်ဘဲနေရနေရ ကြိုးစားမှုရှိပါက ခေါင်းမော့နိုင်မည့်သူချည်း ဖြစ်ပါ၏။

အားထုတ်မှု၊ ဝီရိယရှိမှု၊ ဖွဲလုံ့လ၏အံ့ဩစရာဖြစ်ရပ်ကို တင်ပြရမည်ဆိုပါက ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတစ်ဦး၏အကြောင်းကို လည်းပြောမှဖြစ်ပါမည်။ ထိုပုဂ္ဂိုလ်ကြီး၏အမည်သည် ဗီသိုဗင်ဖြစ်၏။ ဗီသိုဗင်ဟုဆိုပါက ကမ္ဘာ့ဂီတ၏ဘိုးအေကြီးအဖြစ် လူတိုင်း သိကြ၏။ ဂီတတွင် ဗီသိုဗင်ထက်ကြီးသော ဘွဲ့နာမ မရှိတော့ပေ။ သူသည်ငယ်စဉ်က ဆင်းရဲနွမ်းပါးသူတစ်ဦးဖြစ်၍ ဗီသိုဗင်သည် ဖက်စပ်တီးမှုတ်ရသော ဂီတပညာတွင် သူမတူအောင် ထူးချွန်သူ ဖြစ်၏။ သို့သော်ဗီသိုဗင်သည် နားလေးသူဖြစ်၍ကြီးလာသောအခါ နားမကြားတော့ပါ။

နားမကြားသူက ဂီတကဝေကြီးတစ်ဆူဖြစ်အောင် စွမ်းဆောင်မှုသည် ဗီသိုဗင်၏ မဆုတ်မနစ်သော အားထုတ်မှုပင်ဖြစ်၏။





ဆင်းရဲစိတ်ပျက်ဖွယ်ကောင်း၍ နားထိုင်းသော ဘဝမှ ဂီတဆရာကြီးဖြစ်အောင်ကြိုးစားခဲ့ရသူ ဘီသိုဗင်

ဗီသိုဗင်အား ချီးကျူးမိပါလျှင် ကျွန်တော်တို့သည် ဟယ်လင်ကဲလားကို ချန်ထား၍မရပါ။ ဟယ်လင်ကဲလားသည် ကမ္ဘာကျော်ပုဂ္ဂိုလ်များကို နံပါတ်စဉ်၍ ရေတွက်ပါက ရှေ့တန်းမှ ဖော်ပြရမည်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးတစ်ဦးဖြစ်၏။ သူသည် ဒေါက်တာဘွဲ့ကို စာအုပ်များရေးသား၍ ရယူခဲ့သူဖြစ်၏။

ပုဂ္ဂိုလ်တစ်ဦးက "ဟယ်လင်ကဲလားအကြောင်းကို ပြောကြမည်ဆိုပါက ကျွန်ုပ်တို့သည်ရှက်ဖွယ်ကောင်း၍ အဆိပ်သောက်သေကြရန်သာရှိပါ၏။" ဟုပြောဖူး၏။ ကမ္ဘာကျော် အမေရိကန်အမျိုးသမီးကြီးဟယ်လင်ကဲလားသည် မွေးစကပင် မျက်စိနှစ်ကွင်းအလင်းမရခဲ့။ ဟယ်လင်ကဲလားသည် ဤကမ္ဘာမြေကြီး၏ သတ္တလောကနှင့် ဩကာသလောကကြီးကိုမမြင်ဖူးသူဖြစ်၏။ မျက်စိမမြင်သောဟယ်လင်ကဲလားသည် စကားပြောနိုင်သလားဆိုသောအခါတွင်လည်း စကားမပြောတတ်။ စကားမပြောတတ်၍ နားကြားလားဟုဆိုသော်လည်း နားလည်းမကြား။ ဟယ်လင်ကဲလားသည် ဆွံ့အနားမကြားသည့်အပြင် မျက်စိပါမမြင်သော ဒုက္ခိတတစ်ဦးသာဖြစ်၏။

သူသည် မျက်မမြင်၊ နားမကြား၊ ဆွံ့အနေသည့်ကြားမှ ဖွံ့လုံ့လကိုအရင်းတည်ကာ သတ္တ လောကကြီး၏အကြောင်း၊ ဩကာသ လောကကြီး၏အကြောင်း၊ သခၤါရ လောကကြီး၏အကြောင်းကိုလေ့လာခဲ့၏။ သူသည် ဆွံ့အနားမကြား၊ မျက်မမြင်နေသည့်ကြားမှ သူ့အာရုံများခံစားနိုင်စွမ်းရှိရန် အစွမ်းကုန်ကြိုးပမ်းခဲ့၏။



ဟယ်လင်ကဲလားသည် နားမကြားသော်လည်း တူရိယာဂီတ၏အသံကို အာရုံဖြင့်ခံစားနိုင်အောင်ကြိုးစားခဲ့၏။ စကားမပြောတတ်သော်လည်း သူသည် သူတစ်ပါးပြောသည်ကို မိမိနားလည်အောင်ကြိုးစား၍ မိမိပြောလိုသည်များကိုလည်းသူတစ်ပါးသိအောင် အားထုတ်ခဲ့သည်။

ဟယ်လင်ကဲလားသည် ကျန်းမာရေးကိုလိုက်စား၍ ကျန်းမာအောင်နေထိုင်ခဲ့၏။ သူသည် မျက်မမြင်၊ နားမကြား၊ ဆွံ့အနေသောဘဝဖြင့် စာအုပ်များရေးသားပြုစုကာ ဒေါက်တာဟယ်လင်ကဲလား ဘဝကိုရယူခဲ့၏။

ဟယ်လင်ကဲလား၏ကြိုးပမ်းမှုကား ဤကမ္ဘာမြေတစ်ခွင် တွင်တကယ့်ပြိုင်စံရှားသည့် နှစ်ဦးမရှိသော၊ တစ်ဦးတည်း သာကြိုးစားနိုင်သောအားထုတ်မှုမျိုးဖြစ်ပါ၏။

ဟယ်လင်ကဲလားကဲ့သို့သော ပုဂ္ဂိုလ်က စာအုပ်များရေးသား၍ ဒေါက်တာဘွဲ့ယူခဲ့သည်ဆိုပါက "ကျုပ်တော့ စာအုပ်တစ်အုပ်ရေးချင်တာဗျာ၊ မအားတာနဲ့မရေးဖြစ်ပါဘူး။ စာရေးရတာက ခက်သားဗျ" ဟု ဆင်ခြေပေးတတ်သူများအတွက် ဟယ်လင်ကဲလားထံမှ အနံ့အသက်ကလေး အနည်းငယ်ကိုယူလျှင်ပင် စာအုပ်တစ်အုပ်ဖြစ်နိုင်သည်ဟု ယူဆရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်များလိုက်တာ၊ စာရေးဖို့တစ်မိနစ်၊ တစ်နာရီ တောင် မရပါဘူးဟု ဆင်ခြေပေးသူများအတွက် ကျွန်တော်သည် ဒေါက်တာဆင်မြူရယ်စမိုင်းနှင့် မိတ်ဆက်ပေးလိုပါ၏။ ဆင်မြူရယ် စမိုင်းသည် ကြီးပွားချမ်းသာရေးကျမ်းအမြောက်အမြားကို ပြုစုခဲ့၏။ သူသည်လူကြိုက်များလှသော သူ၏မြောက်မြားစွာသော ကြီးပွား တိုးတက်ရေးကျမ်းများကို တစ်မိနစ်၊ တစ်နာရီ ရရှိသော အချိန် ကလေးများအတွင်း ကြိုးစား၍ရေးသားခဲ့၏။ သူသည် အချိန်မရှိပါ ဘူးဗျာလို့ ဆင်ခြေပေးသောစကားများပြောတတ်ခဲ့ပါလျှင် သူ၏ ကြီးပွားချမ်းသာရေးကျမ်း စာအုပ်တစ်အုပ်မျှပင် ထွက်လာစရာ အကြောင်းမရှိပါ။

ဆင်မြူရယ်စမိုင်းသည် အချိန်ကိုအတော်ကြီး လေးလေး စားစားရှိခဲ့၍ ရသမျှအချိန်ကို ထိရောက်စွာ အသုံးပြုခဲ့၏။

အောင်ပွဲကို ရယူလိုသောလူသည် ကိုယ်နှုတ်နှလုံး သုံးပါး စလုံးကို ဖွဲ၊ လုံ့လ၊ ဝီရိယတို့နှင့် ဂဟေဆက်သလို ဆက်ထား ရမည်ဖြစ်၏။

## အခန်း – ၁၄

## ဈေးကုန်းကျောင်း၏ ဝီရိယသွမ်းပကား

ဤစာအုပ်ကို ရေးသားနေစဉ် ရွှေစက်တော်ဆရာတော် အရှင်တေဇောဘာသက ဒကာကြီး ပျဉ်းမနားမြို့တွင် မဟာ ဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ကြီး၏ အနှစ်ငါးဆယ်ပြည့် ရွှေရတုသဘင်ပွဲတော်ကြီးရှိသည်။ ထိုပွဲတော်ကြီးတွင် ဒကာကြီး တစ်ညလာရောက် ဟောပြောပါဟုမိန့်ဆိုပါ၏။

"အရှင်ဘုရား၊ တပည့်တော် ဘာဟောရမည်နည်း။ ဘယ် ပရိသတ်ကို ဟောရမည်နည်း" ဟုပြန်လျှောက်သော် ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



က ဒကာကြီး ဗုဒ္ဓဓမ္မတာပေ ဟောလိုတာဟောပါ၊ ရဟန်းပရိသတ်၊ လူပရိသတ်ပါရှိမည် ဟုဆိုလေရာ "တပည့်တော် ပြောလိုရာ ပြော ဆိုပါက သာသနာတည်တံ့ခိုင်မြဲရေးအတွက် ဒကာ ဒကာမ ချမ်းသာရန်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။ နိုင်ငံ ဆင်းရဲ ဒကာ ဒကာမတို့မွဲပါက ကိုးကွယ်သော သာသနာအမွေနှ ရှည်စွာ တည်တံ့ရေးသည် ခဲယဉ်းလှပါသည်။ ဒကာ ဒကာမတို့ ချမ်းသာ ပြည့်စုံရေးတွင် ဆရာတော် သံဃာတော်တို့က ဒကာ ဒကာမများ စီးပွားရေးပြေလည်မှုတွင် ပညာရေး၊ ယဉ်ကျေးမှုနှင့် အချို့သော လူမှုရေးတာဝန်များကို ဦးဆောင်မှုပေးရန်လိုကြောင်း ဒုက္ခရောက်ရှိ နေသော ဗုဒ္ဓဘာသာဝင်တို့အား သံဃာတော်၊ ဆရာတော်တို့က ကယ်ဆယ် စောင်မကြည့်ရှုသည့် လုပ်ငန်းများ လိုအပ်ကြောင်း၊ ကိစ္စများကို ပြောကြားလိုပါသည်" ဟု ဆိုသောအခါ ဆရာတော် က ရပါသည်ဒကာကြီး၊ ဤအကြောင်းသည် သင့်မြတ်ပါသည်၊ ပြောနိုင်ပါသည်ဟုဆို၍ ကျွန်တော်သည် ပျဉ်းမနားသို့ သွားရောက် ခဲ့ပါ၏။

ပျဉ်းမနားသို့ ရောက်သော် ဈေးကုန်းကျောင်းမှ ကြိုဆို ဧည့်ခံရေးအဖွဲ့က လာရောက်ကြိုဆိုကာ မဟာဝိသုတာရာမဈေးကုန်း ကျောင်းတိုက်ကြီးသို့ ခေါ်ဆောင်သွားပါ၏။ ဝိသုတာရာမကျောင်း တိုက်ကြီးအတွင်းသို့ ရောက်သော် ဇရပ် ကျောင်းတိုက်ကြီး



တစ်တိုက် ဖြစ်နေသည်ကို တွေ့ရ၏။ ပျဉ်းမနားမြို့ မဟာဝိသုတာ ရာမ ဈေးကုန်းကျောင်းဆရာတော်ကြီးအား ဆုံတွေ့ဖူးမြော်ရသော အခါ ထိုခဏ၌ပင် ဆရာတော်ကြီး၏ စွမ်းပကားကို စတင်တွေ့ရှိ ရပါ၏။ ဆရာတော်ကြီးသည် မည်သည့်အရာကိုမဆို မိမိကိုယ် တိုင်လုပ်ဆောင်၍ ယခုထိ ကိုယ်တော်တိုင် ဆွမ်းခံကြွရောက် တော်မူသည်ကို တွေ့ခဲ့ရ၏။ ကျွန်တော်သည် ထိုခရီးတွင် မိမိ ပြောဟောရမည့် ဘာသာရပ်ထက် ဆရာတော်ကြီး၏ ဝီရိယ စွမ်းအားကို ပို၍စိတ်ဝင်စားကာ ဆရာတော်ကြီး၏ ဘဝကြိုးပမ်းမှု များကို မှတ်တမ်းတင်ခဲ့ကာ ဆရာတော်ကြီး၏ အားထုတ်မှု စွမ်းပကားကိုလည်း ကိုယ်တွေ့ကြုံခဲ့ရပါ၏။

မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်သည် ရှေးအခါက နာမည်ကျော် ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်၏ တိုက်ခွဲ အဖြစ် ထင်ရှားကျော်ကြားခဲ့၏။ ဤကျောင်းတိုက်ကြီးကို စတင် ပန္နက်ချခဲ့သူမှာ ဓမ္မဘေရီရွှေဗဟိုစည် ဆရာတော် ဘဒ္ဒန္တ ကောသလ္လ ပင်ဖြစ်ပါ၏။ "အောင်စည်တီးလျှင် ဈေးကုန်းဝင် စာသင် စာချသည်" ဟူသောစကားနှင့်အညီ ဆရာတော်ကြီး ဘဒ္ဒန္တကောသလ္လသည် ၁၃၀၄ ခုတွင် ဈေးကုန်းကျောင်းတိုက်သို့ ဝင်၍ စာချပါ၏။

www.burmeseclassic.com

www.burmeseclassic.com




ဆရာတော်ကြီး ဘဒ္ဒန္တကောသလ္လသည် ဈေးကုန်းကျောင်းတိုက်ကြီးအား စာသင်တိုက်ကြီးတစ်ခုအဖြစ် အခြေချခဲ့၏။ ဆရာတော်ကြီးသည် ၁၃၄၄ ခုနှစ်တွင် ပျံလွန်တော်မူခဲ့၏။ ထိုအချိန်တွင် ဤကျောင်းတိုက်ကြီး၌ ဆရာတော်ဦးကဝိသာရ၊ တံခွန်တိုင်ကျောင်းဆရာတော် ဦးတေဇနိယ၊ ဦးဓမ္မသာရ အစရှိသော ဆရာတော်ကြီးများ အနီးကပ် ကျန်ရစ်ခဲ့ပါ၏။

ဆရာတော် ဦးကဝိသာရသည် ဈေးကုန်းစာသင်တိုက်ကြီး၏ သာသနာ့တာဝန်များကို ပခုံးပြောင်း၍ တာဝန်ယူခဲ့ရ၏။ တကယ်တော့ ဆရာတော် ဘဒ္ဒန္တကဝိသာရ တာဝန်ယူခဲ့ရသော တာဝန်ကား မသေးငယ်လှပေ။ ထို့အပြင် မိဘဆရာသမားတို့လက်ထက်က တည်ဆောက်မှု၊ ထူထောင်မှုတို့သည် တပည့် သားသမီးလက်ထက်တွင် တည်တံ့အောင် ဆက်လက် မထိန်းသိမ်းနိုင်ဘဲ ပျက်သုဉ်းတိမ်ကောကြသည်က များပါ၏။

ဆရာတော်သည် ဘဒ္ဒန္တကဝိသာရသည် မိမိတာဝန်ယူသောအခါ ဆရာတော်ကြီး ဘဒ္ဒန္တကောသလ္လ၏ ကျေးဇူးတရားများကို အစဉ်မပြတ် အောက်မေ့လျက် ဤစာသင်တိုက်ကြီးအား ပထမ ဆက်လက်တည်တံ့ရန်၊ ဒုတိယ အောင်မြင်တိုးတက် စည်ကားရန် ကြိုးပမ်းခဲ့၏။





ဈေးကုန်းကျောင်းတိုက်ကြီးအား ပခုံးပြောင်းတာဝန်ယူခဲ့သူ ဆရာတော် ဘဒ္ဒန္တ ကဝိသာရ

www.burmeseclassic.com



ဆရာတော်ကြီး ဘဒ္ဒန္တကဝိသာရက ဈေးကုန်းကျောင်းတိုက်ကြီး ၏တာဝန်ကို လက်ခံလွှဲပြောင်းယူစဉ်က အခက်အခဲများရှိ၏။ ဤ ကျောင်းတိုက်ဝင်းအတွင်း၌ အချို့သောကျောင်းတိုက်များက သွပ်မိုး၊ ထရံကာဖြစ်၍ အချို့မှာ သက်ကယ်မိုး အဆောင့်များသာရှိ၏။ စာသင် တိုက်ကြီးတစ်ခု ထည်ထည်ဝါဝါဖြစ်ဖို့ရာတွင် သင်ကြားရေးသည် အထူးလိုအပ်သကဲ့သို့ စာသင်သားများ နေရေးထိုင်ရေး၊ ဆွမ်းကွမ်း ပြည့်စုံရေးကိစ္စရပ်တို့မှာလည်း အလွန်မှ အရေးကြီးလှ၏။

ဆရာတော်ဘဒ္ဒန္တကဝိသာရသည် ငယ်စဉ်ကစာသင်သားဘဝ၌ သက်ကယ်မိုး၊ ထရံကာ၊ ဝါးခင်းသောကျောင်းတွင် စာသင် စာအံခဲ့စဉ်ကပင် အကယ်၍ မိမိသည် စာသင်တိုက်ကြီးတစ်ခုအား ဦးစီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လာရပါက စာသင်သားတို့အား တိုက်ကြီးများပေါ်တင်၍ စာပေလေ့ကျင့်သင်အံစေရမည် ဟူသော ရည်မှန်းချက်ရှိခဲ့၏။

ထို့ကြောင့် ဝိသုတာရာမ၏ တာဝန်ကို ယူလာရသောအခါ ဆရာတော် ဘဒ္ဒန္တကဝိသာရသည် စာသင်သံဃာတော်များ ဆွမ်းကွမ်း၊ သင်္ကန်းမှအစလိုအပ်သည်များ ပြည့်စုံရုံသာမက စာသင်သား သံဃာတော်များ တိုက်ကြီးတာကြီးများနှင့် အေးချမ်းစွာ စာသင် ကြားရန်ကိုပါ ကြိုးစားခဲ့၏။



ဆရာတော်သည် မည်သည့်ကိစ္စကိုမဆို မိမိကိုယ်တိုင် ပထမ လုပ်ကြည့်၏။ မိမိလုပ်နိုင်ကိုင်နိုင်မှ တခြားသူကို လုပ်ကိုင်စေ၏။ မိမိလိုက်နာနိုင်သောစည်းကမ်းများကိုသာ ကျောင်းတိုက်စည်းကမ်း အဖြစ် ထုတ်ပြန်၏။ ဆရာတော်သည် ကိုယ်တိုင်ဆွမ်းခံထွက်၍ နေမကောင်း၊ ထိုင်မသာရှိသော စာသင်သားရဟန်းများရှိပါက မိမိ ခံယူရရှိသော ဆွမ်းကိုပို့၍ ဘုဉ်းပေးစေ၏။ သို့မဟုတ် သီးသန့် ချက်ပြုတ်ကာ သုံးဆောင်စေ၏။

ဆရာတော်ကြီးသည် မိမိဈေးကုန်းကျောင်းတိုက်အား စတင် တာဝန်ယူရရှိချိန်တွင် ဝါဆိုသံဃာ ၁၄၂ ပါးရှိခဲ့၏။ ထိုသံဃာများ သင်္ကန်းပရိက္ခရာပြည့်စုံရေးအတွက် ဆရာတော်သည် ပထမ ကြိုးစား၏။ နှစ်စဉ်သံဃာတော်များအား သင်္ကန်းတစ်စုံစီဆက်ကပ် နိုင်ရန်ဆောင်ရွက်တော်မူ၏။

ထို့နောက် ဆရာတော်သည် ၁၀ နှစ်တာကာလအတွင်း ဗုဒ္ဓဝင်ပန်းချီပန်းပုပြတိုက်ကြီးတစ်ခု၊ ဗုဒ္ဓဝင်ပြခန်းကြီးတစ်ခု၊ မဟာ ဗောဓိစေတီတော်ကြီး၊ သံဃာ့ရုံသီနှစ်ထပ် ကျောင်းတိုက်တစ်တိုက်၊ ဇီဝိတဒါနသံဃာ့ဆေးရုံတစ်ရုံ၊ သာသနဝုပ်သုံးထပ်တိုက်ကျောင်းကြီး တစ်ကျောင်း၊ မေတ္တာရုံသီတိုက်ကျောင်းကြီးတို့ကို ဆောက်လုပ် ကာ စာသင်ကြားနည်းစနစ်များကို တိုးတက်မွမ်းမံပြီး သံဃာ

www.burmeseclassic.com

www.burmeseclassic.com



တော် ၃၀၀ ကျော်တို့အား ကျောင်းတွင်လက်ခံ၍ စာသင်ကြား ခဲ့၏။ ဆရာတော်သည် ၁၀ နှစ်တာကာလအတွင်း တည်ဆောက် မှုများကို ပိုပြင်စွာဆောင်ရွက်ခဲ့ပြီး ကျောင်းတော်ကြီး၏ ရွှေရတု သဘင်ကြီးကိုလည်း ဆင်နွှဲခဲ့ပါ၏။ ဆရာတော်သည် သက်ကယ် မိုး ထရံကာကျောင်းများကို ၁၀ နှစ်အတွင်းဖြိုချ၍ ကွန်ကရစ် တိုက် ကြီးများကို တည်ဆောက်ကာ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဇေယျာမ ကျော်ကြားသော စာသင်တိုက်ကြီးကို မိမိ၏ ဝီရိယ စွမ်းအားဖြင့် ဆောင်ရွက်တည်ဆောက်ခဲ့၏။

မဟာဝိသုတာရာမကျောင်းတိုက်တွင် ဆရာတော်ကြီးမှ အ အားလုံးသည် နံနက်လေးနာရီမှစ၍ မေတ္တာပွားအမျှဝေကာ ဆွမ်း ကြွခြင်း၊ စာချခြင်း၊ စာပြန်ခြင်း၊ ဘုရားဝတ်ပြုခြင်း၊ ဩဝါဒခံယူခြင်း တို့ကို ည ၁၀ နာရီအထိ အချိန်ပြည့် လုပ်ဆောင်ကြ၏။

မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ကြီးသည် ဆယ်နှ တာဟူသော တိုတောင်းလှသည့် ကာလအတွင်း မြန်မာနိုင်ငံ ထိပ်တန်းစာသင်တိုက်ကြီး တစ်တိုက်အဖြစ်သို့ ရောက်ရှိခဲ့ ဆယ်နှစ်တာ ကာလအတွင်း ဤကျောင်းတိုက်ကြီးမှ သံ အကျော်အမော် များစွာကိုလည်း မွေးထုတ်ခဲ့ပါ၏။



ထို့ကြောင့်လည်း ဆရာတော်ကြီးအား ပြည်ထောင်စု မြန်မာ နိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့က **အဂ္ဂမဟာဝါစကပဏ္ဍိတ** ဟူသောဘွဲ့တော်ကို ဆက်ကပ် လှူဒါန်း ခဲ့သည်။ ဆရာတော် ဘဒ္ဒန္တကဝိသာရသည် တိုတောင်းလှသော အချိန်အတွင်း သက်ကယ်မိုး၊ ဝါးကပ်မိုး၊ ထရံကာ စာသင်ကျောင်းမှ သုံးထပ်တိုက် စာသင်ကျောင်းကြီးများ၊ နာရီစင်ကြီးများနှင့် ရေတွင်း ရေကန်တို့ဖြင့် တင့်တယ်ပြည့်စုံသော စာသင်တိုက်ကြီး ဖြစ်ပေါ်လာအောင် ဆရာတော်သည် ကြီးမားသော ဖွဲ၊ လုံ့လ၊ အားထုတ်မှုတို့ကို ရှေ့တန်းတင်၍ လုပ်ဆောင်ခဲ့သည်။ ဆရာတော် ၏ ဖွဲ၊ လုံ့လ၊ ဝီရိယတို့သည် ဘုရားသာသနာတော်ကြီးအဓွန့် ရှည်စွာ တည်တံ့ရေးအတွက် အထောက်အကူပြုခဲ့ပါ၏။

ဤကဲ့သို့သော သာသနာ့တာဝန်ကို ကျေပွန်စွာထမ်းဆောင် နေသော ဆရာတော်ဘဒ္ဒန္တကဝိသာရသည် လယ်ဝေးမြို့ သာဝတ္ထိ တိုက်နယ်၊ တံတားကြီး ကျေးရွာမှ ခမည်းတော် ဦးအောင်မြင်၊ မယ်တော် ဒေါ်ညီမ တို့၏ သားရတနာဖြစ်၏။ ဆရာတော်သည် ၁၀ နှစ်သားအရွယ်တွင် သာဝတ္ထိတိုက်နယ် လက်ပံတန်းကျောင်း ဆရာတော် ဦးပညာသီဟထံတွင် ရှင်သာမဏေ အဖြစ်ကိုခံယူ၍ စာပေပရိယတ္တိတို့ကို သင်ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် လက်ပံတန်းကျောင်းတွင် ပညာသင်ကြားပြီး ထိုကျောင်း၌ပင် ဓမ္မဘောဂီရွှေဗဟိုစည် ဆရာတော်ကြီးဦးကောသလ္လနှင့်တွေ့ဆုံကာဆရာတော်ကြီးထံတွင် ပညာဆက်လက်သင်ကြား၏။ ဆရာတော်ကြီးနှင့်အတူ ပျဉ်းမနားမြို့ဈေးကုန်းကျောင်းသို့ ရောက်ရှိကာ ဗုဒ္ဓဘာသာစာပေများကို ဆက်လက်သင်ကြား၏။ ဆရာတော်သည် ပစ္စက္ခုစာချနည်းကို ကောင်းစွာပိုင်ပိုင်ရယူနိုင်ခဲ့၍ ကဗျာ၊ လင်္ကာ၊ ဒွေးချိုး၊ လေးချိုး၊ ယိုးဒယား၊ ပတ်ပျိုး၊ ကြိုးသီချင်းများကို ကျွမ်းကျင်လိမ္မာစွာ တတ်မြောက်၏။ ဆရာတော်သည် မြန်မာပေစာလောက၌ပင် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာတို့ကို ရေးသားခဲ့၏။

သာမန်အားဖြင့်ဆိုပါက ဆရာတော် ဘဒ္ဒန္တ ကဝိသာရသည် အများနည်းတူ စာသင်သား တစ်ဦးသာဖြစ်၏။ ဆရာတော်ကြီးသည် ဇွဲ၊ လုံ့လ၊ ဝီရိယကိုရှေ့ထား၍၊ မဖြစ်မနေ ဆောင်ရွက်လိုသော စိတ်ဓာတ်ကြောင့် မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ကြီးသည် ငွားငွား စွင့်စွင့် တင့်တင့် တယ်တယ် ပေါ်ပေါက်လာခြင်း ဖြစ်၏။

ဆရာတော်ကဲ့သို့ မဆုတ်မနစ်သော ဇွဲ၊ လုံ့လနှင့် အားထုတ်မှု ပြည့်စုံသော ဆရာတော်အပါး ၁၀၀ ရှိပါက ဈေးကုန်း ကျောင်းတိုက် တစ်ရာ ပေါ်ပေါက်လာမည်ဖြစ်ပါသတည်း။

## အခန်း – ၁၅

## လှသားတို့၏ ဝီရိယသမိုင်း

လှသားတို့၏ ဝီရိယသမိုင်းကား ရှည်လျားလှပါ၏။ ပြတင်းပေါက်ကို ဖွင့်လိုက်လျှင်တွေ့ရသော လျှပ်စစ်မီးတိုင်များ၊ ကတ္တရာလမ်းမကြီးနှင့် စပါးများမှည့်ဝင်းနေသော စပါးခင်းကြီးများ၊ ခုတ်မောင်းသွားသော မီးရထားနှင့် ကောင်းကင်၌ ပျံနေသော လေယာဉ်ပျံကြီးများအပါအဝင် သင့်ကိုယ်သင် ငုံ့ကြည့်လိုက်ပါက သင်ဝတ်ထားသော အဝတ်အစား၊ နာရီ၊ မျက်မှန်၊ ဦးထုပ်မှအစ မနေ့ညက ကြည့်ခဲ့သောရုပ်ရှင်၊ တစ်နေ့ကမြင်ခဲ့ရသော မော်တော်

www.burmeseclassic.com





လုံလ ဝီရိယ စွမ်းအားဖြင့် မြန်မာ့စာတ်သဘင်
လောက၏ ထိပ်ဆုံးသို့ ရောက်ခဲ့သော ဂရိတ်ဦးဖိုးစိန်

ကားတစ်စီး အပါအဝင် ထူးဆန်းအံ့သြဖွယ်ပစ္စည်းအမျိုးမျိုးတို့နှင့် နောက်ဆုံးပေါ် ကွန်ပျူတာများ၊ စက်ပစ္စည်းများ အားလုံးတို့သည် လူသားတို့၏ အားထုတ်မှု၊ လုံ့လ၊ ဝီရိယစွမ်းပကားမှ ပေါ်ထွက်လာသော ပစ္စည်းများချည်း ဖြစ်ပါ၏။



ယနေ့ လူတို့သုံးဆောင်နေသော ပစ္စည်းများထဲတွင် ဉာဏ်ပွ ဟူ၍ မန်းမှုတ်ရုံဖြင့်ထွက်ပေါ်လာသော ပစ္စည်းတစ်ခုမျှမရှိသေးပါ။

တီဗွီ၊ ရုပ်ရှင်ပြစက်၊ အသံချဲစက်၊ ဂဏန်းပေါင်းစက် အပါ အဝင် ပစ္စည်း ၂၅၀၀ ကျော်ကို အယ်ဒီဆင် ကဲ့သို့သော ပုဂ္ဂိုလ် ကြီးက တစ်ဦးတည်းတီထွင်ခဲ့၏။ သူတစ်ဦးတည်း တီထွင်ခဲ့သော၊ ရှာဖွေခဲ့သော စက်မှုပစ္စည်းများကို လူသန်းပေါင်း ၅၀၀၀ ကျော် ၆၀၀၀ ကျော်တို့က အသာတကြည် ယူငင်သုံးစွဲခဲ့ကြ၏။

အယ်ဒီဆင်သည် ငယ်စဉ်က မီးရထားစက်ခေါင်း ဆရာက နားရင်းအုပ်ခံခဲ့ရ၍ နားထိုင်းသော ကလေးတစ်ဦးဖြစ်၏။ သူသည် ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်နေသည့်အချိန်၌ပင် တစ်နေ့တွင် ၁၆ နာရီမှ ၁၈ နာရီအထိ အလုပ်လုပ်၏။


ပညာရှင်အမြောက်အမြားသည် သူ့လမ်းကြောင်းကို သူတွင် ၍ အားထုတ်ခဲ့ကြသူတွေချည်းဖြစ်၏။ အားထုတ်မှု မရှိဘဲ ဂီတ သမားသည်လည်း သံစဉ်တစ်ခု အကြောင်းမဲ့ရမလာသလို ကဗျာ ဆရာသည်လည်း ကာရံတစ်ခုကို အကြောင်းမဲ့ ရမလာ။

ကမ္ဘာကြီး၏ ဆွဲငင်အားနှင့် နေလတို့၏ လှည့်ပတ်ပုံကို တွေ့ရှိခဲ့သော အိုင်ဇက်နယူတန်သည် မြေပိုင်ရှင်လေးတစ်ဦး၏သား

www.burmeseclassic.com

www.burmeseclassic.com





သံလိုက်ဖြင့် လျှပ်စစ်ဓာတ်စီးကြောင်းဖြစ်ပေါ်လာအောင်
ညှို့ယူခြင်းကို စတင်တွေ့ခဲ့သူ မိုက်ကယ်ဖာရဒေး



ဖြစ်၏။ ငယ်စဉ်က ဖခင်ဆုံးပါးသွားခဲ့သောကြောင့် သူ့ဘဝ၏ တိုးတက်ရေးလမ်းကြောင်းကို သူ့ဟာသူရှာဖွေခဲ့၏။ သူသည် ဖတဆိုးဘဝဖြင့် ကြိုးစားအားထုတ်မှုကို အရင်းတည်ကာ သင်္ချာ ပါရဂူကြီးတစ်ဆူဖြစ်ခဲ့၏။ သူသည် ကမ္ဘာ့ဆွဲငင်အားနှင့် နေလတို့ လှည့်ပတ်နေပုံကိုသိရှိခဲ့ကာ သူ၏တွေ့ရှိချက်သည် တစ်ကမ္ဘာလုံး အား ပြောင်းလဲစေခဲ့၏။

လျှပ်စစ်ဓာတ်အားကို စတင်တွေ့ရှိခဲ့၍ ဒိုင်နမိုခေါ် ဓာတ်အား ပေးစက်ကို တီထွင်ခဲ့သူ မိုက်ကယ်ဖာရာဒေးသည် ပန်းပဲဆရာ တစ်ဦး၏သားသာလျှင် ဖြစ်၏။ သူ့မိသားစုသည် စီးပွားရေး မပြည့်စုံသောကြောင့် ၁၃ နှစ်သားတွင် ကျောင်းမှထွက်ကာ အလုပ်လုပ်ကိုင်ခဲ့ရ၏။ သို့သော် မိုက်ကယ်ဖာရာဒေးသည် အရာ ရာကို အလွယ်နှင့်လက်လျှော့သူမဟုတ်ရကား သူသည် ခွဲ၊လုံ့လကို အရင်းတည်ကာ သိပ္ပံပညာရှင်ကြီးတစ်ဦးအဖြစ်သို့ ရောက်ရှိ အောင်ကြိုးပမ်းခဲ့၏။ သိပ္ပံပညာရှင်ကြီး ဖြစ်လာချိန်တွင်လည်း သူ သည် ခွဲ၊ လုံ့လကိုမလျှော့ဘဲ လျှပ်စစ်ဓာတ်အားကို ရှာဖွေတွေ့ရှိ အောင် ကြိုးပမ်းခဲ့ပါ၏။

ခွေးရူးရောဂါအား ကုသရန်ပိုးများကို စတင်တွေ့ရှိသူသည် သားရေနယ်သမားတစ်ဦး၏သားဖြစ်၏။ ပတ်စချာ၏ ဖခင်သည်

www.burmeseclassic.com

www.burmeseclassic.com



သားရေနယ်သမားဖြစ်၍ ပတ်စရာကမှ သားရေနယ်သမားဖြစ် မလာဘဲ ထင်ရှားသောသိပ္ပံပညာရှင်တစ်ဦး ဖြစ်လာ၏။

စက်မှုတီထွင်မှုလောကတွင် ရိုက်ညီနောင်ဟုဆိုပါက မသိသူ မရှိပေ။ ရိုက်ညီနောင်ဖြစ်သော အော်ဗာရိုက်နှင့် ဝေလဗာရိုက်တို့၏ လုံ့လ၊ ဝီရိယကား ချီးကျူးစံထားစရာဖြစ်၏။ ယခုခေတ်ကာလတွင် ဂျက်လေယာဉ်ပျံကြီးဖြင့် တစ်ကမ္ဘာလုံး အိမ်ဦးနှင့်ကြမ်းပြင် သွားလာနေကြသော်လည်း ဟိုခေတ် ဟိုအခါက ကောင်းကင်ဝယ် ငှက်ကဲ့သို့ပျံသန်းနိုင်သော လေယာဉ်ပျံကြီး တစ်ခုကို တီထွင်ရေး ကိစ္စမှာ စိတ်မကူးရဲသော အရာဖြစ်၏။ ရိုက်ညီအစ်ကိုသည် လွန်ခဲ့သော အနှစ် ၉၀ က အမေရိကန်နိုင်ငံ မြောက်ပိုင်း ကာရိုလိုင်းနားတွင် စက်တပ်လေယာဉ်ကို အောင်မြင်စွာ တီထွင် ၍ ပျံသန်းပြသခဲ့ပါ၏။ ယနေ့ကမ္ဘာ့လေဆိပ်ကြီးများတွင် ဥဒဟိုဆင်းတက်နေ၍ လေယာဉ်မရှိလျှင်ပင် မနေတတ်တော့ပြီဖြစ်၏။ ရိုက်ညီနောင်သာ တီထွင်မှု၊ ကြိုးစားအားထုတ်မှုမရှိခဲ့ပါမူ လေယာဉ်သည် ယခုလောက် စောစော ပေါ်ခဲ့ချင်မှပေါ်မည် ဖြစ်၏။ ယခုမူလူတို့သည် လေယာဉ်ကိုထင်သလို သုံးနေကြပြီ ဖြစ်ရာ ရိုက်ညီနောင်၏ ဝီရိယစွမ်းပကားကို များစွာလေးစားဖွယ် ရာဖြစ်၏။





လေယာဉ်ခေတ်တိုးတက်ရေးအတွက် အားသွန်ကြိုးပမ်းခဲ့သူ
အမေရိကန်မှ ရိုက်ညီနောင်

ရိုက်ညီနောင်မှ လေယာဉ်ပျံ တီထွင်နိုင်သည် [illegible]တ်ပါ။ မည်သူမဆို ဝီရိယရှိသူတိုင်း ဘာမဆို တီထွင်နိုင်မည်သာဖြစ်၏။ ယနေ့ထက်တိုင် သဘာဝတရားကြီးသည် ကြိုးစားအားထုတ်လို

www.burmeseclassic.com



သောလူသားတို့အတွက် လေယာဉ်ပျံထက်လည်းကောင်း၊ လျှပ်စစ်ထက်လည်းကောင်း၊ ပိုမိုကြီးကျယ်သောအရာများကို ထုတ်ပေးရန် သိမ်းဆည်းထားသော ပစ္စည်းအများအပြားရှိဆဲဖြစ်သည်။ မည်သူသည်အားထုတ်ကြိုးစားမည်နည်း။ ထိုသူတို့အတွက် ကြီးကျယ်သောအရာများကို ထုတ်ပေးရန် သဘာဝတရားကြီးက စောင့်စားလျက်ရှိကြပါ၏။

ကင်ဆာကုသရာတွင် အသုံးပြုသော ရေဒီယမ်ဓါတ် ကို ရှာဖွေတွေ့ရှိသူ မဒမ်ကျူရီခေါ် ပိုလန်အမျိုးသမီးကြီးသည် ငယ်စဉ်က အင်မတန် ဆင်းရဲလှသူတစ်ဦးဖြစ်၏။ ဆင်းရဲလှသည့်အပြင် မလွတ်လပ်သောဘဝဖြင့် ပညာသင်ကြားခဲ့ရကာ ငယ်စဉ်ကချမ်းလွန်းသော်လည်း မီးဖိုရန် မီးသွေးမရှိ၍ အဝတ်ဟောင်းများကို ခြုံအိပ်ခဲ့ရသူဖြစ်၏။

မဒမ်ကျူရီသည် ယခုအခါ ထင်ရှားသော သိပ္ပံပညာရှင်အမျိုးသမီးကြီးအနေနှင့် နေရာတကာတွင် ဂုဏ်ပြုထားရှိသော်လည်း မဒမ်ကျူရီသည် အိမ်တစ်အိမ်တွင် အစေခံလည်းလုပ်ဖူး၏။ ဆရာမလည်းလုပ်ခဲ့ဖူး၏။ ဘဝအစုံတွင် ရုန်းကန်ရင်း တက္ကသိုလ်ပညာကို သင်ယူခဲ့ရ၏။ ပညာတတ်လာသောအခါ သူမသည် ဓာတ်ခွဲခန်းတွင် မနားမနေ စမ်းသပ်ရာ ရေဒီယမ်ဓာတ်ကို တွေ့ရှိ





ဆင်းဆင်းရဲရဲ ပညာကို သင်ခဲ့ရပြီး ရေဒီယမ်ဓာတ်ကို စမ်းသပ် တွေ့ရှိခဲ့သောနိုဗယ်ဆုရှင် မဒမ်ကျူရီ

ခဲ့ရ၏။ ထိုဓာတ်ကို တွေ့ရှိသဖြင့် မဒမ်ကျူရီသည် ရူပဗေဒဆိုင်ရာ နိုဗယ်ဆုကြီးကို အပ်နှင်းခြင်းခံခဲ့ရ၏။ မဒမ်ကျူရီ၏ အမည်သည် ကမ္ဘာမြေဝယ် ဘယ်သောအခါမှ ပျောက်ကွယ်သွားမည်မဟုတ်။

www.burmeseclassic.com



မဒမ်ကျူရီ နိုဗယ်ဆုကြီးကို ရရှိခြင်းသည် ဝယ်ယူ၍ရရှိခြင်း မဟုတ်ဘဲ ကြိုးစားအားထုတ်မှုမှ ရရှိခြင်းဖြစ်၏။

ယခုအခါ ပင်နီဆလင်ဆေးတောင့် ဆေးပြားများကို ပဲလှော်စားသလို စားနေကြ၍ ကိုယ်ပူလေးရှိ၊ အနာလေးပေါက်လို့မှ ပင်နီဆလင် ငါးသိန်းအားလောက်မထိုးပေးလျှင် လူနာတို့က သိပ်ကျေနပ်လှသည်မဟုတ်။ ပင်နီဆလင်သည် လူသား သန်းပေါင်းများစွာကို ကယ်တင်ခဲ့ပြီဖြစ်၏။ ပင်နီဆလင်သည် လူသားတို့အား အသက်အန္တရာယ်ပြုနေသော ရောဂါမျိုးစုံကို ရှေ့တန်းမှ တိုက်ဖျက်နေပါ၏။

ပင်နီဆလင်သည် မှိုတစ်မျိုးသာလျှင် ဖြစ်၏။

ပင်နီဆလင်ဆိုသောမှိုကို ဖလင်မင်သည် အလွယ်တကူ ရှာဖွေတွေ့ရှိခဲ့ခြင်းမဟုတ်။ သူသည် သွေးကိုအဆိပ်ဖြစ်စေသော ကြောက်မက်ဖွယ်ရောဂါများကိုပါ ဖြစ်စေတတ်သော စတက်ခေါ်ပိုးကို သုတေသနပြုရာမှ ထိုပိုးအား သုတ်သင်နိုင်သည့်ဆေးကိုရှာဖွေတွေ့ရှိခဲ့၏။ ထိုပိုးကို မွေး၍ အမျိုးမျိုးသောနည်းတို့ဖြင့် သေကြေပျက်စီးအောင် စမ်းသပ်ရာနည်းလမ်းကို ရှာမရဘဲဖြစ်၏။ တစ်နေ့တွင် ထိုပိုးရှိသောသွေးထဲသို့ ပိုးသတ်ဆေးများကို ထည့်ကြည့်ရာ





ပင်နီဆလင်ဆေးကိုစတင်တီထွင်သူ ဆာအယ်လက်ဇန္ဒားဖလင်မင်း

ပိုးများရော သွေးနီဥများပါ ပျက်စီးကုန်၍ ထိုနည်းကို လက်လျှော့ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖလင်မင်သည် ထိုပိုးကိုသေစေနိုင်သော ပစ္စည်းများအား မရှေ့ဂျာသောဓွဲနှင့်ရှာဖွေရာ တစ်နေ့တွင် အစားအသောက်များ၌ ကပ်သောမှိုတစ်မျိုးကို သုတေသနပြုရာ မှန်ချပ်ပေါ်တွင် ကပ်နေ၍ အနီး ရှိ ပိုးမွှားများ မလှုပ်မယှက်ဖြစ်နေသည်ကို တွေ့သော အခါ ထူးတော့ထူးဆန်းသည်ဟု မှတ်သားထားခဲ့၏။ ထိုမှိုကြောင့် ပိုးသေသည်ဟူသောအချက်ကို မစဉ်းစားခဲ့မိဘဲရှိ၏။

ထို့ကြောင့် ဖလင်မင်သည် ဆက်၍သုတေသနပြုရာ နောက်ဆုံး ထိုမှိုသည် ရောဂါပိုးကို သေနိုင်သည်ဟုသိရှိရပြီး ထိုမှိုကိုလည်း ပင်နီဆလင်ဟုအမည်ပေးခဲ့၏။ ဒေါက်တာဖလင်မင် သည် မိမိ၏တွေ့ရှိချက်များကို ဆေးပညာဂျာနယ်များတွင်တင်ပြရာ မည်သူမျှ သိပ်စိတ်မဝင်စားဘဲရှိခဲ့၏။ ဒေါက်တာဖလင်မင်ကမူ အားပေးမည့်သူမရှိသည့်တိုင် စိတ်ပျက်အားငယ်မသွားဘဲ သူ့သည် ဆက်၍ကြိုးစား၏။ ပင်နီဆလင်မှိုများကို ဆက်လက်မွေးမြူသည့် နည်းလမ်းများကိုရှာဖွေခဲ့၏။ ဒေါက်တာဖလင်မင်သည် မိမိလုပ်ငန်း ကို ဆက်လက်သုတေသနပြုရာ ဒေါက်တာစထရစ်ဆိုသူ ဆရာဝန် တစ်ဦးက စိတ်ဝင်စား၍ လာရောက်ပူးပေါင်း၏။ ၁၉၃၅ ခုနှစ် တွင် ပိုးသတ်ဆေးအဖြစ်ကန့်ကိုအသုံးပြုလာသောအခါ ဒေါက်တာ ဖလင်မင်၏ပင်နီဆလင်ဆေးကို စိတ်ဝင်စားသူပို၍နည်းသွားပြန်၏။



သို့သော်လည်း ကန့်သည် ရောဂါတိုင်းကို မကုသနိုင် ကြောင်း တွေ့ရှိခဲ့ရပြန်ကာ ၁၉၄၀ ခုနှစ်သို့ရောက်မှပင် အောက် စဖို့တက္ကသိုလ်မှ သုတေသနပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဒေါက်တာ ဖလော်ရီက ဖလင်မင်၏ပင်နီဆလင်ကို လေ့လာရန် ဆုံးဖြတ်ပြီး သုတေသနပြုခဲ့ကြ၏။ ထိုပင်နီဆလင်သည် အစွမ်းထက်ကြောင်း သိရှိခဲ့ကြသော်လည်း ပင်နီဆလင်အများအပြားထုတ်ယူရန် အခက် အခဲရှိကြပြန်၏။ ထို့အပြင် အမေရိကန်လူမျိုး ဒေါက်တာ လက် စလီဖောနှင့် ရုရှားလူမျိုး ဒေါက်တာအားနက်ချိန်းတို့ကလည်း ပင်နီ ဆလင်ကိုဆက်လက်သုတေသနပြုခဲ့ကြရာ နောက်ဆုံးတွင် လူသား တို့သည် ပင်နီဆီလင်ဆေးအားရောဂါပိုးမွှားတို့ကို သုတ်သင်ရာတွင် အောင်မြင်စွာအသုံးပြုနိုင်ပြီး ယခုအခါ ပင်နီဆလင်သည် ကမ္ဘာ့ လူသားတို့၏ အသက်ကယ်ဆေးကြီးအဖြစ်ရပ်တည်လျက် ရှိပါ၏။

ပင်နီဆလင်ဆေးကို ရှာဖွေတွေ့ရှိမှုကြောင့် ဒေါက်တာ ဖလင်မင်နှင့် ဒေါက်တာဖလော်ရီတို့သည် ဆာဘွဲ့ရရှိခဲ့ပြီး ဖလင်မင် နှင့် ဖလော်ရီအပါအဝင် ဒေါက်တာအားနက်ချိန်းတို့သည်နိုဗယ်ဆု ချီးမြှင့်ခြင်းကို ခံခဲ့ရပါ၏။

ပင်နီဆလင်သမိုင်းတွင် ဒေါက်တာဖလင်မင်သာ အလွယ် တကူလက်လျှော့လိုက်ပါက ကမ္ဘာ့လူဦးရေသန်းပေါင်းများစွာသည်

www.burmeseclassic.com

www.burmeseclassic.com



ရောဂါပိုးတို့၏ဒဏ်ကို အလူးအလဲခံ ကာ အသက်ပေါင်းများစွာဆုံးရှုံးခဲ့ရပြီဖြစ်၏။ သို့သော် ဒေါက်တာဖလင်မင်၏ မလျှော့သောဇွဲကြောင့် ပင်နီဆလင်ဆေးသည် လူသားတို့အတွက် အသုံးဝင်သောဆေးတစ်ပါး၊ အစွမ်းထက်သောဆေးတစ်ပါး ဖြစ်ပေါ်ရပ်တည်ခဲ့ရာ ကျွန်တော်တို့သည် ပင်နီဆလင်ဟူသောအမည်ကိုကြားတိုင်း ဒေါက်တာဖလင်မင်၏ အားထုတ်မှုစွမ်းပကားကို သတိရကြရမည် ဖြစ်ပါ၏။

ကျွန်တော်သည် စာရေးနေရင်းမှ ညောင်းလာ၍ စားပွဲမှ ခေတ္တထလာသောအခါ အာလူးကြော်အထုပ်ကလေး သုံးထုပ်ကို ဇနီးဖြစ်သူက ဝယ်ယူ၍ချထားသည်ကိုတွေ့ရ၏။ ကျွန်တော်လည်း အာလူးကြော်တစ်ထုပ်ကို ဖောက်ကာစားကြည့်မိ၏။ အာလူးကြော်လေးများက ကြွပ်ကြွပ်ရွရွလေးရှိ၍ စားလို့ကောင်း၏။ ယခုအခါ လူတို့သည် အာလူးကိုမျိုးစုံလုပ်၍ သုံးလာကြ၏။ ဉရောပတိုက်သားတို့ကပို၍သုံးသည်။ ကျွန်တော်တို့သည် အာလူးဆနွင်းမကင်း၊ အာလူးကြော်၊ အာလူးမီးဖုတ် အမျိုးစုံလုပ်ကာစားကြ၏။ ဟင်းထဲတွင် အရောအနှောလုပ်ရာ၌ အာလူးသည် အများဆုံးအရောခံရသည့်အရာဖြစ်၏။ ဤစားကောင်းသော အာလူးမျိုးသစ်ကို တွေ့ရှိခဲ့သူသည် လူသာဗားဘင်ဆိုသူဖြစ်၏။ လူသာသည် တစ်နှစ်သားအရွယ်မှစ၍ အပင်လောကကို စိတ်ဝင်စားစွာဖြင့်လေ့လာခဲ့ရာ



တစ်ခါတစ်ရံ ရေကန်များတွင် ထမင်းမေ့ ဟင်းမေ့ထိုင်၍ သစ်ပင်များကို စူးစမ်းနေတတ်၏။

လူသာသည် သစ်ပင်၊ သီးပင်၊ ပန်းပင်တို့ကို မျိုးစပ်၍ ပိုမိုကောင်းမွန်သောသစ်ပင်များ၊ သီးပင်များ၊ ပန်းပင်မျိုးသစ်များကို ထုတ်လုပ်ပေးခဲ့ရာ သူထုတ်လုပ်ပေးသောအပင်ပေါင်း ၂၂၀ မျိုး ရှိ၏။

ထို့ကြောင့် ယခုအခါ စိုက်ပျိုးရေးလောက၌ မျိုးကောင်းမျိုးသန့်ဟူသည် ၁၁ နှစ်သားအရွယ် လူသာမှ ဆင်းသက်လာသောစကားတစ်ရပ်ဖြစ်၏။ ယနေ့စိုက်ပျိုးရေးသမားတို့သည် မည်သူမျှ မျိုးညံ့သောအပင်တို့ကိုမစိုက်ပျိုးတော့ဘဲ မျိုးကောင်းမျိုးသန့်အပင်များကိုသာစိုက်ပျိုးကြ၏။ ယနေ့ခေတ်ကာလတွင် အပင်များကိုပွင့်စေလိုသောအရောင်ကိုပွင့်စေ၏။ သီးစေချင်သော ဥတုရာသီတွင် သီးစေ၍ ချဉ်သောအသီးကို ချိုအောင်၊ ချိုသောအသီးကို ဆိမ့်အောင် အရသာအမျိုးမျိုး ဖန်တီးနိုင်မှုအားလုံးသည် ၁၁ နှစ်သား လူသာထံမှ ထွက်ရှိလာကြခြင်းဖြစ်ရာ ကြီးပွားတိုးတက်သူတို့၏သမိုင်းသည်ကား အားထုတ်မှုသမိုင်းပင်ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သူသည် ကြီးပွားလိုသနည်း။ ကြီးပွားလိုသူတိုင်း ဝီရိယစွမ်းပကားကို အားထုတ်၍ ကြိုးစားပါ၊ ကြိုးစားသည်နှင့်အမျှ အောင်မြင်မှုရရှိမည်ဖြစ်၏။

မကြိုးစားသူတို့အတွက် အောင်ပွဲဟူသည် နတ္ထိသာလျှင်ဖြစ်၏။ လုပ်ငန်းအောင်မြင်လိုသူတိုင်းသည် ထိုအလုပ်ပေါ်တွင် အာရုံစိုက်၍ ကြိုးပမ်းကြရမည်ဖြစ်၏။

ဤလောက၌ အားထုတ်မှုကင်း၍ ချမ်းသာသုခရနိုင်သော အရာသည်မရှိ။ လူ့ဘဝသို့ရောက်ရှိအောင် မိခင်၏ ဝမ်းဗိုက်ထဲမှ ရုန်းကန်၍သာ ရောက်လာရသောလူသားသည် သူ့ဘဝဆက်လက်ရပ်တည်အောင်ပွဲရရေးအတွက် ရုန်းကန်အားထုတ်ရ မည်ဖြစ်ပါ၏။

ချမ်းသာသူဖြစ်စေ၊ ဆင်းရဲသူဖြစ်စေ အားထုတ်သူတို့သည် အောင်ပွဲရမည်ဖြစ်ပါ၏။ အောင်ပွဲရမှုသည် ချမ်းသာမှု၊ ဆင်းရဲမှုနှင့်မဆိုင်။ ကြိုးစားမှု၊ လုံ့လ၊ ဝီရိယနှင့်သာဆိုင်ပေရာ ကျွန်တော်တို့နိုင်ငံကို တိုးတက်စေလိုပါသလား။ ထိုသို့ဆိုလျှင်မြန်မာ အမေများသည် လက်ဖတင်နှင့်ရိုဝင် လိုလူများ မွေးပေးကြရမည် ဖြစ်၏။

မြန်မာနိုင်ငံသည် သယံဇာတ ပေါများသော နိုင်ငံဖြစ်၏။ ယခုအခါ မိမိတွင်ရှိသော သယံဇာတကို အခြေခံ၍ နိုင်ငံတော်



ဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိကြ၏။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးအောင် ဆောင်ရွက်ရာတွင် မူဝါဒပေါ်လစီနှင့်အရင်းအနှီးကို ပေါင်းစပ်ရုံမျှဖြင့် နိုင်ငံမဖွံ့ဖြိုးနိုင်ပါ။ နိုင်ငံ၏ ဈေးကွက်စီးပွားရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုငွေကြေးပစ္စည်း စသည်တို့ကို အကောင်အထည်ဖော်ရန် လုပ်သားသည်လိုအပ်ပေရာ ထိုလုပ်သား၏စွမ်းပကားရှိသလောက်သာနိုင်ငံဖွံ့ဖြိုးမည်ဖြစ်ပါ၏။ နိုင်ငံတော်က ကျယ်ပြန့်စွာ တံခါးကိုဖွင့်၍ အကောင်းဆုံး သောမူဝါဒများကို ချပေးသည့်တိုင် အကောင်အထည်ဖော်သူတို့ ဝီရိယစွမ်းအား၊ အားထုတ်မှု၊ ကြိုးပမ်းမှုမရှိပါက ဖွင့်ထားသောတံခါးသည် မိမိထွက်ဖို့ရန်မဟုတ်ဘဲ သူတစ်ပါးဝင်လာဖို့သာ ဖြစ်နိုင်၏။

ယနေ့ နိုင်ငံကို ဖွံ့ဖြိုးအောင်ကြိုးပမ်းရာတွင် နိုင်ငံသား တို့၏ စိတ်ဓာတ်ဖွံ့ဖြိုးအောင်၊ ကြံ့ခိုင်အောင်၊ ဖွံ့ရှိအောင် ပျိုးထောင်ကြရမည်ဖြစ်ပါ၏။

ဤစာအုပ်သည် အောင်မြင်သူတို့၏ ဝီရိယကြိုးပမ်းမှု သမိုင်းမှ ကောက်နုတ်ချက် အချို့ဖြစ်ပါ၏။ ဤစာအုပ်ကို ဖတ်ရှု၍ လူငယ်တို့သည် မိမိ၏တက်လမ်းအတွက်လည်းကောင်း၊ အမိနိုင်ငံ ဖွံ့ဖြိုးရေးအတွက်လည်း မိမိတို့၏ သံချေးတက်နေသော ဝီရိယ၊ လုံ့လအားထုတ်မှုတို့ကို ပြောင်လက်လာအောင် တိုက်သုတ်ပစ်စေ

www.burmeseclassic.com



လိုသောစေတနာဆန္ဒရှိပါ၏။ လောကတွင် မည်သူမျှအားမထုတ်ဘဲ အောင်ပွဲကို မရနိုင်ပါ။

အားထုတ်မှုကင်းစွာဖြင့် ချမ်းသာသုခ၊ အောင်မြင်မှုသည် ဘယ်အရပ်တွင်မှာမှ မရနိုင်ပါ။

အားထုတ်မှုကင်း ရခြင်း ချမ်းသာ
ထိုနေရာများ ရှိကြားမှန်စွာ
သင်လည်း ထိုပဲသွားပါ
ငါကိုလည်း ထိုပဲပို့လိုက်ပါ။

www.burmeseclassic.com